စာပလွေစာစဉ် ၇

# မဟာဗုဒ္ဓဝင်

## ဦးသော်ဇင်

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် [၁၀၉၉]

စာပလွေဖြန့်ချိရေး
အခန်း ၇၊ တိုက် ၁၁၆
ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ။ ။ ပထမ အကြိမ်

ထုတ်ဝေနေ့စွဲ ။ ။ ၁၊ နိုဝင်ဘာ ၁၉၆၇။

ရိုက်နှိပ်စောင်ရေ ။ ။ ၃၀၀၀။

---

မျက်နှာဖုံး ။ ။ စံတိုး

ဘလောက် ။ ။ ဘသစ်အင်ဆန်း

အဖုံးရိုက် ။ ။ ကာလာမောင်မောင်လှ (၉၅ လမ်း)

စာအုပ်ချုပ် ။ ။ ညွန့်ညွန့်နှင့် မောင်များ

---

ဖြန့်ချိရေး

စာပလွေ စာအုပ်တိုက်

အခန်း ၇၊ တိုက် ၁၁၆

ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

---

ပုံနှိပ်သူနှင့် ထုတ်ဝေသူ

ဒေါ်သိန်းတင်(၀၂၈၆)၊ ဇေယျာဝတီစာပေတိုက်၊ ရွှေတိဂုံဘုရားကြီးဈေး ရန်ကုန်ကထုတ်ဝေ၍၊ မောင်ကိုဦး (၀၇၃၆) ကုမာရပုံနှိပ်တိုက်၊ (ပုဂံစာအုပ်တိုက် အဆောက်အဦ)၊ အမှတ် ၁၂၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က 'ကုမာရစက်' ဖြင့် တာဝန်ခံပုံနှိပ်သည်။

# မဟာဗုဒ္ဓဝင်

မဟာမှာ ကြီးမား ထူထဲ ဖောင်းပြခြင်းမဟုတ်ပါ၊ ကျစ်လစ်သိပ်သဲ နက်နဲ သိမ်မွေ့၍ မွန်မြတ်ခြင်းပင် ဖြစ်၏၊ နှစ်ကိုးတိုက်ရှစ်ဆူသော ဗုဒ္ဓတို့၏ သမိုင်းကို ဂေါတမ ဗုဒ္ဓကိုယ်တိုင် ဟောကြားချက်သက်သက်ဖြစ်၍ ဘယ်မျှလေးနက်မည်နည်း၊ ဗုဒ္ဓ၏ ဗုဒ္ဓပုံကို ပကတိအတိုင်း မြင်ရမည်။ နိဒါန်းမှာမူ ဘာသာပြန်သူက ဗုဒ္ဓဝင်သုတေသနကို အလှခြယ်မှုန်းပြီး အနာဂတ် မြန်မာစာပေသမိုင်းကို ညွှန်းဆိုလျက် ဂါထာခြောက်ဆယ်ကို ကဗျာသွယ်ထားလေသည်။

ဗုဒ္ဓကို မူရင်းအတိုင်း ဖူးတွေ့လိုသော်ငြား၊ ခွဲျထွင်ခြင်းတို့ကို စူးစမ်းလိုသော်ငြား၊ ကိုယ်တိုင် သူချွန်လူမွန် ဖြစ်လိုသော်ငြား၊ စိတ်ကြည်နူးမှု ဖြစ်လိုသေါငြား၊ မြန်မာကဗျာသစ်ကို စိစစ်လိုသော်ငြား .... .... ....

# မာတိကာ

## နိဒါန်း


၁။ သိဒ္ဓတ္ထ .... .... ၁၁
၂။ ဗုဒ္ဓ ဒူတ .... .... ၃၅
၃။ ဂါထာ ခြောက်ဆယ် .... .... ၄၁
၄။ မူလ ဗုဒ္ဓဝင် .... .... ၅၂


## မဟာဗုဒ္ဓဝင်


၅။ ရတနာ့စင်္ကြံ .... .... ၆၁
၆။ သုမေဓာ ရှင်ရသေ့ .... .... ၇၃
၇။ ဒီပင်္ကရာ .... .... ၉၈
၈။ ကောဏ္ဍည .... .... ၁၀၃
၉။ မင်္ဂလ .... .... ၁၀၉
၁၀။ သုမန .... .... ၁၁၄
၁၁။ ရေဝတ .... .... ၁၁၉
၁၂။ သောဘိတ .... .... ၁၂၃
၁၃။ အနောမ ဒဿီ .... .... ၁၂၅

## မာတိကာ


၁၄။ ပဒုမ .... .... ၁၃၁
၁၅။ နာရဒ .... .... ၁၃၅
၁၆။ ပဒုမုတ္တရ .... .... ၁၄၅
၁၇။ သုမေဓ .... .... ၁၄၅
၁၈။ သုဇာတ .... .... ၁၅၀
၁၉။ ပိယဒဿီ .... .... ၁၅၅
၂၀။ အတ္ထဒဿီ .... .... ၁၅၉
၂၁။ ဓမ္မဒဿီ .... .... ၁၆၃
၂၂။ သိဒ္ဓတ္ထ .... .... ၁၆၇
၂၃။ တိဿ .... .... ၁၇၁
၂၄။ ဖုဿ .... .... ၁၇၅
၂၅။ ဝိပဿီ .... .... ၁၇၉
၂၆။ သိခီ .... .... ၁၈၃
၂၇။ ဝေဿဘူ .... .... ၁၈၇
၂၈။ ကကုသန္ဓ .... .... ၁၉၁
၂၉။ ကောနာဂမန .... .... ၁၉၅
၃၀။ ကဿပ .... .... ၁၉၉
၃၁။ ဂေါတမ .... .... ၂၀၄


## နိဂုံး


၃၂။ ကမ္ဘာ .... .... ၂၁၀
၃၃။ ဓာတုဝိဘဇ္ဇန .... .... ၂၁၄

ဘဝသုံးပါးမှ လွတ်မြောက်မည့်လမ်း
ရှိ၏။ ထိုလမ်းကို အကြောင်းမရှိဘဲ
သွားရန် မဖြစ်နိုင်၊ ဘဝသုံးပါးမှ လွတ်
မြောက်ရန် ထိုလမ်းကို ရှာဖွေပါအံ့။

— သုမေဓ

အရှင့်ကိုဖူးရက
မြူးကြွလို့ရွှင်ပျော်
လူတို့ရှင်သာအခွင့်
ခါမလင့်ရှုမျှော်
မြတ်ဘုန်းမော်
ဖြေဖျော်ပါဖျော့
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့
ထွန်းလင်းကာလ။

# နိဒါန်း

# သိဒ္ဓတ္ထ

ထိုနေ့မနက် ရာဇဂြိုဟ်မြို့တွင် အုတ်အုတ်ကျက်ကျက် တခဲနက်ဖြစ်နေ၏။ ရဟန်းတပါးကို ကြည့်ရှုငေးမော အံ့သြဝေဖန်နေကြခြင်းဖြစ်၏။

ရဟန်းတပါး သပိတ်ကိုပိုက်လျက် ခေါင်းစိုက်ကာ အိမ်စဉ်လျှောက်ပြီး ဆွမ်းခံနေ၏။ ရသေ့ရဟန်းတို့ မြို့တွင်း ဆွမ်းခံဝင်သည်မှာ အဆန်းမဟုတ်ချေ။ နေ့စဉ်နေ့တိုင်း ဝင်ထွက်သွားလာနေကြ၏။ သို့ရာတွင် သူတို့သည် ဤရဟန်းကိုကား အံ့သြဝေဖန်၍ မဆုံးနိုင်အောင် ဖြစ်နေကြ၏။

ရဟုခံတွင်းမှ လွတ်ကင်းလာသော လမင်းပေလော။

စကြွာတထောင် အလင်းဆောင်သော သူဇာသက်ထား သိကြားပေလော။

စင်စစ်မှာမူ လောကအလုံးကို ရှင်ပြုံးစေနိုင်သော လူသားရဟန်းတပါးသာလျှင် ဖြစ်၏။ သူသည် သစ်ခေါက်ဆိုး သင်္ကန်းကို ဝတ်ရုံလျက် အိမ်စဉ် လျှောက်ကာ ဆွမ်းခံနေ၏။ တဦးတယောက်တည်းပင်ဖြစ်ပါသည်။ သို့ရာတွင် သူ့အား နောက်လိုက်နောက်ပါ တပည့်လက်သား အများခြံရံသွားသကဲ့သို့ ထင်ရ၏။

လူတို့သည် သူ့အား ဘယ်သူဘယ်ဝါဟု မသိကြပါ။ ထို့အတူ သူ၏သတ္တိအင်အား စွမ်းပကားကိုလည်း တစိုးတစိမျှ မသိကြပါ။ သူ၏ အဝတ်တန်ဆာ တို့မှာလည်း အဖိုးထိုက် အဖိုးတန်များ မဟုတ်သည့်အပြင် သူ၏ကိုယ်ခန္ဓာမှာလည်း ပြုပြုပြင်ပြင်မရှိချေ။ သို့ရာတွင် လူတို့သည် သူ့အား ကြည့်၍ အားမရနိုင်အောင် ညွတ်နူးနေကြ၏။

ရာဇဂြိုဟ်ပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်သူမှာ ဗိမ္ဗိသာရဖြစ်၏။ သူသည် အုပ်ချုပ်သူအနေဖြင့် ပြည်သူပြည်သား လူအများ စိတ်ဝင်စားသော ထိုရဟန်းအား လျစ်လျူရှုမထားနိုင်ချေ။ ဘယ်လိုလူနည်း။ ဤသူ့ကို ဘယ့်ကြောင့် လူအများ စိတ်ဝင်စားကြ သနည်း။ တိုင်းပြည်၏ အကျိုးစီးပွားပြုမည့် လူလော။ သို့မဟုတ် ဘေးအန္တရာယ်ပြုမည့်လူလော။ ဘာဘဲဖြစ်ဖြစ်စုံစမ်းထောက်လှမ်း ရမည်ဟု အကြံဖြစ်ကာ မင်းကြီးသည် ကိုယ်ရံတော်တဦးအား ခေါ်၍ အမိန့်ပေး၏။

"ဒီရဟန်းကို သွားပြီး စုံစမ်းချေ။ လူတွေကလဲ အခက်သား။ အမေပျောက်လို့ တောင်ရောက် မြောက်ရောက် ဖြစ်နေတဲ့ နွားကလေးကိုတောင် အရေးတကြီး ဝိုင်းကြည့်ချင် ကြည့်နေတတ်ကြတာ။ အေးလေ ဘာဘဲဖြစ်ဖြစ်၊ ဒို့အနေနဲ့ အမှန်အတိုင်း သိထားဘို့ လိုတယ်။ သူတို့ထင်သလို နဂါးဘဲ ဖြစ်ဖြစ်၊ သိကြားဘဲ ဖြစ်ဖြစ်၊ ဒို့အနေနဲ့တော့ ဘာဘဲဖြစ်ဖြစ် စီစဉ်ထားရမှာဘဲ။ ကဲ ကဲ၊ သွားချေ"

ကိုယ်ရံတော်သည် ဘုရင်အား ဦးညွတ်ဝန်ခံပြီး ထိုရဟန်းနောက် လိုက်သွား၏။ မြို့တွင်းမှာ ရဟန်းတော် မရှိတော့ချေ။ သူသည် ဆွမ်းခံပြီး၍ မြို့ပြင်သို့ ထွက်သွားလေပြီ။ သို့ရာတွင် လူတို့သည် သူ့အား ကြည့်ရှုငေးမော အံ့သြလိုသော အာသာရမ္မက်

မပြေသေးဘဲ ဂယက်ထလျက်ပင် ရှိသေး၏။ ကိုယ်ရံတော်သည် ထိုလူများထံမှ သတင်းယူပြီးနောက် ရဟန်းသွားရာ နောက်သို့ အမီလိုက်လေ၏။ မြို့နှင့်အတန်ကွာသော ပဏ္ဍဝ တောင်ခြေသို့ ရောက်သောအခါ သစ်ပင်တပင်အောက်တွင် ဆွမ်းစားနေသော ရဟန်းကို တွေ့ရ၏။ သူလည်း ရဟန်းကို ဖူးတွေ့ရသောအခါ လူအများကဲ့သို့ပင် ညွတ်နူးသွား၏။

ရဟန်းသည် ငြိမ်သက်စွာ ဆွမ်းစားနေ၏။ သူစားနေသည်မှာ သူ့အတွက် စားနေသည်နှင့် မတူချေ။ ကိလေသာ ကာမအတွက် သော်ရင်း၊ ဒေါသ မာန အတွက်သော်ရင်း၊ ထိုင်းမှိုင်းတွေဝေမှု အတွက် သော်ရင်း စားသုံးနေသည်နှင့် လုံးဝ မတူချေ။ မှန်မြတ်သော ဓမ္မတရားအတွက်ဖြစ်ကြောင်း လွယ်လွယ်နှင့်သိနိုင်၏။ သူသည် ဤရဟန်း ဆွမ်းစားသည်ကို မတွေ့ဘူးပါက ကိုယ့်အတွက်စားခြင်းမဟုတ်၊ ဓမ္မတရားအတွက် စားခြင်းကို သဘောပေါက်ချင်မှ ပေါက်မည်။

ကိုယ်ရံတော်သည် သူ့အပါးသို့ နီးကပ်စွာ မသွားဘဲ ခပ်လှမ်းလှမ်းကပင် အကဲခပ်ကာ ကြည်ညိုလေးစားနေ၏။ ရဟန်းလည်း ဆွမ်းစားပြီးသောအခါ သူ၏တူရူတွင်ရှိသော တဖက် ဆည်ကန်သို့ သိမ်မွေ့စွာသွားပြီး ဆေးကြောသုတ်သင်နေ၏။

ထိုအခိုက်တွင် ကိုယ်ရံတော်သည် အလျင်အမြန် နန်းတော်သို့ ပြန်သွား၏။ မင်းကြီးအား အချိန်မီ လျှောက်တင်ရန် ဖြစ်၏။ ရဟန်းသည် ဤနေရာတွင် ကြာရှည်စွာ နေချင်မှ နေမည်။ သူ သွားချင် သွားမည်။ နေချင်နေမည်။ ဤအချက်ကို အပြင်အပမှ ဆုံးဖြတ်ရန်မလွယ်ချေ။ သစ်ကိုင်းပေါ်တွင် လွတ်လပ်စွာနားနေသော ရွှေဥဒေါင်းကို ခန့်မှန်းရန် မဖြစ်နိုင်သကဲ့သို့ ပင်တည်း။

သို့ကြောင့် ကိုယ်ရံတော်သည် အုပ်မိစေရန်အတွက် ဆောလျင်စွာ ပြန်သွားခြင်း ဖြစ်သည်။

"ဒတ္တ၊ တွေ့ခဲ့တယ်မဟုတ်လား"

မင်းကြီးသည် ကိုယ်ရံတော် ဒတ္တ၏ အတင် အလျှောက်ကို ပင် စောင့်မနေနိုင်ချေ။ ဒတ္တဝင်လာသည်နှင့်တပြိုင်နက် ဆီး၍ မေး၏။ ကိုယ်ရံတော်မှာ အရေးတကြီး ခရီးပြင်း နှင်လာရသဖြင့် မောဟိုက်နေ၏။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ပဏ္ဍဝတောင်ခြေမှာ တွေ့ခဲ့ပါတယ် ဘုရင်မင်းမြတ်"

ဒတ္တမှာ မောဟိုက်နေသဖြင့် စကား ဝါကျ အချိုးကျအောင် အတော်ကြိုးစား တင်ရ၏။

"ဘုန်းတော်တွေ ကံတော်တွေ့ကို အသာထားပြီး သူ ဘယ်လို လူစားလဲဆိုတာသာ တင်စမ်း ဒတ္တ။ သူ ပဏ္ဍဝတောင်မှာ ဘာလုပ်နေတာလဲ"

မင်းကြီးသည် ဒတ္တ အမောဆို့နေသည်ကို အားမလို အားမရ ဖြစ်နေ၏။

"ဆွမ်းစားနေပါတယ်။ သူဟာ လူတွေအံ့ဩတာထက် ပိုပြီး အံ့ဩဘို့ ကောင်းပါတယ်"

"ပိုပြီး အံ့ဩဘို့ကောင်းတယ် ဟုတ်လား။ ဘယ်လိုအံ့ဩဘို့ ကောင်းတာလဲ ဒတ္တ"

"မှန်လှပါ၊ တကယ် ထူးခြားတဲ့ ပုဂ္ဂလ ဝိသေသလို့ ဆိုနိုင်ပါတယ်"

"ပုဂ္ဂလ ဝိသေသ"

"မှန်လှပါ၊ သို့ရာတွင် သူဟာ လောကနှင့် ဘယ်လိုမှ မပတ်သက်ပါဘူး။ လောကအပြင်ဘက်က ထူးမြတ်တဲ့ ပုဂ္ဂလ ဝိသေသ ဖြစ်ပါတယ်"

"ငါကိုယ်တိုင် သွားတွေ့သင့်တယ်လို့ ဆိုတာလား ဒတ္တ"

"အကယ်၍ သူနှင့် မတွေ့ပါလျှင် မျက်စိရဲ့ အမြိုက်ရေစင် (နယ နာမတ)ကို ရှောင်ကြဉ်တာနဲ့ ခြားနားမယ် မဟုတ်ပါဘူး ဘုရင်မင်းမြတ်"

"သင်းဖြင့်၊ ခု အမြန်ရထားစီစဉ်လို့ အမတ်ကြီး ဂေါဝိန္ဒကို သွားပြောလိုက်။ နေအုံး၊ သေနာပတိ ဘီမသေန ကိုလဲ တခါထဲ ခင်ပြောခဲ့။ ကိုယ်ရံတော်တပ်စိတ် တစိတ်ဆိုလျှင် တော်ပြီလို့။ မဟုတ်လျှင် အလကား ကြန့်ကြာနေလိမ့်မယ်"

ဗိမ္ဗိသာရမင်းကြီးသည် ဤကဲ့သို့ တက်တက်ကြွကြွတခါမျှ မဖြစ်ဖူးချေ။ အချစ်ရေးတွင် ဖြစ်စေ၊ စစ်ရေးတွင် ဖြစ်စေ၊ အခြားမည်သည့်အရေးတွင်ဖြစ်စေ ခပ်အေးအေးပင် နေတတ်သည်။ ခေါင်းအေးအေးနှင့် ဆွေးဆွေးနွေးနွေး လုပ်တတ်သည်။ ယခုအခါမှာ ပျာပျာသလဲ ဖြစ်နေ၍ ဝေဒေဟီ မိဖုရားကြီးပင်အံ့အားသင့်နေသည်။ မိဖုရားကြီးသည် သူ့အား တစုံတရာ မေးမြန်းဆွေးနွေးလိုသည့် အသွင်ကိုပြသော်လည်း သူသည် မိဖုရားကြီးကိုပင် သတိရဟန်မတူချေ။ ပြာသာဒ်ပေါ်မှ တောက်လျှောက်ဆင်းသွား၏။ ဝေဒေဟီသည် သူ့အား ပြုံးလျက်ကြည့်ပြီး 'အောက်မှာ ယာဉ်ရထား အသင့်မဖြစ်လျှင် ခက်ကောင်းခက်ရချည်ရှဲ' ဟု စိုးရိမ်လိုက်၏။ သို့ရာတွင် ရထားယာဉ်သာသည် သူနှင့်အတူ တိုက်ဆိုင်လာ၍ တော်ပေသေး၏။

ရဟန်းသည် ရေကန်တွင် ဆေးကြောသုတ်သင်ပြီး၍ ဟဖန်သစ်ပင်အောက်သို့ဝင်ကာ နေ့သန့်စင်နေ၏။ မကြာမီအတွင်းမှာ

ပင် ရာဇဂြိုဟ်မြို့ဆီမှ သူ့နေရာ ပဏ္ဍဝတောင်ဘက်သို့ လာသော ရထားသံနှင့် မြင်းခွာသံများကို ကြားရ၏။ ရထားဝါစီးကို မြင်းစီးချင်းများ ခြံရံလာသောအသံများဖြစ်၍ မင်း၊ သို့မဟုတ် မင်းသား တပါးပါး တောကစား ထွက်လာခြင်း ဖြစ်လိမ့်မည်ဟု ထင်သည်။ 'သတ္တဝါများ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းကြပါစေ၊ အချင်းချင်းမေတ္တာသက်ဝင် ချစ်ခင်ကြပါစေ'ဟု ရေရွတ်ကာ အတိုင်းမသိသော သတ္တဝါများအား ကရုဏာဖြင့် ထွေးပိုက်ထားလိုက်၏။ ရထားသံ၊ မြင်းခွာသံများကား သူနှင့် မနီးမဝေးတွင် ရပ်သွားလေသည်။

သို့ရာတွင် သူကား မေတ္တာစိတ် လွှတ်လျက်ပင်။

မင်းကြီးသည် ရထားပေါ်မှဆင်းပြီး ရဟန်းအပါးသို့ ရှေ့ရှုသွား၏။ ယခုအခါ သူ၏အမူအရာမှာ ရှေးကလို မြန်မြန်ထက်ထက် မဟုတ်ချေ။ ခပ်လေးလေး ခပ်အေးအေးနှင့် တွေးတွေးဆဆဖြစ်နေ၏။ နေ့သန့်စင်နေသော ရဟန်းကို သေချာစွာ အကဲခပ်ကြည့်သည်။ သူသည် ရှေးအခါက ချစ်ခြင်းမေတ္တာ၏ သဘောကိုရင်း၊ သနားခြင်းကရုဏာ၏ သဘောကိုရင်း၊ နှစ်လိုခြင်း မုဒိတာ၏ သဘောကိုရင်း၊ လျစ်လျူရှုခြင်း ဥပေက္ခာ၏ သဘောကိုရင်း လေ့လာခဲ့ဘူး၏၊ ကြံဆခဲ့ဘူး၏။ ပယ်ပယ်နယ်နယ် သဘောမပေါက်ခဲ့ချေ။ ယခုမူ ထင်ရှားတွေ့မြင်နေရ၏။ သူသည်ပင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့၏ ထင်ရှားသော ပြယုဂ် ဖြစ်သည်။ မင်းကြီးသည် သူ့အနားသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားပြီး လေးစားစွာမေး၏။ "ချစ်သား၊ သင် ဘယ်သူနည်း"

"ကျွန်ုပ်သည် ကပိလဝတ်ပြည် သုဒ္ဓောဒန၏သား ဖြစ်ပါသည်"

"အို၊ သင်းဖြင့် မဟာမာယာဒေဝီ၏သားတော် သိဒ္ဓတ္ထပေဘဲပေါ့"

"မှန်ပါသည် ဘုရင်မင်းမြတ်။ ကျွန်ုပ်သည် သိဒ္ဓတ္ထ ဖြစ်ပါသည်"

"ကောင်းပေ့ချစ်သား။ သင်၏ ကျော်စောတဲ့ ဂုဏ်သတင်းကို ငါတို့မပြတ်ကြားနေရပါတယ်။ လုမ္ဗိနီ ဥယျာဉ်မှာ ထူးထူးဆန်းဆန်း မွေးဖွားတာကစပြီး လေးတင်ပွဲမှာ အစွမ်းပြလိုက်တာတွေ၊ ပြီးတော့ ဒေဝဒဟ မင်းသမီး ယသောဓရာနဲ့ လက်ထပ်တဲ့သတင်းတွေ၊ ပြောစမ်းပါအုံးသားတော်။ အခု ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာပါသလဲ"

"လူ့လောကမှာ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မပြတ်တွေ့နေရပါတယ်။ လူတိုင်းပင် အိုမင်းလာကြပါတယ်။ နာဖျား ပြီးနောက် သေကြရပါတယ်။ ဒီနေရာမှာနေပါလျှင် အမှန်ပင် အိုနာသေရေးက ပြေးမလွတ်နိုင်ပါ။ သို့ကြောင့် ထွက်ခွာလာခဲ့ခြင်းဖြစ်ပါတယ် ဘုရင်မင်းမြတ်"

"မအိုတာ၊ မနာတာ၊ မသေတာ ရှိလို့လား သားတော်"

"အပူရှိလျှင် အအေးဆိုတာလဲ ရှိပါတယ်။ မကောင်းတာရှိလျှင် ကောင်းတာဆိုတာလဲ အမှန်ပင် ရှိသင့်ပါတယ် ဘုရင်မင်းမြတ်"

"သို့ရာတွင် ငါတို့ဟာ သေခြင်းကိုသာ တွေ့နေကြရတယ်"

"သို့ကြောင့် မသေရာကို ရှာဖွေဖို့ ထွက်ခွာလာခြင်းပါဘဲ ဘုရင်မင်းမြတ်"

"မကြာမီ ရက်အတွင်းက ယသောဓရာ သားတော်တပါး ဖွားမြင်တယ်လို့ ငါတို့ ကြားလိုက်ရတယ်။ ဟုတ်ပါရဲ့လား သားတော်"

"မှန်ပါသည် ဘုရင်မင်းမြတ်။ သားတော်တပါး မွေးဖွားခဲ့ပါတယ်။ သားကလေး၏ အချစ်က ပိုလာလို့ အတော်ကြီးကြီးစား ထွက်လာခဲ့ရပါတယ်"

"ချစ်ခြင်းမေတ္တာဟာ ချမ်းသာသုခပင် မဟုတ်ပါလား သားတော်"

"မှန်ပါသည် ဘုရင်မင်းမြတ်။ သို့ရာတွင် သူတို့ဟာ အမြဲမတည်ကြပါ။ အစဉ်ထာဝရ ချစ်ခင်နေချင်ပါသော်လဲ သူတို့နေကြမယ် မဟုတ်ပါ။ ဒီအခါမှာ ချစ်ခင် စွဲလမ်းသလောက်ပင် ဒုက္ခရောက်ရမှာကို ကြောက်လို့ ထွက်ခဲ့ရပါတယ်"

"တောတောင်ကန္တာရထဲမှာ ချမ်းသာသုခ ရှိတယ်လို့ ယုံကြည်ပါသလား"

"လုံးဝ မယုံကြည်ပါ။ တောတောင်ကန္တာရသည် ဆင်းရဲဒုက္ခ၏ အထိမ်းအမှတ်ပင် ဖြစ်ပါတယ်။ သို့ရာတွင် ကျောက်မျက်ရတနာကို ခက်ခဲစွာ တူးဖော်ရပါတယ်။ ထို့အတူ ဓမ္မတရားကိုလဲ ခက်ခဲစွာပင် ရှာဖွေရပါမယ်"

"သို့ရာတွင် ချစ်သားကား ငယ်လှပါသေးတယ်။ တောထွက်ရန် လုံးဝ မသင့်လျော်သေးပါ။ ကပိလဝတ်နေပြည်တော်သို့ ပြန်လိုက ပြန်ပါ။ သို့မဟုတ်၊ ဒီ နိုင်ငံတွင် စိုးမိုးအုပ်ချုပ်မင်းလုပ်လိုသော်လဲ နေပါ"

"ကျွန်ုပ်သည် နေပြည်တော်သို့ ပြန်ရန်သော်၎င်း၊ ပဒေသရာဇ်ကရာဇ်အဖြစ်သော်၎င်း ရည်ရွယ်ပြီး တောထွက်လာခြင်း မဟုတ်ပါ။ သို့ကြောင့် ဘုရင်မင်းမြတ်၏ ညွှန်ပြချက်ကို ကျေးဇူးတင်လျက် လက်မခံနိုင်ပါ"

"ကောင်းပြီ။ သို့ရာတွင် တရားအထူးကို ဆည်းပူးရရှိပါက ငါ၏နိုင်ငံသို့ ရှေးဦးပထမ ကြွလာရန် ကတိပြုပါ ချစ်သား"

သိဒ္ဓတ္ထသည် မပြွက်သံခြေ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်လေသည်။

ထိုနောက် သိဒ္ဓတ္ထသည် ကောသလနှင့် မဂဓတောများတွင် လှည့်လည်ကာ ဓမ္မတရားကို ရှာဖွေနေ၏။ သူသည် ထိုတောများတွင် ဥပဒနှင့် အာဠာရ ကာလာမ အစရှိသော ရသေ့ကြီးများနှင့် တွေ့ကြုံ ရင်းနှီးပြီး စျာန်သမာပတ်နှင့် ပတ်သက်သော အချက်အလက်တို့ကို ဆွေးနွေးအားထုတ်ခဲ့သည်။ ကိလေသာကို နှိပ်စက်တတ်သော ပထမ ဝိရိယဖြင့် သူ၏ စိတ်အစဉ်မှာရှိသော ကိလေသာ အနောက်အကျု မရှိအောင် ကြိုးစား၏။ သို့ဖြင့် စျာန်၏အနီး ဥပစာလောက်ရောက်အောင် သမာဓိရ၏။ အလွန်ကြိုးစားသော ဒုတိယ ဝိရိယဖြင့် ဆက်လက်ကြိုးစားပြန်ရာ ပုဗ္ဗေနိဝါသာ နုဿတိ ခေါ် ရှေးဖြစ်ဟောင်း အောက်မေ့နိုင်သော အဘိဉာဉ်ရ၏။

ဤဝိရိယ သုံးမျိုးကိုရင်း၊ မမေ့မလျော့သော သတိကိုရင်း၊ လမ်းဖြောင့် လမ်းမှန် ကမ္မဋ္ဌာန်း နှလုံးသွင်းသော ဉာဏ်ကိုရင်း စွဲမှီ၍ များပြားစွာသော ရှေးဖြစ်ဟောင်း အောက်မေ့နိုင်သော စိတ်တည်ကြည်မှု သမာဓိကို ရသည်။ လွန်ခဲ့သောဘဝက ဖြစ်ခဲ့သမျှကိုလည်း အောက်မေ့နိုင်၏။ နှစ်ဘဝ၊ သုံးဘဝမှစ၍ ဘဝသိန်းပေါင်း များစွာတို့က တွေ့ကြုံခဲ့သမျှ ပြန်လည်သတိရ၍ အောက်မေ့ဆင်ခြင်နိုင်ခဲ့၏။

"သိဒ္ဓတ္ထ၊ သင်ကိုယ်တိုင် တွေ့မြင်ရပြီ မဟုတ်လား။ သင်၏ ဘဝဖြစ်စဉ်ကိုလဲ သင်ကိုယ်တိုင် တွေ့မြင်နေရပြီ။ သူတပါးတို့၏ ဘဝဖြစ်စဉ်ကိုလည်း ကြည့်ရှုဆင်ခြင်နိုင်ခဲ့ပြီ။ ဘဝဆိုတာ အတ္တဘဲ ဖြစ်တယ်။ အတ္တဟာ အမြဲထာဝရ တည်တယ်။ အမြဲမြန့်တူတယ်။ ဘောင်ဘွတ်သို တည်ဘံ့တယ်။ မြဲမြံစွာ စိုက်ထားတဲ့

တံခါးတိုင်နဲ့ တူတယ်။ မြင်းမိုတောင်၊ လ၊ နေ တို့လိုဘဲ အမှန် ရှိတယ်။ အိုတယ်၊ နာတယ်၊ သေတယ်ဆိုတာ အတ္တလား။ မဟုတ်ဖူး။ အတ္တဟာ ဘယ်တော့မှ မအိုဘူး၊ မနာဘူး၊ မသေဘူး။ ခန္ဓာအိမ်သာ အိုတယ်၊ နာတယ်။ အတ္တက အမြဲတည်တယ်။ ခန္ဓာအိမ်တခုသေလျှင် အခြားတခုသို့ ပြောင်းသွားတာဘဲ။ အမှန်မှာ သူဟာ ငရိသန္ဓေလဲ မနေဘူး၊ သေလဲ မသေဘူး"

ရသေ့ကြီးများက သူ့အား လက်တွေ့တရားပြလျက် ရှင်းပြကြခြင်းဖြစ်သည်။ ထိုရသေ့များမှာ သာမည အိပ်ကာ စားကာ နေသော ပုဂ္ဂိုလ်များ မဟုတ်ကြချေ။ အလွန်ပြင်းထန်သော ယောဂအကျင့်ကို ကျင့်၍ မြေလျှိုး မိုးပျံ စျာန်အဘိညာဉ်ဖြင့် ဘဝပေါင်း သိန်းသောင်းကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သူများ ဖြစ်၏။ သိဒ္ဓတ္ထလည်း သူတို့လိုပင် ခက်ခဲပင်ပန်းစွာ ကျင့်သဖြင့် သူတို့လိုပင် စျာန်အဘိညာဉ်များ ရကာ ဘဝပေါင်း သိန်းသောင်းကို မျက်မှောက် ပြုနိုင်ခဲ့၏။ ရသေ့ကြီးများ နှစ်ပေါင်းများစွာ ကျင့်ရသော တရားအကျင့်ကို နှစ်အနည်းငယ် အတွင်းတွင် အမီလိုက်ရသဖြင့် သူတို့ထက် ပင်ပန်းနွမ်းနယ်၏။ အခါပေါင်းများစွာ သေပြီးဟုပင်ထင်ရလောက်အောင်ဖြစ်ခဲ့၏။ သူ့အား ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမနှင့် အဿဇိတ အမည်ရှိသော ရသေ့ ၅ ဦးက အထူးကူညီခဲ့၏။

သိဒ္ဓတ္ထသည် သူတို့ထံမှရရှိသော ဓမ္မတရားအားလုံးကို အဆုံးအထိ ဆင်ခြင်သုံးသပ်၏။ ထိုတရားတို့သည် လူ့လောကမှ ဗြဟ္မာလောကအတွင်းမှာသာလျှင် ချာချာလည်၍ နေ၏။ သူ၏ ဥာဏ်နှင့် သူတို့ဆီကရသော ဓမ္မတရားမှာ ကြီးစွာသော ပိုက်ကွန်ဖြင့် သေးငယ်သော ငါးကလေးကို ဖမ်းရသကဲ့သို့ ဖြစ်နေ၏။ တနည်းဆိုရသော် လွန်စွာအားကောင်းသော မီးမောင်းကြီးသည် ကျဉ်း

မြောင်းလှသော တိုက်ခန်းတွင် ထွန်းလင်းနေဘိသို့ ဖြစ်၏။ တနည်းဆိုရသော် ကြီးထူကြံ့ခိုင် ဆင်လည်တိုင်ကို ဖြတ်နိုင်လွှားလွှား သံလျက်ဓားဖြင့် သန္တားမျှသာ ဓားယော်ရာကို ခုတ်ပါချေသော် ဂုဏ်မပေါ်သို့ ဖြစ်နေ၏။

အတ္တာဝါဒတွင် ကျေနပ်လောက်သော အနှစ်သာရကို မတွေ့မြင်သဖြင့် သိဒ္ဓတ္ထသည် သူတို့ထံမှ ဖဲခွာခဲ့၏။ ဥရုဝေလတောအုပ်သို့ ရောက်သောအခါ သင့်လျော် လျောက်ပတ်သော အကျင့်ကို နားနားနေနေ အပန်းဖြေ၍ အေးအေးကြည်ကြည် စိတ်တည်တည်နှင့် ဆင်ခြင်သည်။ ထိုစဉ်အခါက ရက်ပေါင်းများစွာ အာဟာရနှင့် ကင်းကွာစေလျက် ကျင့်ခဲ့၏။ ယခုမူ ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ဆွမ်းရပ်ပြီး ကိုယ်ခန္ဓာကို မျှတစေ၏။ တနေ့တွင် သေနနိဂုံးသဌေးသမီး သုဇာတာ၏ နို့ဆွမ်းကို ခံယူပြီး နေရဉ္စရာ မြစ်ကမ်းမှာ ဘုန်းပေး မျှတ၏။ ထို့နောက် သူသည် ညောင်ပင်ကြီး တပင်အောက်သို့ ဝင်ကာ မြက်ခင်းပေါ်တွင်ထိုင်လျက် ထွက်သက် ဝင်သက်ကို အာရုံပြုနေ၏။ အလွန်သိမ်မွေ့စွာ ငြိမ်သက်၍ နေသောအခါ အဖျက်အဆီးအာရုံများ ဝင်လာ၏။

ကမ္ဘာ့အလှဒေဝီဟု ဆိုနိုင်သော ယသောဓရာဒေဝီ၏ ချစ်စဖွယ်ကောင်းသော အာရုံသည်၎င်း၊ မွေးကာစ သားကလေး၏ သနားစဖွယ် ရုပ်ပုံသည်၎င်း၊ ခမည်းတော်၊ မိထွေးတော်၊ ညီတော်၊ နှမတော်၊ ဥဒါယီ စသော မိတ်ဆွေများသည်၎င်း၊ အရိပ်ပမာ စီရရီ ပေါ်လာကြသည်။

သားတော်ကလေးသည် ယခုအခါဆိုလျှင် ခြောက်နှစ်အရွယ် ဖြစ်၍ လွန်စွာ ချစ်ဖွယ် ကောင်းပေမည်။ အမေတကလေးလော၊ သို့မဟုတ် အဖေနှင့် တူပေမည်လော။ ငါ အကယ်၍ ထွက်မလာခဲ့ပါလျှင် ဧကရာဇ်မင်းဖြစ်နိုင်လောက်ပြီ။ ~~လေးတင်ပွဲတွင် ငါ~~၏

သတ္တိအင်အား စွမ်းပကားကို မြင်တွေ့ကြရ၍ ကမ္ဘာက ငါ့အား လေးစားနေကြ၏။ အခုနေ ငါပြန်သွားလျှင် ဂေါပါ(ယသော ဓရာ၏ ငယ်မည်) ဘယ်လောက် ဝမ်းသာလိုက်မည်နည်း။

ငြိမ်သက်စွာဖြင့် ထွက်သက်ဝင်သက်ကို အာရုံပြုနေသော အခါ နောက်ဖြစ် နောက်ဟောင်းတို့ ပြန်ပြောင်း၍ ပေါ်ပေါက်လာ၏။ ယင်းတို့သည် အသက်ရှူမှန်း မသိအောင်ပင် နှောင့်ယှက်နေကြသည်။ သူ၏လက်နက်မှာ ထွက်သက် ဝင်သက်ပင်ဖြစ်၏။ ဤလက်နက်ကလေးဖြင့် ထောင်ပေါင်းများစွာသော ရန်သူအင်အားကို ဖြိုခွင်းတိုက်ဖျက်နေရ၏။ သူသည် အကြိမ်ပေါင်းများစွာပင် အင်အား ကြီးမားလှသော ရန်သူ၏ အကြား တွင် ချာချာလည်၍သွား၏။ ငုပ်ချည်ပေါ်ချည် ဖြစ်နေ၏။ ပေါ်လာသည်နှင့်တပြိုင်နက် သူ၏ တခုတည်းသော လက်နက်ဖြစ်သည့် ထွက်သက် ဝင်သက်ဖြင့် ဆက်၍တိုက်၏။ နည်းနည်းကလေး အဆက်ပြတ်လျှင် ချက်ချင်းပင် ရန်သူများ ဝင်လာကြ၏။ သူတို့သည် အငိုက်ကိုဖမ်းရန် ပတ်ဝန်းကျင်တွင် ရံနေ၏။ သို့ကြောင့် သူသည် ဤ၏လက်နက်ကို အဆက်မပြတ် လွှတ်သည်။ ခပ်ပြင်းပြင်း ခပ်တင်းတင်း လွှတ်သည်။ ခပ်မြန်မြန် ခပ်မှန်မှန်လွှတ်သည်။ သူ၏လက်နက်အတွက် မှန်သောအခါ ပတ်ဝန်းကျင်တွင် အငိုက်ဖမ်းရန် ဝန်းရံနေသော အင်အားကြီးမားလှသည့် ရန်သူတပ်ကြီး ဆုတ်ခွာသွား၏။ ထိုအခါ သူ၏ အောက်ပေ မှမှာ သမာသတိ ဖြစ်သွား၍ ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ဖြစ်ခဲ့၏။ ကိုယ်ကာယ လည်း ငြိမ်းချမ်းသွား၏။ စိတ်ဝိဉာဉ်လည်း ငြိမ်းချမ်းသွား၏။ ထိုအခါ စိုးရိမ်ပူပန်ခြင်း ကင်းဝေးလျက် ကြံ့ခိုင်သော သမာဓိ ဖြစ်လာ၏။

သူ၏သမာဓိမှာ ကျောက်တောင်ကြီးသဖွယ် မယိမ်းမယိုင် ကြံ့ခိုင်နေ၏။ ထိုအခါ သူသည် ရန်သူများကို ပြန်၍စေါ်သည်။ သို့ရာတွင် သူတို့သည် သူ့အား ရန်မမူချေ။ မိမိက ရန်ပြု၍ ရန်သူများဖြစ်ရပုံကို ယခုမှ ကောင်းစွာ၊ မှန်စွာ သဘောပေါက်၏။ ရေ၏မူလဘူတမှာ ကြည်လင်သော်လည်း နေရာဌာနကြောင့် ပုလောင်နောက်ကျိရ၏။ ထို့အတူ အပြစ်ကင်းစင်သော အာရုံကို ခံယူသော စိတ်ဝိဉာဉ်က ရန်သူအသွင် ဆက်ဆံ၍ ရန်မူခြင်းခံရ၏။ ယခုအခါ အာရုံနှင့် သူသည် အချင်းချင်း ကြည်ဖြူနေ၏။ ရွှေပင်နားသောအခါ ရွှေကျေး။ ငွေပင်နားသောအခါ ငွေကျေး ဖြစ်သွား၏။ အာရုံနှင့် သဟဇာတ ဖြစ်သွားသောအခါ သူရှာဖွေခဲ့သော အိုခြင်း၊ နာခြင်း၊ သေခြင်း၏ အကြောင်းရင်းကိုလည်း ထင်ထင်လင်းလင်းပင် တွေ့မြင်သွား၏။

ဟယ် တဏှာယောကျ်ား လက်သမား။ သင့်ကို ငါ ရှာသည်မှာ ကြာမြင့်လှလေပြီ။ အခုသင့်ကို ငါတွေ့ရပြီ။ သင်သည် နောက်ထပ် ဘဝသစ်ကို တည်ဆောက်ရတော့ မည် မဟုတ်ချေ။ သင်၏ လက်နက်ကရိယာတို့ကို ငါချိုး ဖွဲ့ပစ်လိုက်ပြီ။ ယခုအခါ ငါ့စိတ်မှာ အစွဲအလမ်း မရှိ တော့ချေ။

သိဒ္ဓတ္ထ ကြွေးကြော် ကျူးရင့်လိုက်ခြင်းဖြစ်၏။ လောကကြီး သည် ဆင်းရဲဒုက္ခအတိပြီး၏။ မရှိတော့်တ ရှိကြောင့်ကြရသော ဒုက္ခနှင့် ပြည့်နှက်နေ၏။ အို နာ သေ ဒုက္ခအဆပ်ထပ်ဖြင့် ရစ်ပတ် နေ၏။ စင်စစ် ဤဒုက္ခများ ထင်ရှားဖြစ်ရသည်မှာ သူတို့ကို အ ကောင်းထင်ပြီး ခင်မင်တွယ်တာသော လောဘကြောင့်ဖြစ်၏။ တွယ်တာမက်မောသော လောဘဇောမရှိခြင်းသည် ငြိမ်းအေး လှပေ၏။ လောဘကင်းသော ငြိမ်းချမ်းရေးသည်သာ တကယ့်

အစစ်အမှန် ချမ်းသာသုခဖြစ်သည်။ ဤချမ်းသာသည်သာ အေး မြဲသာယာသည်။ ဤ သန္တိသုခဖြစ်သော ချမ်းသာသုခကို ရရှိရန် အတွက် အလွန့်အလွန် ပင်ပန်းဆင်းရဲစွာသော ယောဂ အကျင့်တွေကို ကျင့်နေခြင်းမှာ မှားသည်။ဆင်းရဲရုံသာ ရှိသည်။ ဘာမျှ အကျိုးမရှိချေ။ သန္တိသုခကို မတွေ့ရချေ။ ဘာအကျင့်ကိုမျှ မကျင့်ဘဲ ကာမဂုဏ်အာရုံတို့ကိုသာ ခံစံမင်မင် လိုက်စား ခံစားနေခြင်း သည်လည်း စက်ဆုပ်ဖွယ်ဖြစ်၏။ မခံစားရလျှင် မနေနိုင်ခြင်း၊ ခံစားရအောင် ကြိုးစားရခြင်း၊ ခံစားပြီးနောက် ပင်ပန်းနွမ်းနယ်ခြင်းတို့သာဖြစ်၏။ အကျိုးမရှိ စက်ဆုပ်ဖွယ်ဖြစ်၏။ သင့်တင့်လျောက်ပတ်စွာ ရှုဆင်ခြင်ခြင်း၊ လုံ့လစိုက်ခြင်း၊ သတိပြုခြင်း စသည်တို့သာ အမှန်အစစ် အေးချမ်းရာ ဖြစ်၏။

သူ၏ဉာဏ်နှင့် ဆင်ခြင်သောအာရုံ မျှတညီညွတ်သွားသော အခါ၊ သူ၏ ကိုယ်ရောင် ထွန်းပြောင်လာ၏။ ကြည်လင် တောက်ပလာ၏။ ဆံ မုတ်ဆိတ် မျက်လုံး မျက်ခုံး စသော ညိုသော နေရာတို့မှာ ပိုပြီး ညိုလျက် ညိုရောင်သန်းနေသည်။ အသားအရောင်တို့သည်လည်း ရွှေဝါရောင်ထွန်းပြောင်နေ၏။ သွားတို့မှာ အဖြူရောင်၊ ခြေဖဝါး လက်ဖဝါး၊ နှုတ်ခမ်းတို့မှ နီထွေးသော အရောင် စသည်တို့ ဝင်းလက်၍လာ၏။ သူ၏ ကိုယ်စိတ်တို့မှာ ရှေးအခါကနှင့် လုံးဝမတူတော့ချေ။ ထိုအခါ သိဒ္ဓတ္ထသည် သူ၏ အမည်နာမကိုလည်း 'တထာဂတ'ဟု ပြောင်းလဲလိုက်၏။ အဓိပ္ပာယ်မှာ သူသည် ရှေးဘုရားများအလား ထင်ရှား ပေါ်ပေါက်လာခြင်း ဖြစ်၏။ ရှေးကပွင့်ထွန်းခဲ့သော ဘုရားတို့၏အဆက်အနွယ်ကို ထွန်းပြသဖြင့် 'ဂေါတမ ဗုဒ္ဓ'အမည်ဖြင့် ထင်ရှား၏။

သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓအဖြစ်သို့ ရောက်သောအခါ သတ္တသတ္တာဟခေါ် ခုနှစ်ရက် ခုနှစ်လီ စံတော်မူလေ၏။ ထိုအတွင်း

အဇပါလခေါ် ဆိတ်ကျောင်း ညောင်ပင်တွင် စံနေစဉ်အခါ မိမိတွေ့မြင်သော ဓမ္မတရားနှင့် လောကသားတို့ကို ဆက်စပ် လျက် စဉ်းစား၏။

ဘဝများစွာ သံသရာကာလပတ်လုံး ပါရမီ ဆယ်ပါး ကို ဆည်းပူးခဲ့သောကြောင့် ငါသည် ယခုအခါ ဗုဒ္ဓအဖြစ်သို့ ရောက် ခဲ့ပေ၏။ အလွန်ခက်ခဲစွာ ဖြည့်ကျင့်လေသောကြောင့် ဤဘဝ သံသရာ၏ 'ကြောင်းကျိုးဆက်' သဘောတရားကို တွေ့မြင်ရခြင်း ဖြစ်၏။ ဤသဘောတရားမှာ လွန်စွာသိမ်မွေ့ နက်နဲ၍ သိမြင်နိုင် ရန် ခဲယဉ်းလှပေ၏။ လောကသားတို့မှာ လောဘ ဒေါသ မောဟ တို့၏ နှိပ်စက်ခြင်းဒဏ်ကို အပြင်းအထန် ခံနေကြရ၍ သူတို့ သည် ဤ'ကြောင်းကျိုးဆက်'သဘာဝကို တွေးဆရန် အခွင့်မရ ကြချေ။ လောက၏ အခိုက်အတန့် အပျော်အပါးတွင် နှစ်မြုပ်နေ ကြ၏။ အကယ်၍ သူတို့အား ဤသဘာဝတရားကို ဟောကြား ပါသော်လည်း သူတို့၏ အသဲနှလုံးသို့ ရောက်လိမ့်မည် မဟုတ်ချေ။ ဘဝသံသရာတွင် အကြောင်းကို ကြီးစိုးသူ အလွန် တွေ့နိုင်ခဲလှပေ ၏။ ဝါသနာစရိုက်ကို တိုက်လှန့်ပြီး သူသည်သာ လွန်မြောက်ခြင်း တန်ခိုးကို ကြီးစိုးနိုင်၏။ ဤကဲ့သို့သော သူသည်သာ ကြောင်း ကျိုးဆက် သဘာဝကိုသိမြင်၍ ငြိမ်းအေးခြင်း သန္တိသုခကို တွေ့ မြင်နိုင်၏။ ရာဂ ဒေါသ မောဟတို့ နှိပ်စက်ခြင်းကို အပြင်း အထန် ခံနေရသော သူသည် ကြီးစိုးသူ မဖြစ်နိုင်ချေ။ ထိုသူတို့ သည် ငါ၏ အလင်းရောင်သစ် ဖြစ်သော သဘောဉာဏ်ကိုလည်း သိကြမည် မဟုတ်ချေ။ ဤကဲ့သို့သော သူတို့အား ဥပဒေသ ပေး ခြင်းမှာ အချည်းနှီးသာတည်း။ ယခုအခါ ငါသည် ဘယ်သို့ လုပ် ရပါမည်နည်း။ လေးနက်သော သဘောတရားကို လက်ခံနိုင်မည့် သူ ဘယ်မှာနည်း။ လောကသားတို့သည် မောဟဖြင့် ရှုးသွပ်

နေကြ၏။ သူတို့၏ မျက်လုံးတွင် မောဟ ဖုံးကွယ်နေ၏။ သူတို့သည် လောကအပေါ်သို့ ကျော်၍ မမြင်ကြချေ။ ခွေးတိရစ္ဆာန်သည် ခြောက်သွေ့သောအမဲရိုးကို ဝါးပြီး သူ၏ သွားရည်ဖြင့်ပင် အာသာဖြေနေသကဲ့သို့၊ မျက်မှောက် လောကသားတို့လည်း ထိုနှင့် မခြားကြချေ။ သူတို့သည် စင်စစ် သနားစရာများ ဖြစ်ကြ၏။ လေးနက်သော 'ကြောင်းကျိုးဆက်' သဘောတရားကို စိတ်ဝင်စားခြင်း မရှိကြချေ။ ခက်ခဲစွာ ရှာဖွေတွေ့ရှိသော သစ္စာတရားတို့သည် ငါနှင့် အတူတကွပင် ကွယ်ပျောက် တော့မည်လော။ လောကတွင် ထင်ရှားသော ပညာရှိ ကဝိသုခမိန်တို့သည် အစဉ်အလာ၏ ပူဇော်ခြင်း ပိုက်ကွန်တွင် နှောင်ဖွဲ့ခြင်း ခံနေကြရ၏။ သာမန် လူတန်းစားများလည်း လေးနက်သော သဘောတရားရေး ဆိုင်ရာတို့ကို ဂရုမပြု လျစ်လျူရှုနေကြ၏။ သို့ကြောင့် ထိုနှစ်ဦးလုံးပင် စင်စစ် ကြီးစိုးသူ မဖြစ်နိုင်ချေတကား။

ဗုဒ္ဓသည် ဤသို့ စဉ်စားနေစဉ် ရုတ်တရက် လျှပ်ပြက်လိုက် သကဲ့သို့ သူ၏စိတ်တွင် ဥဒက(ရုဒြက) မည်သော ရသေ့ကြီး ပေါ် ပေါက်လာ၏။ ထိုအခါ သူ၏ အသဲနှလုံးသည် နှစ်သက်ကြည်နူးခြင်း ရသကဲ့သို့ နှစ်မြုပ်သွား၏။ 'ဥဒကကား အသက်ကြီးလေပြီ၊ စောင့်စည်းခြင်း သံယမ တရား အပြည့်အဝရှိသော ယောကျ်ားဖြစ်၏။ သူ၏အသဲနှလုံးသည် ကာလ ကြာမြင့်စွာ အကျင့်တပဖြင့် ထုံမွှန်းထားသောကြောင့် သန့်ရှင်း စင်ကြယ်နေ၏။ သူ့ကို နှောင်ဖွဲ့ထားသော အကုသိုလ်တရားတို့မှာ အင်အားမရှိတော့ချေ။ သူ၏ ဉာဏ်အမြင်လည်း စင်ကြယ်နေ၏။ သူသည် အမှန်စင်စစ် ဤလွတ်မြောက်ရေးလမ်းစဉ်ကို တွေ့ဆနိုင်ပေလိမ့်မည်'

ဗုဒ္ဓသည် ဤသို့လျှင် ဥဒက၏ အကြောင်းကို ပြန်ပြောင်းစဉ်းစားပြီးလျှင် သူ့ထံသို့ သွားရန်အတွက် ယခုအခါ သူ ဘယ်

မှာနေသည်ကို စူးစမ်းထောက်လှမ်း၏။ သို့ရာတွင် ဥဒကသည် လူ့ပြည်လောကမှာ မရှိတော့ချေ။ ကွယ်လွန်ခဲ့လေပြီ တကား။ "အို ဥဒက၊ သင်ကား ဆုံးရှုံးခဲ့လေပြီ။ သင်သည် ဤလောကမှ ကြာမြင့်စွာ ထွက်ခွာသွားပြီဖြစ်၍ ငါ၏ လေးနက်သော သဘောတရားတို့ကို သင် မကြားနာရတော့ပေ။ သင်သည် အကယ်၍ အသက်ထင်ရှား ရှိဘိမူ ငါ၏ အလင်းရောင်သစ်ကို အဘယ်မျှ နှစ်သက် ကြည်နူးမည်နည်း"

ဤသို့ မြည်တမ်းပြီးနောက် ဗုဒ္ဓသည် ဆက်လက်၍ စဉ်းစား ပြန်၏။

'ဥတ္တမ (အမြတ်)ကို မရလျှင် မဇ္ဈိမ(အလတ်)ကို မှီဝဲအပ်၏။ အလတ်တန်းလည်း အလတ်တန်းအလျောက်ပင် ငါ၏ ဥပဒေသ ကို သဘောပေါက်လိမ့်မည်။ သဘော ပေါက်သလောက်လည်း အကျိုးပြီးမြောက်နိုင်၏။ သို့ဖြင့် ငါ၏ အလင်းရောင်သစ်လည်း အဆက်ဆက် ထွန်းရစ်ပေတော့မည်'

ဗုဒ္ဓသည် ဤသို့ စဉ်းစားပြီးလျှင် ဒုတိယ သင့်လျော်မည့်သူကို စူးစမ်းပြန်၏။ ချက်ချင်းပင် 'အာဠာရ ကာလာမ' အမည်ရှိသော ရသေ့သူတော်စင်ကို သွား၍မြင်၏။ ဤရသေ့သည် ဥဒက ကဲ့သို့ ထိပ်တန်းစားကား မဟုတ်ချေ။ သို့ရာတွင် သာမည ရသေ့ များနှင့် မနှိုင်းယှဉ်နိုင်သလောက်အောင် ဂုဏ်မြောက်သူ ဖြစ်၏။ ဥဒကမရှိလျှင် သူပင် ထိပ်တန်းဖြစ်၏။ ဗုဒ္ဓသည် သူ၏ အသစ်ဖြစ် သော မြေကို အာဠာရ ကာလာမအား ညွှန်ပြ ထွန်းလင်းစေရန် ဆုံးဖြတ်လိုက်၏။ ထိုနောက် ကာလာမကို စူးစမ်းရာ မကြာမီကာ ပင် ကွယ်လွန်သွားကြောင်း သိရ၍ ဗုဒ္ဓမှာ မျှော်လင့်စရာ မရှိ အောင် ဖြစ်သွား၏။ သူ၏ စိတ်သည် အတွယ်အတာ အကွယ်အ ကာ မရှိသော ကောင်းကင်တွင် လွင့်သကဲ့သို့ ဖြစ်သွား၏။

"ငါ တကိုယ်တည်းပင် ဤလွန်မြောက်မှု ရသကို ခံစားနေတော့မည်လော။ သို့ဖြစ်လျှင် ငါသည် သာမည လူစားနှင့် အဘယ်မှာ ခြားနားတော့မည်နည်း။ သတ္တဝါတို့သည် အဆုံးအပိုင်းမရှိသော ဆင်းရဲဒုက္ခကို ခံစားနေကြရ၏။ ငါမူ အစဉ်ထာဝရ နှစ်သက်ဖွယ်အတိပြီးသော လွတ်မြောက်ခြင်း သုခချမ်းသာ ခံစားနေ၏။ သတ္တဝါအများ ဆင်းရဲဒုက္ခ ရောက်နေကြပြီး ငါတယောက်တည်း လွတ်မြောက်နေသဖြင့် ဘယ် အကျိုးရှိအံ့နည်း။ သို့ဖြစ်ပါလျှင် မြတ်သောရည်ရွယ်ချက်သည် ဘယ်မှာနည်း။ ရှေးအခါက မကြားဘူးသော တရားထူးကို ငါ ရရှိထား၏။ ထိုတရားသည် သတ္တဝါတို့ကို ရွှင်ပြုံး နှစ်သက်စေနိုင်၏။ ထိုတရားသည် သတ္တဝါများ၏ အကျိုးစီးပွားအတွက် မဖြစ်ပါလျှင် သင့်တော်ပါမည်လော။ သို့ရာတွင် ယခုအခါ ဘယ်သူ့အား ဟောကြားရပါမည်နည်း။ စဉ်းစားဝေဖန်ဉာဏ် မရှိသူအား ဥပဒေသ ပေးခြင်းမှာ မမှန်ချေ။ ကျပ်တီးမြေပြင်မှာ စိုက်ပျိုးသော မျိုးစေ့သည် အသီး မသီးနိုင်သကဲ့သို့ ဝေဖန်ဉာဏ် မရှိသူတို့အား လေးနက်သော သဘောတရားပေးခြင်းမှာ အချည်းနှီးသာတည်း။ လူတို့သည် မကောင်းမှုတို့တွင် နစ်မြုပ်နေကြ၏။ သူတို့တွင် ဖုံးကွယ်နေသော မောဟကို အဘယ်ပုံ ဖယ်ရှားခွာပြီး အမှန်တရားကို ညွှန်ကြားရပါမည်နည်း။

ဗုဒ္ဓသည် တတိယအကြိမ်မြောက် စဉ်းစားပြန်ရာ သူ၏ တပည့်များ ဖြစ်ခဲ့ဘူးသော ငါးဦးသောသူတို့(ပဥ္စဝဂ္ဂီယ)အား သွား၍ သတိရ၏။ သူတို့သည် တရံသောအခါက သိဒ္ဓတ္ထနှင့်အတူ ဥရုဝေလတောအုပ်တွင် နေကြလျက် သိဒ္ဓတ္ထအား မျှော်လင့်ကြီးစွာဖြင့် လုပ်ကျွေး ပြုစုခဲ့ကြ၏။ သို့ရာတွင် သိဒ္ဓတ္ထသည် အာဟာရဖြတ်သော ပြင်းထန်လွန်းလှသည့် လမ်းစဉ်အကျင့်ကို စွန့်ခွာ၍

မလျှော့လွန်း မတင်းလွန်းသော အလယ်လမ်း (မဇ္ဈိမ ပဋိပဒါ) သို့ လိုက်သောအခါ သူတို့သည် မကျေမနပ်ဖြစ်ကြပြီး ဗာရာဏသီပြည် အနီး ဣသိပတန အမည်ရှိသော မိဂဒါယ(မိဂဒါဝုန်)တောသို့ သွားနေကြ၏။ သူတို့ကို သတိရသောအခါ ဗုဒ္ဓ၏ အသဲနှလုံးမှာ မျှော်လင့်ချက်ဖြင့် တဖန် လှုပ်ရှား၍ လာပြန်၏။

ပထမနှင့် ဒုတိယမရှိလျှင် တတိယသည် မှန်မြတ်သော ဥတ္တမ ဖြစ်၏။ သူတို့ထံသွားပြီး ငါ၏ တရားသစ်ကို ဖွင့်လှစ်ရပါမူ ကောင်းလေစွ။ စင်စစ် သူတို့၏အသဲနှလုံးမှာ သာမည လူတို့၏ အသဲနှလုံးထက် သန့်ရှင်း စိတ်ဖြူစင်၏။ ငါ၏ ဥပဒေသကို ခံယူနိုင်လိမ့်မည်။ ထိုမှတပါး အခြားသူတို့ကား ငါ၏ ဒဿနိက အယူဝါဒကို လက်ခံနိုင်လောက်သော အသဲနှလုံး မရှိကြချေ။

ဤသို့ စဉ်းစားပြီးလျှင် ဗုဒ္ဓသည် သပိတ်သင်္ကန်းကို ယူပြီး သူတို့ရှိရာ ဗာရာဏသီပြည်ဘက်သို့ ခရီးထွက်ခဲ့လေ၏။ မဟာဗောဓိနှင့် ဂယာ၏အကြားသို့ ရောက်သောအခါ အာဇီဝက ဂိုဏ်းသား တဦးဖြစ်သော ဥပကအမည်ရှိသော ပုဂ္ဂိုလ်နှင့် တွေ့ကြုံ၏။

ဥပကသည် ဗုဒ္ဓ၏ ထွန်းလင်းတောက်ပသော ရုပ်သွင်ကို တွေ့မြင်ရသောအခါ အလွန် ကြည်လင်အံ့သြသွား၏။ သူသည် ရှေးအခါက ဤကဲ့သို့ ထွန်းလင်းတောက်ပသော ရုပ်သွင်ကို တခါမျှ မတွေ့မမြင်ဘူးချေ။ အလှအပတွင် ယေဘုယျအားဖြင့် ဒေါသ မာန ရှိတတ်သော်လည်း ဤပုဂ္ဂိုလ်၏ အလှကား သိရိကျက်သရေ ရှိ၏။ မေတ္တာ ကရုဏာတို့ဖြင့် အေးမြငြိမ်သက်နေရကား သူ၏ သဒ္ဓာတရား လှုပ်ရှားထက်မြက်သွား၏။

"အရှင်၊ သင်၏ မျက်နှာလဝန်းမှာ ထွန်းလင်းတောက်ပ အေးမြပေစွ တကား။ ကြည်နူးဘွယ်အပြည့် တွေ့မြင်ရပါ၏။ သို့ကြောင့် သင့်အား မြတ်သောဉာဏ်အမြင်နှင့် စပ်ယှဉ်သူဟု ငါ

ယူဆ၏။ သင်သည် ဘယ်သူ၏ထံမှ ဤမှန်မြတ်သော အသိဉာဏ်ကို ရခဲ့ပါသနည်း”

မှန်မြတ်သော အသိဉာဏ်ရှိသူတို့သည် ထွန်းလင်းတောက်ပပြီး အေးမြကြည်လင်၏။ ငြိမ်သက် တည်ကြည်၏။ သူတို့၏ တောက်ပခြင်းမှာ နေရောင်ကဲ့သို့ ပူပြင်းတောက်လောင်ခြင်း မရှိချေ။ လရောင်ကဲ့သို့ အေးမြ၏။ လေကဲ့သို့ နူးညံ့၏။ ကျောက်တောင်ကဲ့သို့ တည်ငြိမ်၏။ သူတို့၏ အတွင်းတွင် ကိန်းအောင်းသော အသိဉာဏ်နှင့် ဓမ္မတရား၏ မှန်မြတ်ခြင်းကို အကဲဖြတ်နိုင်ရကား ဥပက အံ့သြစွာ မေးခြင်း ဖြစ်၏။

“အချင်း အာဇီဝက၊ ဘဝသံသရာ၏ ကြောင်းကျိုးဆက် (ပဋိစ္စသမုပ္ပာဒ်)သဘောတရားကို ငါကိုယ်တိုင် တွေ့မြင်ခဲ့ပါ၏။ လောကအာရုံ ကာမဂုဏ်အလုံးစုံကို အကုန်စွန့်လွှတ်ပြီး ဖြစ်သည့်အတွက် ငါသည် အာရုံတို့ဖြင့် လိမ်းကျံခြင်း မရှိတော့ပါ။ တဖန် မွေးဖွားခြင်း၏ အကြောင်းရင်း ဖြစ်သော တပ်မက်ခြင်း တဏှာကိုလည်း စွန့်ခွာခဲ့ပါပြီ။အချင်းအာဇီဝက၊ သို့ကြောင့် ငါသည် ဘဝမှ လွတ်မြောက်သူ ဖြစ်ပါ၏။ အလုံးစုံ အကုန် ထိုးထွင်းသိမြင်သော သဗ္ဗညုတဉာဏ်ကို ရရှိထားသည့်အတွက် ငါ့ကို ဥပဒေသ ပေးရမည့်ဆရာ ဘယ်မှာ ရှိတော့မည်နည်း”

“ဖြစ်နိုင်ပါ၏။ ယခု သင် ဘယ်သို့ သွားမည်နည်း”

ဥပကသည် ကျေနပ်စွာ ဝန်ခံပြီး ဆက်လက်မေးလိုက်၏။

“ငါ ဗာရာဏသီသို့ သွားပါမည်။ ထိုတွင် ငါ နောက်ဆုံး တွေ့ရသော သစ္စာတရားကို ဟောကြားပါမည်။ ထိုတရားကို လောကတွင် ဘယ်သူမျှ တွန်းလှန်နိုင်မည် မဟုတ်ပါ”

ထိုအခါ ဥပကသည် ခေါင်းညိတ်ပြီးလျှင် ရှေ့သို့ ဆက်လက်ထွက်ခွာသွားလေ၏။

ဗုဒ္ဓလည်း ဗရာဏသီပြည်ဘက်သို့ ဆက်လက် သွားလေရာ ဂင်္ဂါမြစ်သို့ အရောက်တွင် မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြစ်ရေလျှံနေသည်ကို တွေ့ရ၏။ သူသည် မြစ်တဖက်သို့ ကူးပြီးလျှင် ပဉ္စဝဂ္ဂီတို့နေရာ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တောအုပ်သို့ ရှေးရှုသွားလေ၏။ ထိုတွင် တရံသော အခါက သူ၏ တပည့်များ ဖြစ်ခဲ့ကြဘူးသော ကောဏ္ဍည၊ ဝပ္ပ၊ သဒ္ဒိယ၊ အဿဇိတနှင့် မဟာနာမ အမည်ရှိသော ရသေ့ငါးဦးတို့ နေကြ၏။ သူတို့သည် ဗုဒ္ဓလာသည်ကို တွေ့မြင်ရသောအခါ အချင်းချင်း ဗုဒ္ဓကို ပြက်ရယ်ပြုနေကြ၏။

"သိဒ္ဓတ္ထကို ကြည့်ကြလော့။ အရပ်တကာလှည့်ကာ တောင်းရမ်းစားသောက်သဖြင့် ဆူဖြိုး၍နေ၏။ သူသည်ဘယ်မျှော်လင့်ချက်ဖြင့် ဤသို့ လာပြန်သည် မသိချေ။ ဤပုံစံဖြင့် ငါတို့၏ အလုပ်အကျွေး ခံရန်ကား မဖြစ်နိုင်တော့ချေ။ သူသည် ဘယ်နည်းနှင့်မျှ ငါတို့လိုလားသော လွတ်မြောက်ခြင်း မောက္ခကို ညွှန်ပြနိုင်မည် မဟုတ်ချေ။ စင်စစ် သံသရာ အနှောင်အဖွဲ့ကို ပိုမိုခိုင်မြဲစေရန်သာ ဖြစ်လိမ့်မည်။ သို့ကြောင့် ဤတွင် သူ ကြာရှည်စွာ မနေနိုင်စေရန် ငါတို့ သူ့ကို ဥပေက္ခာ ပြုသင့်ပေ၏"

ဗုဒ္ဓသည် သူတို့၏ စိတ်နေ သဘောထားကို ကောင်းစွာပင် သိ၏။ သို့ရာတွင် လျစ်လျူရှုကာ သူတို့၏ သင်္ခမ်းကျောင်း အတွင်းသို့ ငြိမ်သက်စွာ ဝင်သွား၏။ သူတို့သည် ဗုဒ္ဓ၏ တန်ခိုး အရှိန်အဝါကို မခံနိုင်ကြချေ။ ဗုဒ္ဓ ဝင်လာသောအခါ ရိုသေစွာ ခရီးဦး ကြိုဆိုကြပြီးကာ မြတ်သောနေရာကို ပေးကြပြီးလျှင် အကြောင်းကို မေးကြ၏။

"အချင်း သိဒ္ဓတ္ထ၊ ဘယ်အတွက် ဤသို့ လာဘိသနည်း"

"ဘိက္ခဝေ ရဟန်းတို့၊ ငါသည် အလုံးစုံကို ထိုးထွင်း သိမြင်သော သဗ္ဗညုတ ဉာဏ်ကိုရ၍ သင်တို့အား လွတ်မြောက်ကြောင်း ဓမ္မတရား ဟောကြားရန် လာခဲ့ပါ၏"

သို့ရာတွင် သူတို့သည် ဗုဒ္ဓ၏ စကားကို ယုံကြည်ကိုးစားခြင်း မရှိကြချေ။ အချည်းနှီး ဝါကြွားသည်ဟု ထင်ကြ၏။ သူသည် အစာ အာဟာရကိုမျှ မမှီဝဲဘဲ အကျင့်တပကိုပြင်းထန်စွာ ကျင့်စဉ်ကပင် ထူးခြားသော အသိဉာဏ် မဖြစ်ပေါ်ခဲ့ချေ။ ယခုကဲ့သို့ အရပ်တကာ လှည့်လည်ပြီး တောင်းရမ်းစားသောက်ကာ ဆူဖြိုးနေသဖြင့် အဘယ်မှာ သဗ္ဗညုတ ဖြစ်နိုင်ပါမည်နည်းဟု စဉ်းစား နေကြ၏။

"ရဟန်းတို့၊ သင်တို့သည် ငါ့အား ယုံမှား၍ မနေကြလင့်။ ငါသည် တရားအလုံးစုံကို အကုန်သိသော ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပေပြီ။ ဘဝသံသရာ၏ ကြောင်းကျိုးဆက် သဘောတရားကို တွေ့မြင်ရပြီဖြစ်၍ ငါသည် ဘဝမှ လွတ်မြောက်ပြီး သောက ကင်းနေ၏။ ထိုတရားကို သင်တို့အား ဟောကြားရန် ငါ လာခဲ့ခြင်း ဖြစ်ပါ၏"

ထိုအခါ သူတို့အထဲတွင် အသက် ဂုဏ်ဝါ သိက္ခာကြီးသော ကောဏ္ဍည ရသေ့က သူတို့အား သြဝါဒ ပေး၏။

"အဆွေတို့၊ ငါတို့သည် သူ၏တရားကို မနာကြားရသေးဘဲ ဗုဒ္ဓ မဖြစ်နိုင်ဟု ဆုံးဖြတ်ရန်မသင့်ပေ။ စင်စစ် သူ၏တရားကို နာကြားပြီးမှ ဆုံးဖြတ်သင့်၏"

ထိုစကားကို သူ့အဖော်များက သဘောတူ လက်ခံကြသဖြင့် ဗုဒ္ဓသည် သူတို့အား ဓမ္မတရား ဟောကြားလေ၏။

"ဘိက္ခဝေ ရဟန်းတို့၊ ဘိက္ခုသည် အန္တ (အဆုံး) နှစ်ပါးကို မမှီဝဲသင့်ချေ။ ယင်းနှစ်ပါးမှာ ကာမဂုဏ် ခံစားခြင်းနှင့် ကိုယ်

ကိုပင်ပန်းစေမှုပင်ဖြစ်၏။ ကာမဂုဏ် ခံစားခြင်းမှာ လူအများ လိုက်စားနေသော အယုတ်တရားဖြစ်၏။ ကိုယ်ကိုပင်ပန်းအောင် ပြုမှုမှာလည်း ရုန့်ရင်း ကြမ်းတမ်းသော အမှုသာဖြစ်၏။ ထိုတရားနှစ်ပါးလုံးပင် သန့်ရှင်းသော ဉာဏ်အမြင်ကို မရနိုင်ချေ။ အစွန်း(အန္တ)နှစ်ဖက်၏ အလယ်ဗဟိုတွင် လမ်းစဉ်ရှစ်ပါးရှိ၏။ ယင်းတို့မှာ ကောင်းစွာကြည့်ခြင်း၊ကြံခြင်း၊ ပြောခြင်း၊ လုပ်ခြင်း၊ အသက်မွေးခြင်း၊ ကြိုးစားခြင်း၊ သတိပြုခြင်းနှင့် တည်ကြည်ခြင်းတို့ပင်ဖြစ်၏။ ဤလမ်းစဉ်ရှစ်ပါးသည်သာ ဖြူစင်မြင့်မြတ်၍ သန့်ရှင်းမှန်ကန်သော အသိဉာဏ်ကို ရမည်ဖြစ်၏။

"ဘဝသံသရာသည် ဆင်းရဲမှုအမှန်ဖြစ်၏။ တွယ်တာမက်မောခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်း အမှန်ဖြစ်၏။ အဆိုပါ လမ်းစဉ်ရှစ်ပါးသည် ငြိမ်းချမ်းခြင်း၏ အကြောင်းရင်း အမှန်ဖြစ်၏။ တွယ်တာမှု မရှိခြင်းသည် ငြိမ်းချမ်းမှု အမှန်ဖြစ်၏"

ထိုအခါ သူတို့သည် ဗုဒ္ဓထံပါးတွင် ဝပ်တွား တောင်းပန်ကြ၏။

"ဘန္တေ၊ ငါတို့အား သနားသဖြင့် ရဟန်းပြုပေးပါလော့"

ထိုအခါ ဗုဒ္ဓသည် လက်ကိုဆန့်၍ သူတို့အား "ဧဟိ ဘိက္ခု"ဟု ခေါ်တော်မူ၏။

"ရဟန်းတို့ လာကြကုန်၊ ဓမ္မတရားကို ကောင်းစွာ ငါဟောကြားခဲ့ပြီ။ ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်သော အကျင့်ကိုကျင့်ကြလော့"

ထိုနောက် သေဋ္ဌေးသား ယသနှင့် သူ၏ မိတ်ဆွေများ။ ထိုနောက် ရသေ့များဖြစ်ကြသော ကဿပ ညီနောင် သုံးဦးနှင့် သူတို့၏တပည့်များ အသီးသီး ဗုဒ္ဓထံတွင် တပည့်ခံကြလေသည်။

ဗောဓိ ညောင်ရွှေ၊ ဗုဒ္ဓဟာအောက်၊ ဆန်း ကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက် ပြင်ထက်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က၊ မြင့် အံ့သသူ၊ သုံးပါးလူဝယ်၊မပြုလျှင်းဘဲ၊ လွန်ကျူး ကဲလျက်၊ အံ့အဲ့စလောက်၊ မိုးဆုံးချောက်မျှ၊ ချီး မြှောက်ကျူးသံ၊ဘုန်းခေါင်လျှံသား၊ဓမ္မံသာမိ၊ မုနိပုင်္ဂဝ၊ သုံးလူ့ဘကား၊ မဆွစွာစွာ၊ ဝါဆို ခါ၌၊ ဗာရာဏသီ၊ ပြည်ကိုမှီ၍၊ ဝဂ္ဂငါးယောက်၊ ရှင်တို့မှောက်ဝယ်၊ ကြားချောက်ဘဝဂ်၊ ဓမ္မ စက်ကို၊ သံမြွက်ဝှဲ့ချီး၊ ဟောပေးပြီးမှု၊ ချေချွတ် ပြုမှု၊ ဥရုဝေလ၊ ကဿပကာ၊ စသည် ညီနောင်၊ ရှင်တထောင်အား၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွာ၍၊ အရာ နှောက်တော်၊ ပါအောင်ခေါ်ပြီး၊ ပြည် ကျော်နဂိုရ်၊ ရာဇဂြိုဟ်တွင်၊ ရောက်လုံ့ကျင်မှ၊ ဖူး မြင်လာရှောင်း၊ တသိန်းပေါင်းနှင့်၊ နှစ်သောင်း မကြွင်း၊ဗိမ္ဗိမင်းကို၊ လင်းစေမျက်မှောက်၊ အမိုက် ဖျောက်၍၊ရောက်ဘုံထိုခါ၊ ဝါလနီးသော်၊ စော စီးရှင်မွန်၊ ဝေဠုဝန်၌၊ တဖန်ပျော်မိန်း၊ ငြိမ် သက်ကိန်းသည်၊ ရွှန်ဝိန်းမင်္ဂုလ် ပီတိတည်း။

အတွင်းဆောင် ရှုခင်းဖြစ်၏။ သုဒ္ဓောဒန မင်းကြီးသည် ဝိဏာ (စောင်း) ကို စိတ်ပါလက်ပါ တီးနေ၏။ သူ၏အနားတွင် ကချေသည်တဦး လက်တဖက်က စည်း၊ လက်တဖက်က လက်ခတ် (ဝါး) ကို ကိုင်လျက် စည်းဝါးလိုက်ကာ သီချင်းသီနေ၏။ သီချင်းသံနှင့် စောင်းသံမှာ ရောထွေးနေ၏။ အမှတ်တမဲ့ဖြစ်ပါလျှင် စောင်းသံနှင့် သီချင်းသံကို ခွဲခြားဘို့ ခက်၏။ ဤအတွင်းမှာ ဂေါတမီဝင်လာသည်။ တစုံတရာပြောလို၍ ဖြစ်သော်လည်း မင်းကြီးမှာ စောင်းတွင် စိတ်ဝင်စားနေ၍ ကိုယ်ရှိန်သတ်ကာ အလိုက်သင့် စောင့်နေ၏။ မင်းကြီးသည် သူဝင်လာသည်ကို သိသော်လည်း တီးလုံးမဖျက်ချေ။ ပြီးဆုံးအောင် တီးပြီးမှ ပြုံး၍ နှုတ်ဆက်၏။

"အကြောင်းထူးရှိသလား ဂေါတမီ"

"အကြောင်းကတော့ အမြဲထူးနေတာဘဲ မောင်တော်။ သားတော်ပြန်ပြီး မရောက်မချင်း ထူးနေမှာဘဲ။ သူတောထဲမှာနေတုန်းက တောထဲမှာကိုလို့ ဆိုပြီး ဖြေနိုင်သေးတယ်။ အခုရာဇဂြိုဟ် ရောက်နေပြီဆိုတော့"

"အေးလေ ဒါကြောင့် တမန်တွေကို အထပ်အထပ်လွှတ်ခဲ့ပြီ မဟုတ်လား ဂေါတမီ။ တမန်ကိုးယောက် ကိုးခေါက်ရှိသွားပြီ။ တမန်တယောက် တယောက်မှာလဲ လူတထောင်စီ ပါသွားတယ်။ လူပေါင်းကိုးထောင် ရှိသွားပြီ။ ကြာရင် ကပိလဝတ်မှာ လူကျန်အုံးတော့မယ်လား"

"ဒီလူကိုးထောင်အနက် တယောက်တလေမှ ကျေးဇူးသစ္စာစောင့်သိတဲ့လူ မရှိတာ အံ့ဩမိပါရဲ့။ သတင်းစကားဖြစ်ဖြစ်၊ ပြန်ကြားဘို့ သင့်ပါတယ် မောင်တော်"

"ကိုးယောက်သာမဟုတ်ဘဲ ကိုးထောင်ဖြစ်နေတော့ သူတို့ကို ကျေးဇူး မသိတတ်ဖူး၊ သစ္စာမရှိကြဘူးလို့ စွပ်စွဲဘို့ ခက်ဘယ်။ ရေများလျှင် သန့်ရှင်းသလို လူအများဟာလဲ များသော အားဖြင့် အပြစ်ကင်းကြတယ်။ ဒီ့အနေကိုဘဲဖြစ်ဖြစ် စိစစ်ဝေဖန်ဘို့ လိုကောင်း လိုလိမ့်မယ် ဂေါတမီ"

"သို့ရာတွင် သူတို့တွေအားလုံး နောက်ကြောင်းကို မေ့ပြီး ရဟန်းလုပ်နေကြတယ်လို့ လှည်းကုန်သည်တွေဆီက သတင်းရတယ် မောင်တော်"

"အေးလေ ဒါကြောင့် သူတို့အပေါ် အပြစ်တင်ဘို့ ခက်တာပေါ့။ သူတို့ဟာ ဘာကြောင့် နောက်ကြောင်း မေ့ကြရသလဲ။ ဘယောက်လဲမဟုတ်၊ နှစ်ယောက်လဲမဟုတ်။ လူပေါင်းကိုးထောင်ဖြစ်နေတယ်။ သူတို့ဟာ ဒီကို တော်လှန် ပုန်ကန်တာလဲ မဟုတ်ဖူး။ ရဟန်းလုပ်ကြတာကို ဒို့အနေနဲ့ သဘော မပေါက်သော်လဲ ကန့်ကွက်စရာ အပြစ်ဘင်စရာ ဘာမျှမရှိပေဘူး ဂေါတမီ"

"ဂေါတမီအနေနဲ့ နောက်ထပ် တမန်လွှတ်ချင်ပါသေးတယ်။ တမန်ထပ်လွှတ်တယ်ဆိုရင် သမီးတော်မှာ မျှော်လင့်ဘွယ် ဖြေ

စရာ ဖြစ်မလားလို့ပါဘဲ။ အခုဆို သူ့ခမျာ အတော်သနားစရာ ဖြစ်နေရှာတယ်။ ချွေးမဖြစ်လို့ တာဝန်ကျေရုံသာ ဆောင်ရွက်ပေး တယ်လို့ ယူဆသွားမှာလဲ စိုးရသေးတယ် မောင်တော်"

"အေး၊ ဒို့အနေနဲ့ သမီးတော်ရဲ့ မျက်နှာကို ထောက်ထား ညှာတာသလို ပြည်သူပြည်သားတို့၏ မျက်နှာကိုလဲ သက်ညှာရ လိမ့်မယ်။ ဒီအရေးအခင်းဟာ ကိုယ်ရေးကိုယ်တာဖြစ်နေလို့ ပြည် သူတို့၏ အလိုဆန္ဒနဲ့ ဆန့်ကျင်ပြီး မလုပ်ထိုက်ဖူး။ အခုလောက် အခေါက်ခေါက် လွှတ်နေဒါဘဲ လွန်လွန်းလှပြီ ဂေါတမီ"

"မှန်ပါတယ် မောင်တော်၊ သို့ရာတွင် ဒီအရေးကို လုံးဝ ကိုယ် ရေးကိုယ်တာ သက်သက်လို့ မဆိုနိုင်ပါဘူး။ သူတို့ကိုယ်တိုင်ကလဲ သားတော်ကို မင်းသားအနေနဲ့လဲ ချစ်မြတ်နိုးကြပါတယ်။ ပြီး တော့ သားတော်ကို ဗုဒ္ဓမြတ်စွာဖြစ်တယ်လို့ ယုံကြည်ပြီး ဖူးမြင် ချင်နေကြပါတယ်။ ဒီအကြောင်း ဥဒါယီကို မေးကြည့်ရင် ပိုသိ ပါလိမ့်မယ်"

"ဒီလိုဆိုရင် နောက်ဆုံးအနေနဲ့ လွှတ်ချင်လွှတ်ကြည့်ပါလေ။ သို့ရာတွင် အကြောင်းထူးလိမ့်မယ်တော့ မထင်လှပါဘူး။ အရင့် အရင်က တမန်တွေလို မပြန်တာတွေဘဲ ဖြစ်လိမ့်မယ် ထင်တယ်။ ဒီအခါ သူတို့ကို အပြစ်မတင်နဲ့"

"ဒီတခါ အပြစ်တင်ဘို့အကြောင်း ရှိမယ်မထင်ဘူး မောင် တော်"

"ဘာကြောင့်လဲ ဂေါတမီ"

"တကယ်လို့ ဥဒါယီကို လွှတ်ရင် အစစအဆင်ပြေမှာပါဘဲ။ အမတ်တွေထဲမှာ အတွင်းကျကျ အရင်းနှီးဆုံးလဲဖြစ်တယ်။ သား တော်နှင့် ဖွားဘက်၊ ကစားဖော် ကစားဘက်လဲ ဖြစ်တယ်"

"အေး၊ အရင်အခေါက်တွေထဲက သူ့ကိုလွှတ်ဖို့ ငါသတိရခဲ့တယ်။ သို့ရာတွင် ဒီမှာ သူမရှိလဲ မဖြစ်နိုင်စရာတွေ ရှိနေလို့ တမင်ချန်ထားခဲ့ဒါဘဲ။ သူဆိုရင် သူ့သူငယ်ချင်းကို အတင်းအကြပ်တောင် ခေါ်ဆောင်နိုင်လိမ့်မယ်။ ဘာဘဲဖြစ်ဖြစ်လေ။ ခုတခါတော့ သူ့ကိုလွှတ်ခြင်းသာ အကောင်းဆုံးဖြစ်လိမ့်မယ်။ (အဆောင်ကိုင်များဘက်သို့လှည့်၍)၊ ဟဲ့ တယောက်လာစမ်း၊ သွား၊ ဥဒါယီကို ခေါ်ချေစမ်း"

ကပိလဝတ်နှင့်ရာဇဂြိုဟ်မှာ ခရီးယူဇနာ ၆၀ ဝေးကွာသည်။ သူတို့ကား အပြင်းခရီးတက်ကြသည်။ အားလုံးပင် မြတ်စွာဘုရားကို စိတ်ဝင်စားနေသူများ ဖြစ်၍ ရက်အနည်းငယ် အတွင်းမှာပင် ရာဇဂြိုဟ်သို့ ဆိုက်ရောက်သွား၏။ ဥဒါယီတို့ ရောက်သော အချိန်မှာ မြတ်စွာဘုရားသည် တရားဟောနေ၏။ ဘုရားအပါးသို့ မသွားနိုင်ကြပေ။ ပရိသတ်များ၏ နောက်နားကပင် တရားနာကာ စောင့်နေကြရသည်။ တရားပွဲသိမ်းသည်နှင့်တပြိုင်နက် သူတို့ကိစ္စကို ဆောင်ရွက်ကြမည်ဖြစ်၏။ တရားပွဲရုပ်သိမ်းသောအခါ မြတ်စွာဘုရားကပင် စတင်၍ခေါ်၏။ ရှေးဦးစွာ ဥဒါယီကို ခေါ်၏။

"ဧဟိဘိက္ခု ရဟန်းလာလော့"

ဥဒါယီသည် တရားနာရင်းပင် ရဟန်း ဖြစ်နေသည်။ သို့ကြောင့် သူ့အား ရဟန်းဟု ခေါ်ခြင်းကိုကောင်းစွာ သဘောပေါက်ကာ ဘုရားထံသို့သွား၏။ ထို့နောက် မြတ်စွာဘုရားသည် အခြား သူ၏ သူရဲကောင်းများကိုလည်း ရဟန်းတို့ လာလှည့်ကုန်ဟု ဆက်လက်၍ ခေါ်လေသည်။ ဥဒါယီကဲ့သို့ပင် အလုံးစုံ ရဟန်းချည်း ဖြစ်ကုန်ကြ၏။ သူတို့သည် ရဟန်းဘဝသို့ရောက်ကာ သမဏသုခကို အပြည့်အဝ သာယာခံစားနေကြ၏။ ဟော

ခန့်ပြောင်းစ တပေါင်းလသို့ ရောက်သောအခါ ဥဒါယိသည် သူ၏ တာဝန်ကို ပြန်လည်သတိရကာ မြတ်စွာဘုရားအား ပင့်လျှောက်ရန် ကြိုးစား၏။ သူ့အရင် တာဝန်ထမ်းဆောင်နေခဲ့ကြသော တမန်တော်ဟောင်း ရဟန္တာအရှင်မြတ်ကြီးများထံ ချဉ်းကပ်ပြီး အကျိုးအကြောင်း လျှောက်ထား ဆွေးနွေး၏။ သူတို့လည်း ဧဟိ ဘိက္ခုဖြစ်ကြပြီးနောက် အသီးသီးပင် ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့ ပူးပေါင်းစိမ့်ငှာ တောင်းပန်ထွာကြသည်။ သို့ရာတွင် မြတ်စွာဘုရား ခွင့်ပြု လက်ခံခြင်း မရှိ၍ အေးအေးပင် စျာန်ချမ်းသာဖြင့် သာယာနေကြသည်။ ဥဒါယိ စဉ်းစားသည်။ သူတို့အတိုင်းလုပ်ပါလျှင် သူတို့လိုပင် ဖြစ်မည်။ အခြားနည်းလမ်းကို ရှာကြံဦးမှ ဖြစ်မည်။ သူသည် တပေါင်းနွေလ ဝသန္တဟု သာလှပျော်မွေ့ ခါရတု၏ လှပကြည်နူးဘွယ်ကောင်းသော သြကာသလောကကို ရှုမောမိ၏။

ပေါ်လုပေါ်လု၊ ညွန့်သစ်နုနှင့်၊ ရတုသာထွေ၊ နွေကားရောက်ပြီး၊ ဆောင်းအမြီးဟု၊ ခရီးလမ်းလျှဉ်၊ ခက်ချင်းယှဉ်သား၊ ပင်စဉ်ဖြူးဖြူး၊ရိပ်ခက်ကူး၍၊ ငှဲဖူးစိစို့၊ တချို့ကားပွင့်၊ ကင်းနှင့်မည်း၊ မီးလျှံသဖွယ်၊ ဝင်းဝင်းကယ်မျှ၊ မှိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြုလျက်၊ ပျံ့ကြူအေးအေး၊ လေညင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံလျက်၊ ပြောဘုံခန့်ကျုံး၊ ပွင့်ရောင်ဖုံးသည်၊ တောလုံးညွန့်သစ်လှန့်ပြီတည်း။

သူ၏စိတ်သည် ဝသန္တရတု၏ လှပသောသဘာဝတွင် နစ်မြုပ်သွား၏။ ကပိလဝတ်မှ ရာဇဂြိုဟ်သို့ လာခဲ့သော ခရီးလမ်းတ

လျှော်ကိုပြန်လည်သုံးသပ်ဆင်ခြင်၏။ အဘယ်မျှ သာယာဘွယ် ကောင်းဘိသနည်း။ တောသဘာဝသည် တကယ်ပင်လှပနေ၏။ လေခ မြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တော လုံးဝင်း၍ နေတော့။

# ဂါထာ ခြောက်ဆယ်

၁။ ခုအခါ အရှင်တို့၊ အပင်တို့မိးသွင်၊
အသီးကို ရှာဖွေကြ၊ ခွာလေကြ ရွက်ကျင်၊
စင်စစ်လျှင် ကြည်လင်တောက်ပ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂။ ဆန်းကျယ်စွာ သစ်ပင်တို့၊ ချစ်ရှင်ပျို့စရာ၊
နီတျာ ဖူးညွန့်ရွက်၊ လူးလွန့်လျက်ဝေဖြာ၊
ရတနာ ပဏ္ဏာပပမာတူလှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၃။ အဖျားတွင် လန်းတင့်သို့၊ ပန်းပွင့်တို ဆင်ကာ၊
နှစ်လိုဖွယ် ဆင်းရနံ့၊ သင်းတပျံ့ကြိုင်စွာ၊
ပင်ရက္ခာ ဝဲယာတင့်ကြ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄။ မြောက်မြားစွာ တောနယ်မှ၊ ပေါကြွယ်ဝသီးရှင်၊
ဆန်းကြယ်စွာ ပင်ခပဲ၊ ယာဝဲထက် ကောင်းကင်၊
ဆာလောင်လျှင် သုတ်သင်ကုန်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၅။ စင်ကြယ်စွာ ညွန့်ရွက်တို့၊ ကွန့်ရှက်တဲ့ မာလာ၊
ဥဒေါင်းတောင် ဆင်အကွက်သို့၊ လွန်နှစ်သက်စရာ၊
ပင်ရက္ခာ ဝဲယာတင့်လှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၆။ ကြည်နူးဘွယ် ညွန့်ရွက်နှင့်၊ ကွန့်ရှက်တဲ့ သီးတွေ၊
ဆင်ယင်ကာ ဝေဖြာလှ၊ နေရာကျအိမ်ပေ၊
အပန်းပြေ ခရီးရှေ့နွမ်းလျှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၇။ ပွင့်ဝေဖြာ စုံကနက်၊ ချုံထက်၌ တွယ်ကာ၊
ကြည်နူးဘွယ် ဆန်းကြယ်လှ၊ ပန်းနွယ်မြ ရတနာ၊
မဏ္ဍာပ်ပမာ ဖြေပါကုန်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၈။ ပင်ထက်တွင် သွယ်တန်းတဲ့၊ နွယ်ပန်းတို့ မူရာ၊
ချစ်သသူ ယှဉ်တူကွ၊ ယှဉ်သူဇာ့ပမာ၊
မွေးနံ့ပြာ မာယာနှောင်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၉။ ဖြူနီပြာ ရောင်စုံမြူး၊ ကြည်နူးဘွယ် ဆင်းဝါ၊
ထက်ဝန်းကျင် ငှက်တဝေး၊ ကြော်ကြွေးကြလေပါ၊
ချစ်စရာ ချိုသာပျော်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၀။ အလွန်လျှင် တင့်ကြွားသည့်၊ သားအများ တွေ့လာ၊
နွားစွင့်ကာ ချစ်မျက်လုံးနှင့်၊ ရှင်ပြုံးမွေ့စရာ၊
ဝန်းကျင်မှာ ပြေးပါကုန်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

ဂါထာ ခြောက်ဆယ်

၁၁။ ထက်ဝန်းကျင် ထွေထူးနှင့်၊ ကြည်နူးဘွယ် မြေခင်၊
စိမ်းရောင်စို နေဇာမြက်၊ ဝေဖြာလျက် တင့်ပြင်၊
ပွင့်သစ်ပင် ပန်ဆင်တမျှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၂။ ကောင်းမွန်စွာ သဲပွတို့၊ ပုလဲသွင့် စီရင်၊
နူးညံ့စွာ ကိုယ်အတွေ့၊ သိမ်မွေ့မွေ့ဆင်ယင်၊
ပတ်ဝန်းကျင် တင့်ပြင်တောက်ပ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၃။ သိမ်မွေ့စွာ ညီအမျှ၊ စင်ကြယ်လှ မြေပြင်၊
ညွှတ်နူးဘွယ် ပန်းရနံ့၊ သင်းပျံ့ပျံ့ကြည်ရွှင်၊
ညောင်စောင်းသွင် တင့်ပြင်သာစွာ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၄။ ကောင်းစွာပြင် နန္ဒနှ၊ တောဝန သဖွယ်၊
ဆန်းကြယ်စွာ သင်ပင်တို့၊ ဝန်းရံလို့ တင့်တယ်၊
ရနံ့ကြွယ် တောနယ်သာလှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၅။ အိုင်တို့သည် အဆန်းဆန်း၊ အခန်းခန်း မှိုင်ပေ၊
ဆင်ရင်ကာ ဖူးကြာပန်း၊ မူယာရွှင်း လှိုင်ဝေ၊
အေးကြည်ရေ လျှံဝေသာလှ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၆။ ကြာမျိုးစုံ ဖူးရွှင့်လို့၊ ဖူးအပွင့် လူလူ၊
ကြည်နူးဘွယ် ဆင်းအနံ့၊ သင်းပျံ့ပျံ့ ကြူကြူ၊
နတ်နှင့်လူ မွေ့ကြူကုန်ကြ၊
ကြီးမြတ်သူလဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၇။ ဖူးပွင့်ကုန် ဝေဖြာလန်း၊ ရွှေကြာပန်းထက်မှာ၊
ထက်ဝန်းကျင် ငှက်တဝေး၊ ကြော်ကြွေးကြ ကုန်ပါ၊
ချစ်သက်လျှာ မကွာရှင်ပြု၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၈။ ဆောင်ကြကုန် လန်းတင့်ကြွ၊ ပန်းပွင့်က ဝတ်ရည်၊
ပိတုန်းတွေ သံမစဲ၊ ပျံဝဲကြ လှည့်လည်၊
ရပ်ရှစ်မည် ပျားရည်လှိုင်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၁၉။ သံမျိုးစုံ အကုန်လှစ်၊ တမုန်ရစ် ဆင်တွေ၊
ရေတံခွန် သေလာမှ၊ ဝေဖြာကျ ထွေထွေ၊
ချောင်းမြစ်ရေ စီးနေတင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၀။ ပတ်ဝန်းကျင် အမြင်ကြွား၊ အထင်ရှား သေလာ၊
မယူရာ ဒေါင်းလည်မွေးသို့၊ ရောင်အသွေး နီလာ၊
ရပ်ဆင်ပမာ လွန်စွာတင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၁။ တောင်ထိပ်တွင် စုပေါင်းတဲ့၊ ဥဒေါင်းငှက် များစွာ၊
ကချေသည် ခင်အလှသို့၊ သွင်တမျှ ကကာ၊
ချိုသာသာ တွန်ပါကုန်ကြ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၂။ ကြည်နူးဘွယ် ရွှက်တူကျေး၊ ကြက်တူရွေး တဘော်၊
ဆန်းကြယ်စွာ အတောင်နှင့်၊အရောင်ဝင့် မွေ့လျော်၊
တောင်ထွတ်ပေါ် ကြွေးကြော်ကုန်ကြ၊
ကြီးမြတ်သူ လဲ့လှဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၃။ မျိုးစုံစွာ ဆန်းတင့်တဲ့၊ ပန်းအပွင့် ရောင်ဖြာ၊
ထွေတလာ နံ့အသက်၊ ခက်အလက် တန်ဆာ၊
ဝန်းကျင်မှာ သေလာတင့်စွ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၄။ တည်ရှိနေ ရေအနံ့၊ သင်းပျံ့ပျံ့လှိုင်ဝေ၊
သိကြွားပြည် ဥယျာဉ်တွင်း၊ တည်နေခြင်း ရေနေ၊
စီးတွေတွေ မြစ်တွေတင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၅။ ဆန်းတကြယ် ဆိပ်ကမ်းနှင့်၊ ခမ်းအနား တထွေ၊
သားမျိုးစုံ ငှက်ထောင်ပိုက်နှင့်၊ နှစ်ခြိုက်ဖွယ်ပေ၊
စီးတွေတွေ မြစ်တွေသာလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၆။ ဝဲနှင့်ယာ လှမ်းမဝေး၊ လမ်းဘေးက ရေမှာ၊
လှပစွာ ဆင်းရနံ့၊ သင်းတပျံ့ရကွာ၊
နတ်ကညာ တန်ဆာဆင်သ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၇။ မွေးနံ့ဖြာ သစ်ပင်မျိုးနှင့်၊ ချောင်းရိုးတို့ သွယ်သွယ်၊
နတ်ဥယျာဉ် ပုံမခြား၊ စုံတလွှား ဆန်းကြယ်၊
ခရီးသယ် ကြည်ဘွယ် ထာဝရ
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၀။ အမျိုးမျိုး စားအသောက် များမြောက်လို့ စင်ကြယ်
အရသာ အပြည့်နှင်း၊ ထမင်းဟင်း သွယ်သွယ်၊
လမ်းတို့ဝယ် ရလှယ်ပါလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၂၉။ ထက်ဝန်းကျင် မြေတခွင့်၊ အလွန်တင့် လေပါ၊
ဆန်းတကြယ် ရောင်အဆင်း၊ ပန်းအခင်း ညဥ့်ခါ၊
ဣန္ဒ ဂေါပါ တန်ဆာ ဆင်သ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းဝင်းတို့၊ ထွန်းလင်းကာလ။

၃၀။ သမ္ဗုဒ္ဓံ မြတ်ဘုရား၊ လွန်လိုလား ဖူးချင်၊
စင်ကြယ်စွာ သဒ္ဓါဒိ၊ စရို ဂုဏ်အင်၊
လူများဖြင့် ဝန်းကျင် ရှိကြ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ထွန်းလင်းကာလ။

၃၁။ ဆန်းတကြယ် သာယာလှ၊ အာရာမ ကန်လယ်၊
ဆန်းတကြယ် ဖြာကာမိုး၊ကြာအမျိုး ဖုံးကွယ်၊
နို့ကြာစွယ် လိုင်ကြွယ်ရသ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်းကာလ။

၃၂။ ဆန်းတကြယ် နီလာမိုး၊ ညီညာဖြိုး တန်ဆာ၊
ကြည်နူးဘွယ် ပင်ခပဲ၊ ယာနှင့်ဝဲ ဝေဟာ၊
မြင့်မောက်စွာ သတ္တာ သမူဟ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်းကာလ။

၃၃။ ဆန်းတကြယ် မိုးပြာလား၊ ထိုးကာသွားဝနေ၊
သိကြားပြည် နန္ဒန၊ တောဝန မသေ့၊
ချိန်တိုင်းပေ မွေးနေပန်းလှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်းကာလ။

၃၄။ ယူဇနာ ဇနာဘိုင်း၊ ခြားပိုင်း၍ သွယ်သွယ်၊
ကြည်နူးဘွယ် ရှုအများ၊ စာအစား ရလွယ်၊
လူစုံကြွယ် စားဘွယ် ပေါလှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းဝင်းတို့၊ထွန်းလင်းကာလ။

၃၅။ ပေါ်လှုပ်ပါ ရေအရိပ်၊ ဖြေသိပ်ဖို့ သာယာ၊
နေထိုင်သူ အကုန်လုံး၊ ရွှင်ပြုံးချမ်းသာ၊
များလှစွာ တည်းခိုရာ ကျယ်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၃၆။ ဆန်းတကြယ် ဝေဖြာနှော၊ ရွှေကြာတော ပန်းပင်
ကြည်နူးဖွယ် ရေကန်လှ၊ ဥယျာန တခွင်၊
ဖန်စီရင် ပုံ့ရွှင် သာလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၃၇။ လေပြေသည် သိမ်သိမ်မွေ့၊ငြိမ်ငြိမ်ကလေ့ သွေးကာ၊
ကောင်းကင်သည်ထက်ဝန်းကျင့်၊တိမ်တိုက်နှင့်ကင်းကွာ၊
ရပ်ဒီသာပတ်ချာတင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၃၈။ လမ်းပန်းတွင် မြူမှုန်များ၊ မဝင့်ကြွား သည်သာ၊
ညဥ့်အခါ မိုးဖွဲလေး၊ တဖြည်းဖြည်း စွေရွာ၊
ကောင်းကင်မှာ နေဝါသာလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၃၉။ မုန်ရစ်သော နှာမောင်းဖြင့်၊ ဆင်အပေါင်း များစွာ၊
ဆင်မတွေ အများနှင့်၊ ကစားကြကုန်ပါ၊
ရပ်မျက်နှာ ပြေးကာ ဟစ်ကြ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၀။ စိမ်းရောင်စို တောဝန်း၊ ပြောစရာ သာယာ၊
နီလာရောင် ကောင်းကင်ထွတ်သို့၊ နူးညွတ်စရာ၊
တွေ့လေပါ လွန်စွာအံ့ရ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ထွန်းလင်းကာလ။

၄၁။ တိမ်ကင်းစင် အာကာသ၊ တင့်တယ်လှ ပေပါ၊
ညီမျှစွာ ဆင်ယင်ထား၊ မြအလား ပမာ၊
ရပ်မျက်နှာ လွန်စွာတင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၂။ ကိန္နရာ ဝိဇ္ဇာဓရ၊ ဂန္ဓဗ္ဗ ထွေလာ၊
သာယာစွ တေးဂီတ၊ သီကျူးကြ တေတျာ၊
လှည့်လည်ကာ သာယာပါလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၃။ ကိလေသာ ဖွဲ့အသင်း၊ ကြောက်ရှုံခြင်း ပြင်းစွာ၊
တပဿီ သူတော်ကောင်း၊ ခိုအောင်းသည့် ဝနာ၊
ပြည့်ကြွယ်စွာ ခန်းဝါ တူလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၄။ သီးမျိုးစုံ ပေါကြွယ်လှ၊ တောဝန ဟောမာ၊
အန္တရာယ်ကင်းစင်ပ၊ ခါနိစ္စသာယာ၊
ဈာန်သမာ တိုးကာ ရှင်ပျ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၅။ ငှက်မျိုးစုံယှဉ် တွဲလို့၊ စဉ်အမြဲမှီကာ၊
နေကြပါ တရွာမှ၊ ခွာခဲ့ကြ တရွာ၊
ပြည့်ပြည့်မှာ ကျေးရွာပြည့်မျှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၆။ စားသောက်ဖွယ် ထည့်အလိပ်၊ အိပ်ရာနှင့် နေရာ
မွှေးနံ့သာ ပန်းမာလ၊ လိမ်းချယ်သ နံ့သာ၊
ထိုရပ်ရွာ ချမ်းသာ ပေါလှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၇။ ကုသိုလ်ကံ စွမ်းအားဖြင့်၊ ထင်ရှားလှ ကုန်ပါ၊
ထို့အပြင် လူထိုမျှ၊ ကြွယ်ဝလို့ ချမ်းသာ၊
မြောက်မြားစွာ ဘောဂါပြည့်ဝ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၈။ ထက်ကောင်းကင် တိမ်ခပင်း၊ သန့်သန့်ရှင်း ရောင်ဝေ၊
ရပ်ဒိသာ ငွေလမင်း၊ လွန်အမင်း သာပေ၊
ညဥ့်ခါလေ လေပြေ အေးမြ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၄၉။ လထွက်လျှင် လူအလုံး၊ ရွှင်ပြုံးလို့ ကြည်ဖြူ၊
ဆောင်ရုံတွင် ဆန်းအပြား၊ ပြောကြားကြ မွေ့ကြူ
ကြင်ချစ်သူ ယှဉ်တူအားရ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့ ထွန်းလင်းကာလ။

၅၀။ ငွေစန္ဒာ အရောင်ဖြင့်၊ ထက်ကောင်းကင့် ရောင်ဝါ၊
ကြည်နူးဘွယ် မြေပြင်လဲ၊ အလွန်ဘဲ သာယာ၊
ရပ်ဒိသာ လွန်စွာ လှပ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်းကာလ။

၅၁။ ငွေစန္ဒာ လရောင်အေး၊ အဝေးကပင်မြင်
မြေပြင်တွင် ပန်းပွပွ၊ ပွင့်လေကြ စုံလင်၊
ပတ်ဝန်းကျင် နံ့ရှင်လိုကြ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၂။ ငွေစန္ဒာရောင်လွှဖြင့်၊ ချယ်သတဲ့ မြေပြင်၊
ပတ်ဝန်းကျင် ပန်းအလှ၊ ဆန်းသမျှ ပန်ဆင်၊
လှမျက်ရှင် ပုံသွင် တင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၃။ ဆင်တို့သည် ကဆုန်ပစ်၊ အမုန်ရစ် မွေ့ကြည်၊
ဆန်းတကြယ် မြီးဆံရှက်၊ ကျေးငှက်တို့ ဝန်းလည်း၊
မြိုင်တောစည် ကျူးမြည်သာလှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၄။ လမ်းသွယ်သွယ် များစွာတို့၊ သွားလာဘို့ သင့်စွာ၊
နိုင်ငံတော် နယ်အမျှ၊ ကြွယ်ဝလို့ ချမ်းသာ၊
ပစ္စည်း ဥစ္စာ ချမ်းသာ ပေစွ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၅။ အလုံးစုံ တောဝန၊ ပြောစရာ ဆန်းရင်၊
ကောင်းမွန်စွာ ဖန်သသည့်၊ နန္ဒန အသွင်၊
သူတော်စင် ပျော်ရှင် နိစ္စ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့ ထွန်းလင်း ကာလ။

၅၆။ ဆင်တန်ဆာ ဆင်ယင်ထား၊ သိကြားပြည့် ပမာ၊
ကပိလ ဝတ္ထုဟု၊ ခေါ်ပြုသည့် နာမ၊
ကိုယ့်ပြည်ရွာ ခု ခါသာလှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၇။ ကြည်နူးဖွယ် ပြအိုးနှင့်၊ အလှမျိုး မွေ့ကြည်၊
ပွင့်ဝေဖြာ ကြာဖုံးတဲ့၊ သာကျုံးက ပတ်လည်၊
ဆန်းညွှန့်တည် နေပြည်သာလှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်း ကာလ။

၅၈။ ဆန်းတကြယ် တတိုင်းနှင့်၊ တုရိုဏ်းက တမည်၊
လှပစွာ ဝေဖြာပတ်၊ ဒေဝါနတ် စံတည်၊
မွေ့လျော်စည် နတ်ပြည် လမ်းမ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ ထွန်းလင်းကာလ။

၅၉။ ဝတ်ဆင်ကာ ဖြာစီကျ၊ သာကီယ များစွာ၊
နှစ်လိုဘွယ် ပေါင်းရုံးတဲ့၊ အကောင်းဆုံး တန်ဆာ၊
နှုတ်ပြည်မှာ ဒေဝါတမျှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ထွန်းလင်း ကာလ။

၆၀။ အို အရှင်သုဒ္ဓောဒန၊ ဗုဒ္ဓေါ ဘဂဝ ဖူးလို၊
ဆယ်ကြိမ်တိုင် စေလွှတ်ကြား၊ အမတ်သားတို့ကို၊
ပို့အမို လူဗိုလ်နှင့် တကွ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ထွန်းလင်း ကာလ။

၆၁။ ကြွမလာ မြင်အကြား၊ စကားလည်း မဝေ၊
ရှင့် တွက်တာ ပူဆွေးလို့၊ ပူမအေးနိုင်ပေ၊
တော်တဆွေ ဖျော်ဖြေ သင့်လှ၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့ ထွန်းလင်း ကာလ။

၆၂။ အရှင့်ကို ဖူးရက၊ မြူးကြွလို့ ရွှင်ပျော်၊
လူတို့ရှင် သာအခွင့်၊ ခါမလင့် ရှုမျှော်၊
မြတ်ဖုန်းမော် ဖြေဖျော်ပါဖျာ့၊
ကြီးမြတ်သူ လဲ့လဲ့ ဝင်းတို့၊ထွန်းလင်း ကာလ။

၆၃။ လယ်ယာကို ရွယ်ချက်ဖြင့်၊ ထွန်ယက်ကြ လေပါ၊
မျိုးစေ့ကို မျှော်ကိုးလို့၊ စိုက်ပျိုးကြ လေပါ၊
ရောင်းဝယ်တာ ဥစ္စာဆောင်သည့်၊
မျှော်လင့်ကာ သမုဒ်တွင်း၊ ဆင်းကြလေသည့်။

၆၄။ လွန်မင်းစွာ မအေးလွန်း၊ မပူလွန်း မျှစွာ၊
စားရေစာ တော်မွတ်ခြင်း၊ လွတ်လွတ်ကင်း သာယာ၊
မြေအလွှာ နေဇာ ကြည်မျှ၊
ဤအခါ မြတ်ဘုရား၊ကြွသွား ကာလ။ ။

# မူလ ဗုဒ္ဓဝင်

ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏ "ဥဒါယီ သင်သည် အဘယ့်ကြောင့် တောလား ကဗျာတို့ကို သီကျူး နေဘိ သနည်း။

"မြတ်စွာဘုရား ခမည်းတော် မင်းတရားကြီးနှင့် ဆွေတော် မျိုးတော်တို့သည် မြတ်စွာ ဘုရားကို ဖူးတွေ့ရန် အာသာဆန္ဒ ပြင်းပြ နေကြပါသည်။ သူတို့အား အစဉ် သနား သဖြင့် ချီး မြှောက် တော်မူပါ"

"ကောင်းပြီ ဥဒါယီ။ ခရီးဝတ် ပြည့်ရန် ရဟန်း တို့အား ညွှန်ကြား ပါဘိ။ ဆွေတော် မျိုးတော် တို့အား ချီးမြှောက် မည်"

ထိုနောက် မြတ်စွာဘုရားသည် နောက်လိုက်နောက်ပါ ရဟန်း သံဃာများ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ခြေလျင် ခရီးဖြင့် ကြွတော်မူ၏။ တနေ့လျှင် တယူဇနာသန္နန်းဖြင့် ကြွတော် မူရာ ရက်ပေါင်းခြောက်ဆယ်တိတိဖြင့် ကပိလဝတ်ပြည်သို့ ရောက် တော်မူလေသည်။

သုဒ္ဓောဒန မင်းကြီးနှင့် တကွ ဆွေတော် ရှစ်သောင်း မျိုး တော်ပေါင်းတို့သည် အလှန်ရှင်လန်း ဝမ်းမြောက်စွာဖြင့် မြတ် စွာ ဘုရားကို ကြိုဆိုကြလေသည်။ ရှိသေမြတ်နိုး လက်စုံမိုး၍

ရှိခိုးပူဇော်ကြသည်။ သို့ရာတွင် အသက်ကြီးသော သူတို့သည် ဗုဒ္ဓအား ရှိခိုးခြင်း မရှိကြချေ။ ဗုဒ္ဓသည် အသက်ကြီးသူတို့အား ခရီးဦး ကြိုဆိုလေ့မရှိ။ ရှိခိုးပူဇော်လေ့ မရှိဟု ကြိုတင်ကြား သိကြသဖြင့် သူတို့သည် ဗုဒ္ဓ၏ထံပါးသို့ ချဉ်းကပ်ခြင်း မရှိကြချေ။ ငယ်ရွယ်သူများကိုသာ ရှေ့တန်းတင်ပြီး သူတို့ ကိုယ်တိုင်ကမူ မသိမသာ ရှောင်ရှားနေကြ၏။ မြတ်စွာဘုရားကား သူ၏ ဆွေတော်မျိုးတော်တို့၏ အကြောင်းကို ကောင်းစွာ သိတော်မူ၏။

'သူတို့သည် အချည်းနှီး အသက်ကြီးခြင်းဖြင့် ငါ့ကို ဦးမညွတ်ကြပေ။ စင်စစ် သူတို့သည် ဗုဒ္ဓဆိုသည်မှာ ဘယ်လို၊ ဗုဒ္ဓ၏ အင်အားကား ဘယ်ပုံ၊ ဗုဒ္ဓ၏ တန်ခိုးတေဇော် အာနုဘော်ကား အဘယ်နည်းဟု မသိကြချေ။ ယခု အခါ သူတို့အား ဗုဒ္ဓ၏ အကြောင်းကို သိစေသင့်၏'

မြတ်စွာဘုရားသည် ဤသို့စဉ်းစားပြီးလျှင် ကောင်းကင်တွင် ရတနာ စင်္ကြံ ဖန်ဆင်းပြီး စင်္ကြံ ကြွသွားလေရာ ကိုယ်တော်မှ ရေမီး အစုံအစုံ အစ ရှိသော တန်ခိုး ပြာဋိဟာတို့ တဖိတ်ဖိတ် တလက်လက် ပန်းထွက်နေ၏။

ထူးမခြားနား၊ မီးရေစုံသွား၊ ရောင်တော် ထွေပြား၊
ပြောင်းလိုလိုများထွေ၊ ထူးထွေတည့် အံ့ရာသား၊ ရွှန်းရ
ရွှန်းလင်း၊စိမ်း ပြာ ဖြူ ဝင်း၊နေရောင်ခြည်လင်း၊ရွှန်းလို့လို့
မှိုင်းဝေ၊ ရွှန်းဝေတည့် ပွင့်လိုင်ကြူ၊ ဖုန်းတန်ခိုးလဲ နှိုင်း
ဆိုရာဘဲ၊ တူမည်မှာလဲ ရဲရဲရွှန်းပြောင်၊ နေမင်း လမင်း
သိန်းရာထောင်။

ထိုအခါ ရှင်ပြုံးနှစ်သက် တခဲနက် အံ့သြ သံမှာ လောက ဓာတ်တခုလုံး လွှမ်းဖုံးသွားလေသည်။ အဘယ်သူသည် မြတ်စွာ

ဘုရားအား မညွတ်တွားဘဲ ရှိမည်နည်း။ ထိုအခါ လက်ယာတော်ရံ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာသည် ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်တွင် စံနေတော်မူ၏။ သူသည် ကပိလဝတ်တွင် မြတ်စွာဘုရား တန်ခိုး ပြာဋိဟာ ပြနေသည်ကို အံ့သြစွာ ဖူးတွေ့ရ၍ သူ၏ တပည့်တပန်း ရဟန်းများနှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွလာပြီး မြတ်စွာဘုရားအား လျှောက်ကြား၏။

"အို မဟာဝီရ၊ အရှင်၏ ဘုရားဆုပန်ခြင်းသည် အဘယ်သို့ပါနည်း။ လူတို့ထက် မြတ်သော အို မြတ်စွာဘုရား။ အရှင်သည် ဘယ်အခါက မြတ်သော သဗ္ဗညုတ ဉာဏ်ကို တောင့်တတော်မူခဲ့ပါသနည်း"

ထို့ကြောင့် မြတ်စွာ ဘုရားသည် သူ၏ အနွယ်တော် အစဉ်ဖြစ်သော ဗုဒ္ဓဝင်ကို ဟောကြားတော် မူသဖြင့် ကမ္ဘာပေါ်တွင် ဗုဒ္ဓဝင်ဟု ပေါ်လွင် ထင်ရှားခဲ့လေသည်။ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာ၏ လျှောက်ထား တောင်းပန်ခြင်းကို အခြေခံ၍ ဗုဒ္ဓဝင်ကို ပါဠိဂါထာ ကဗျာ တို့ဖြင့် ဟောကြားတော်မူ၏။ အလားတူ ဖြစ်၍ ပေယျာလဖြင့် မြုပ်ထားသော ဂါထာတို့ကိုပါ ထုတ်ဖော်ရေတွက်ပါလျှင် မြတ်စွာဘုရား ဟောကြားတော် မူသော ဗုဒ္ဓဝင် ဂါထာ တို့မှာ ဂါထာပေါင်း (၁၄၃၈)မျှ ရှိလေသည်။ ယင်းပါဠိဂါထာတို့ကို သီဟိုကျွန်းရှင်ဗုဒ္ဓဒတ္တက ပါဠိဘာသာဖြင့်ပင် ဖွေဆိုရာ ထိုအဖြေကို ဗုဒ္ဓဝင် အဋ္ဌကထာဟု ခေါ်ဝေါ်ကြ၏။ ယင်းဗုဒ္ဓဝင် အဋ္ဌကထာ၏ ခက်ရာခတ်ဆစ်တို့ကို ရှင်သောဘိတက ဗုဒ္ဓဝင်ဋီကာ အမည်ဖြင့် ပါဠိလိုပင် ဖြေဆို၏။ သို့ဖြင့် ပါဠိဘာသာတွင် ဗုဒ္ဓဝင် ပါဠိတော်၊ ဗုဒ္ဓဝင် အဋ္ဌကထာနှင့် ဗုဒ္ဓဝင်ဋီကာဟု ကျမ်းကြီး သုံးဆူ ထွက်ပြူ နေလေသည်။

ထို ဗုဒ္ဓဝင် သုံးစောင်တွင် မူလ ဘူတမှာ ရှင်သာရိပုတ္တရာ တောင်းပန်၍ မြတ်စွာဘုရား ဟောကြားတော်မူသော ဗုဒ္ဓဝင် ပါဠိတော် ဂါထာကဗျာတို့ပင် ဖြစ်၏။ ယင်းဗုဒ္ဓဝင် ပါဠိတော် နိဿယကို ကုန်းဘောင်ခေတ် နှောင်တော်ကြီးမင်း လက်ထက် ရှင်သဒ္ဓမ္မဇောတ စီရင်ခဲ့၏။ ထိုနောက် ဘိုးတော် လက်ထက်တွင် ပြာသာဒ်ကျောင်း ဆရာတော်ရှင်သာရဒဿီ သည့်ရင်း၊ ထို့ပြင် ပင်းဆရာတော်ကလေး ဦးလွှမ်းပြေသည့်ရင်း၊ အင်္ဂလိပ်ခေတ်တွင် မှော်ဘီရှင်ဥတ္တရာဇီဝသည့်ရင်း၊ မန္တလေး မိုးထိတိုက် ရှင်ဇာဂရ သည့်ရင်း အသီးသီး ဗုဒ္ဓဝင် ပါဠိတော် နိဿယတို့ကို စီရင်ကြလေသည်။

ဗုဒ္ဓဝင် အဋ္ဌကထာနိဿယကို ဘကြီးတော် ဘုရားလက်ထက် ပထမ ငါးခုန်ဆရာတော်ကြီး ရေးသား စီရင်တော်မူ၏။

နိဿယ ဟူသည်မှာ မှီခိုအားထားရာ ဖြစ်၏။ သူ့ကို အမှီပြု၍ ဗုဒ္ဓဝင်၏ ဆိုလိုရင်း အနက် အဓိပ္ပာယ်ကို သိရ၏။ နိဿယ စီရင်ပုံမှာ ပါဠိတချက် အနက်တချက်နှင့် ဘာသာပြန်ခြင်းပင်ဖြစ်၏။ ဗုဒ္ဓဝင် ပါဠိတော် ပထမဆုံး ဂါထာကို ရှင်ဥတ္တရာဇီဝက ဤသို့ နိဿယ ပြုလေသည်။

လောကာဓိပတိ — သတ္တဝါတို့၏ နိဗ္ဗာန်ဆော် အထူးရွှေဆောင် အကြီးအမှူးလည်းဖြစ်ထသော

သဟမ္ပတိ — သမာပတိ အမည်ရှိသော

ဗြဟ္မာစ — ဗြဟ္မာမင်းသည်လည်း

အနိဝရံ — အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရားကို

အဋ္ဌမသတ္တာဟေ — သတ္တသတ္တာဟ၏ အလွန်အဋ္ဌမသတ္တာဟ၌

ကတဉ္စလိံ — လက်အုပ်ကို

သိရသ္မိံ — ဦးခေါင်းထက်၌

ပဂ္ဂဟေတွာ — ချီ၍
အာယာစထ — တောင်းပန်ပြီး
ကိံ အာယာစထ — အဘယ်သို့ တောင်းပန်သနည်း။
ဣဓ — ဤလောက၌
အပ္ပရဇက္ခဇာတိကာ — ပညာဖြင့် ပြီးသော မျက်စေ့၌ ရာဂ
ဒေါသစသော မြူနည်းသော သဘော ရှိကုန်သော
သတ္တာ — သတ္တဝါတို့သည်
သန္တိ — ရှိကုန်၏။
အနုမိဝရော—အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရားသည်
ဣမံပဇံ — ဤသတ္တဝါအပေါင်းကို
အနုကမ္ပ — အစဉ်သနားတော်မူသည်ကို
ကတွာ — ပြု၍
ဓမ္မံ — တရားတော်ကို
ဒေသေဟိ — ဟောတော်မူပါလော့။
ဣတိ — ဤသို့
အာယာဝထ — တောင်းပန်ပြီ။

ငါးခုန် ဆရာတော်၏ ဗုဒ္ဓဝင် အဋ္ဌကထာနိဿယကား ဤကဲ့သို့ အစဉ်အလာ ပါဠိတချက် အနက် တချက် ပြန်ဆိုနည်း အပြင် စကားပြေပါ တွဲဖက်၍ ပြန်ဆို လေသည်။ သို့ကြောင့် သူ၏ နိဿယကို ပါဠိစာသင်သားတို့ အတွက်လည်း မှီခိုရာဖြစ်၏။ မြန်မာစာ သက်သက် ဖတ်သူတို့ အတွက်လည်း မှီခိုရာ ဖြစ်၏။ ထိုဗုဒ္ဓဝင် အဋ္ဌကထာနိဿယကို ဗုဒ္ဓဝင်ဝတ္ထုတော်ကြီးဟု ခေါ် ဆိုကြလေသည်။ ငါးခုန်ဆရာတော်၏ ဗုဒ္ဓဝင်ဝတ္ထုတော်ကြီးမှာ ကဿပမြတ်စွာဘုရား အကြောင်းသို့ တိုင်အောင်သာ ရှိသဖြင့် ကြွင်းကျန်သေးသော ဂေါတမမြတ်စွာဘုရား အကြောင်း စသည်

တို့ကို ဟသ်ာတမြို့ စတုတ္ထမြစ်ကြေး ဆရာတော် ဦးပညာဝံသက ဆက်လက် စီရင်လေသည်။

ထိုမှတပါး ဇုဒ္ဒဝင် ပါဠိတော် အဋ္ဌကထာတို့ကို အမှီပြုပြီး ရေးသား စီရင်ကြသည့် စကားပြေ ကဗျာ အဖြာဖြာ တို့ကား အလွန်ပင် များပြားစွာ၏။ ကုန်စင်အောင် ရေတွက် ညွှန်ပြရန် မစွမ်းနိုင်ပေ။ ဤဇုဒ္ဒဝင်မှာလည်း ထိုထိုစကားပြေ ဇုဒ္ဒဝင်တို့တွင် တခု အပါအဝင်ပင် ဖြစ်ပါ၏။ သို့ပါလျက် ဤ ဇုဒ္ဒဝင် ဘာသာပြန်ကို စီရင်ခြင်းမှာ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောကြားတော်မူသော မူလဇုဒ္ဒဝင် ပါဠိတော်၏ အနက်ကို အတိအကျတင်ပြပေးလို၍ပင် ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဇုဒ္ဒဝင် ပါဠိတော်ကို အဋ္ဌကထာ ဆရာက ဖွင့်ပြ၏။ အဋ္ဌကထာတွင် ပါဝင်သော ခက်ဆစ်ကို ဋီကာဆရာက ရှင်းလင်း၏။ထို့နောက် နိဿယဆရာ တို့က အလုံးစုံကို အကုန်ခြုံပြီး ထုတ်ဖော်၏။ စကားပြေဆရာတို့ ကား ထိုဖွင့်ပြ ရှင်းလင်း ထုတ်ဖော်ချက်တို့ကို ပြေပြစ်စွာ စီရင် ကြသည်။ ဤဇုဒ္ဒဝင် ဘာသာပြန်ကား စကားပြေမဟုတ်။ ဇုဒ္ဒ ဝင် ပါဠိတော်ကို တိုက်ရိုက်အနက် မြန်မာ ပြန်ဆိုခြင်း ဖြစ်ပါ သည်။ မူရင်းအတိုင်း ပြန်ဆိုခြင်းဖြစ်၍ မြန်မာစကားပြေဟု မဆိုသာပါ။ ပါဠိတော်အလိုက် တိုက်ရိုက် ပြန်ဆိုပါ၍ မြန်မာ လို ပြေချင်မှ ပြေမည်။ သို့ရာတွင် မြတ်စွာဘုရား ဟောကြား သော မူရင်း ဇုဒ္ဒဝင်ကို သိချင်သူတို့ အတွက်ကား လေးနက် သော အချက်အလက်ပင် ဖြစ်လိမ့်မည်ဟု ယူဆပါသည်။

ဇုဒ္ဒဝင် စကားပြေတို့မှာ ဇိနတ္ထပကာသနီ တထာဂတဥဒါန ဒီပနီစသည်တို့ဖြစ်၍ ဇုဒ္ဒဝင်ကဗျာတို့မှာ ဇုဒ္ဒပူဇော်ပျို့၊ ပါရမီ ခန်း၊ဆုတောင်းခန်း စသည်တို့ဖြစ်၏။ရှေးအခါက ဆရာကောင်း

ဆရာမြတ်တို့သည် သူတို့ခေတ်လူသားတို့ အကျိုးကို တာဝန်ကျေပွန်စွာ ထမ်းဆောင် သွားကြ၏။ ယခုခေတ် လူသားတို့အတွက် ယခုလူတို့မှာ တာဝန်ရှိ၏။ ယခုခေတ်လူတို့နှင့် လိုက်ဖက်မည့် အချက်အလက်တို့ကို တင်ပြနိုင်ဘို့ လိုသည်။ လူအချို့သည် တိတိကျကျ မူလသဘာဝကို လေ့လာရန် စိတ်အား ထက်သန်နေကြ၏။ ကိုယ်တိုင် စဉ်းစားချင်ကြသည်။ ကိုယ်တိုင် တွေးဆချင်ကြသည်။ ကိုယ်တိုင်ချဲ့ထွင်ချင်ကြသည်။ ထိုသူတို့အတွက် အပိုအလိုမပါသော မူလကြောရိုး အမှန်ပင် လိုသည်။

အဿဃောသသည် မြန်မာတို့တွင် လွန်စွာ ရိုးနေသော ဇနပဒကလျာဏီနှင့် နန္ဒမင်းသားတို့ အကြောင်းကိုယူပြီး သုန္ဒရာနန္ဒ အမည်ရှိသော ကမ္ဘာကျော် ကဗျာကြီးကို စပ်ဆိုနိုင်ခဲ့သည်။ ၎င်းကဗျာကို သေချာစွာ လေ့လာ ကြည့်ပါက မူလကြောရိုးကို မှတည်ပြီး ဉာဏ်ကွန့်ပုံကို ကောင်းစွာတွေ့ရမည်ဖြစ်၏။ ကာလိဒါသသည် ငါးရာ့ငါးဆယ် ဧကနိပါတ်မှ ကဋ္ဌဝါဟနဇာတ်လမ်းကို ယူပြီး မဟာဘာရတမှ သကုန္တလကို တန်းဆာဆင်ပေးခဲ့၏။ ၎င်းသို့အစရှိသော အကြောင်းအရာ များစွာတို့ကို အထောက်အထားပြုပြီး ၎င်းဗုဒ္ဓဝင် ပါဠိတော်ကို ခေတ်လူတို့အတွက် အပိုအလိုမရှိ ပြန်ဆိုလိုက်ခြင်း ဖြစ်ပါသတည်း။

# မဟာမုဒ္ဒဝင်

## ရတနာစကြာ

လောက၏ အဓိပတိ ဖြစ်သော သဟံပတိ အမည်ရှိသော ဗြဟ္မာ မင်းသည် ဦးခေါင်းတွင် လက်အုပ်တင်၍ "ဤလောကတွင် မျက်စိ၌ မြူနည်းပါးသော သတ္တဝါများ ရှိကြပါသေးသည်။ အို မြတ်စွာဘုရား၊ ထိုသတ္တဝါတို့အား အစဉ်သနားတော်မူ၍ တရား ဟောတော်မူပါ"ဟု မြတ်စွာဘုရားကို လျှောက်ကြား တောင်းပန် လေသည်။

ဝိဇ္ဇာ ပညာ စရဏာ အကျင့်နှင့် ပြည့်စုံတော်မူသော၊ သည်းခံခြင်းစသော၊ ဂုဏ်ကျေးဇူး ရှိတော်မူသော၊ အရောင် အဆင်း ထွန်းလင်းတောက်ပသော၊ အဆုံးစွန်သော ကိုယ်ကို ဆောင်သည့် တုဘက်ကင်းသော မြတ်စွာဘုရားအား အလုံးစုံသော သတ္တဝါ အပေါင်း၌ သနားကရုဏာ ဖြစ်တော်မူ၏။

လူတို့ထက် မြတ်သော ဗုဒ္ဓသည် ဘယ်သို့နည်း၊ တန်ခိုးအစွမ်း ပညာအစွမ်းသည် ဘယ်သို့နည်း၊ လူတို့၏ အကျိုး စီးပွားကို ပြုသော ဘုရား၏ ဗုဒ္ဓဗလကား ဘယ်သို့နည်းဟု နတ်၊ လူတို့ မသိကြကုန်။

လူတို့ထက် မြတ်သော ဗုဒ္ဓကား ဤသို့တည်း၊ တန်ခိုးအစွမ်း ပညာအစွမ်းကား ဤသို့တည်း၊ လူတို့၏ အကျိုးစီးပွားကို ပြုသော ဘုရား၏ ဗုဒ္ဓဗလကား ဤသို့တည်းဟု နတ်၊ လူတို့ မသိကြကုန်။

ယခုအခါ ငါသည် အတုမရှိသော ဗုဒ္ဓ၏ အင်အားဗလကို ပြပေအံ့။ ကောင်းကင်၌ ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော စင်္ကြံကို ဖန်ဆင်းအံ့ဟု အကြံ ဖြစ်တော်မူ၏။

ထိုအခါ ဘုမ္မစိုး စာတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတ္တီနတ်တို့နှင့် ဗြဟ္မာတို့ သည် အလွန် ဝမ်းမြောက်ကြလျက် တခဲနက် ကြွေးကြော်ကြ ကုန်၏။

မြေမှ အကနိဋ္ဌဘုံသို့တိုင်အောင်သော နတ်နှင့် တကွ လောက တို့နှင့် အပိတ်အပင် မရှိသော လောကန္တရိတ် ငရဲတို့ကို မြတ်စွာ ဘုရား အလင်းရောင် ပြတော်မူသောအခါ တခဲနက် အမိုက်မှောင် ကွယ်ပျောက်သွား၏။ ထိုသူတို့သည် အံ့ဩဘွယ် တန်ခိုးတော်ကို တွေ့မြင်ကြရ၍ အလွန် ဝမ်းမြောက်ကြလေသည်။

နတ် ဂန္ဓဗ္ဗ လူ ရက္ခိုသ်တို့ နေရာ လူ့ပြည် နတ်ပြည် နှစ်ပြည် သုံး၍ အောက် အထက် အနံ အလျား ပြန့်နှံ့၍ ပြန့်ပြော ကြည် သင်သော အလင်းရောင် ထွန်းပ ကုန်၏။

သတ္တဝါတို့ထက် မြတ်သော၊ အတုမရှိ မြတ်သော၊ အကြီး အမှူး ဖြစ်သော၊ ဆရာဖြစ်သော နတ်လူတို့ ပူဇော်အပ်သော အာနုဘော် ကြီးမြတ်သော၊ ကောင်းမှု လက္ခဏာ ရာပေါင်းများ ဥာရှိသော ဗုဒ္ဓသည် အံ့ဩဘွယ် တန်းခိုးပြဋ္ဌိဟာ ပြတော်မူ၏။

သဟံပတိ ဗြဟ္မာမင်း တောင်းပန် အပ်သော၊ မျက်စိ ရှိသော၊ သူတို့ထက် မြတ်သော၊ လောက၏ နာယက ဖြစ်သော ဗုဒ္ဓသည်

အကျိုးစီးပွားကို ဆင်ခြင်တော်မူ၍ ထိုနေရာတွင် အလုံးစုံရတနာ တို့ဖြင့် ပြီးသော စင်္ကြံကို ဖန်ဆင်းတော် မူလေသည်။

ရုပ်ပွားတော် 'အများအပြား ဖန်ဆင်းနိုင်ခြင်း၊ သူတပါးတို့ စိတ်အကြံကို ကြည့်၍ တရားဟောနိုင်ခြင်း၊ စရိုက်အားလျော်စွာ ဆုံးမတော်မူခြင်း ဟူသော တန်ခိုး သုံးပါးကို ပွားများ လေ့လာ ပြီးသော ဗုဒ္ဓသည် အလုံးစုံ ရတနာအတိ ပြီးသော စင်္ကြံကို ဖန် ဆင်း၏။

လောကဓာတ်တသောင်း၌ စီရရီ မြင့်မားသော မြင့်မိုရ်တောင် တို့ကို တိုင်ကဲ့သို့ ပြုကာ ဖန်ဆင်းသော စင်္ကြံထက်၌ တန်ခိုး ပြာဋိဟာ ပြတော်မူ၏။

ဗုဒ္ဓမြတ်စွာသည် လောကဓာတ် တသောင်းကို လွှမ်းမိုး၍ စင်္ကြံကို ဖန်ဆင်းတော်မူ၏။ ရတနာအတိပြီးသော စင်္ကြံ၏ နံပါး၌ အလုံးစုံ ရွှေအတိ ပြီး၏။

ရွှေထုပ်လျောက်အစုံ၊ အလျော်ဖြစ်သော ရွှေပျဉ်နှင့် နံပါး နှစ်ဖက်၌ ရွှေပွတ်တိုင်တို့ကို ကောင်းစွာ ဖန်ဆင်းတော်မူ၏။

ရောင်ခြည် တထောင် အလင်းဆောင်သော တက်သစ်စ နေမင်းကဲ့သို့ ပတ္တမြား ပုလဲတို့ကို သဲသဖွယ် ကြဲဖြန့်၍ ခင်းသော ရတနာစင်္ကြံသည် အလုံးစုံသော အရပ်မျက်နှာသို့ ထွန်းတောက် ပနေ၏။

ထို စင်္ကြံ၌ တည်ကြည်လှသော ယောကျ်ားမြတ် လက္ခဏာ သုံးဆယ့် ခုနှစ်ပြာနှင့် ပြည့်စုံသော ငါးမာရ်အောင်မြင်ဘုရား ရှင်သည် တင့်တယ်စွာ စင်္ကြံ ကြွတော်မူ၏။

အညီအညွတ် စုဝေး ရောက်လာကြကုန်သော အလုံးခုံသော နတ်ဒေဝါတို့သည် နတ်ပြည်မှ ထင်ရှားပန်း ပဒုမာကြာပန်း၊ ပင်လယ်ကသစ်ပန်းတို့ကို စင်္ကြံ၌ ကြဲမြှောက်၍ ပူဇော်ကြကုန်၏။

လောကဓာတ် တသောင်း၌ နတ်အပေါင်းတို့သည် အလွန်ရွှင်လန်း ဝမ်းမြောက် ကုန်၍ မိမိတို့ နေရာမှ ဗုဒ္ဓကို ဖူးကြ၏။ အလွန်ညွတ်နူးစွာ ရှိခိုးကြလျက် စည်းဝေးကြကုန်၏။

တာဝတိံသာ မာယာ တုသိတာ နိမ္မာနရတိ ဝသဝတ္တိ နတ်တို့သည် စိတ်အား တက်ကြွ ဝမ်းမြောက်ကြလျက် ဗုဒ္ဓအား ဖူးကြကုန်၏။

နတ် ဂန္ဓဗ္ဗ လူတို့နှင့် တကွ ရက္ခိုသ် နဂါး ဂဠုန် ကိန္နရာတို့သည် ကောင်းကင်၌ အလွန် တက်ထွန်းသော လပြည့်ဝန်း ကဲ့သို့ လောက အစီးအပွားကို ဖြစ်စေသဖြင့် အစဉ် သနားတော်မူသော ဗုဒ္ဓကို ဖူးကြ၏။

ကောင်းစွာ စင်ကြယ်သော အဝတ်ဖြူကို ဝတ်ရုံကြသည့် အာဘဿရာ သုဘကိဏှာ ဝေဟပ္ဖလနှင့် အကနိဋ္ဌ ဗြဟ္မာတို့သည် လက်အုပ်ချီကာ ရပ်ကြကုန်၏။

အဆင်း ငါးမျိုး ရှိသော ထင်ရှားပန်းကို စန္ဒကူးမှုန့်တို့ ရောနှော ကြဲမြှောက်ကာ "လောက အစီးအပွားကို ဖြစ်စေသဖြင့် အစဉ် သနားတော်မူသော မြတ်စွာဘုရားသည် အံ့သြဘွယ် ရှိပေစွ" ဟု သိကြူးကုန်လျက် ကိုယ်ဝတ် စုလျားတို့ကို ဝှေ့ရမ်းကြ၏။

"အို မြတ်စွာဘုရား၊ အရှင် ဘုရားသည် ဆရာလည်း ဖြစ်၏။ ပြဿာဒ်လည်း ဖြစ်၏။ သတ္တဝါတို့ ကိုးကွယ်ရာသည်း ဖြစ်၏။ တည်ရာဌာနလည်း ဖြစ်၏။ ကျွန်းကြီးလည်း ဖြစ်၏။ ခြေနှစ်ချောင်း ရှိသူတို့တွင် အမြတ်ဆုံး ဖြစ်၏" ဟု ချီးမွမ်းကြလေသည်။

ဗြဟ္မာတို့သည် လောကဓာတ် တသောင်းတွင် တန်ခိုးကြီးသော နတ်များ ခြံရံလျက် အလွန် နှစ်သက်ရွှင်လန်းစွာ ဗုဒ္ဓကို ရှိခိုးကြ၏။

ကြည်ညိုလှ၍ အလွန် ရွှင်လန်း နှစ်သက် ကြည်နူးနေကြသော နတ်သမီး နတ်သားတို့သည် မြတ်စွာဗုဒ္ဓကို အဆင်းငါးမျိုး ရှိသော ပန်းတို့ဖြင့် ပူဇော်ကြ၏။

ကြည်ညိုလှ၍ အလွန်ရွှင်လန်း နှစ်သက် ကြည်နူးနေကြသော နတ်ဒေဝါတို့သည် မြတ်စွာ ဗုဒ္ဓကို ဖူးကြ၏။ အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် ပူဇော်ကြ၏။

"အို လူနတ်ပြဟ္မာ အပေါင်းတို့၊ လောက၌ ရှေးအခါက မဖြစ်ခဲ့ဘူးသော ကြက်သီး မွေးညင်း ထခြင်းမှာ အံ့ဩဘွယ် ရှိပေစွ။ ဤကဲ့သို့ ထူးထူးခြားခြား ကြက်သီး မွေးညင်း ထခြင်းမျိုး ရှေးအခါက မဖြစ်ဖူးကြပါ"ဟု အံ့ဩကြကုန်၏။

ထိုနတ်ဒေဝတာတို့သည် မိမိ မိမိတို့ ဗိမာန်၌နေကြ၍ ကောင်းကင်၌ အံ့ဩဘွယ်ကို တွေ့မြင်ရသောကြောင့် အလွန် ရွှင်လန်း ဝမ်းမြောက် ကုန်၏။

အာကာသစိုး ဘုမ္မစိုး နတ်တို့သည် မြက်ခင်းပေါ်၌ ရပ်တည်ကြလျက် အလွန်နှစ်သက် ရွှင်လန်းကြကာ လက်အုပ်ချီမိုးရှိခိုးကြကုန်၏။

အသက်ရှည်ကုန်သော ဘုန်းတန်ခိုး အာနုဘော်လည်း ကြီးလှကုန်သော နဂါးမင်းကြီးတို့လည်း အလွန်ရွှင်လန်း ဝမ်းမြောက် ကြည်နူးကြလျက် မြတ်စွာ ဗုဒ္ဓကို ရှိခိုး ပူဇော်ကြကုန်၏။

ကောင်းကင်၌ မကြုံစဖူး ထူးကဲသော တန်ခိုး ပြာဋိဟာကို တွေ့မြင်ကြရ၍ ကောင်းကင်ခရီးဖြင့် လေဟုန်စီးကာ သွားလာကြသော ကချေသည် နတ်တို့သည် ဗုဒ္ဓကို ပူဇော်ရန် တူရိယာတီးမှုတ်ပြီး ကကြ ကုန်၏။

ကောင်းကင်၌ အံ့ဩဘွယ် အသွယ်သွယ်ကို တွေ့မြင်ကြရ၍ ခရုသင်း ထက်စည်နှင့် များစွာသော စည်ပုတ် ပတ်သာတို့ကို တီး၊ မှုတ်ကြကုန်၏။

"ယနေ့ ငါတို့အား ရှေးအခါက မဖြစ်စဘူးသော စင်စစ် ကြက်သီး မွေးညင်း ထခြင်း ဖြစ်၍ အမှန်ပင် အကျိုးပြီးမြောက်မှု ရကြလိမ့်မည်။ ချမ်းသာ ပြီးမြောက် သိဒ္ဓိပေါက်စေမည့် အခိုက် အခါ ဖြစ်၏"ဟု ကြွေးကြော်ကြ၏။

သူတို့သည် ဗုဒ္ဓ ဟူသော စကားကို ကြားရသောအခါ အလွန် နှစ်သက် ကြည်နူးစွာ "ဗုဒ္ဓေါ ဗုဒ္ဓေါ"ဟု မြွက်ဆို ရင့်ကျူးကြ လျက် လက်အုပ်ချီကာ ရပ်ကြကုန်၏။

ကောင်းကင်၌ အထူးထူးအပြားပြားသော နတ်တို့နှင့် ဘီလူး တို့သည် လွန်စွာ ကြည်ညိုကြလျက် လက်အုပ်ချီကာ ဟိန်းသံ၊ သာဓုသံ၊ ကြွေးကြော်သံတို့ကို ပဲ့တင်ထပ်စေကုန်၏။

သီချင်းသီကာ တီးမှုတ်ကုန်၏။ လက်ပမ်းပေါက် ခတ်ကြ ကုန်၏။ ကခုန်ကြကုန်၏။ အဆင်းငါးမျိုးရှိသော ထင်ရှား ပန်းကို စန္ဒကူးမှုန့် ဖြန်း၍ ပူဇော်ကြကုန်၏။

"အို မဟာဝီရ! အရှင်၏ ခြေတော်တို့၌ တံခွန်လုံး၊ ဝရဇိန်၊ တံခွန်ပြား၊ နားသွယ်ပန်း၊ ချွန်းတောင်း စသည်တို့ဖြင့် တန်ဆာ ဆင်သော လက္ခဏာတို့မှာ လွန်စွာ တင့်တယ်လှပါ၏။

"ရုပ်ရည်ရူပကာယ၊ အကျင့်သီလ၊ သမာဓိ၊ ပညာ၊ လွတ် မြောက်မှု ဝိမုတ္တိ၊ မေတ္တာရား ဖော်ကြားရာတို့၌ အရှင်သည် အတု မရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူပါ၏။

"အရှင်ဘုရား၏ ကာယဗလသည် ပြကတေ့အားဖြင့် ဆင် ပြောင်ဆယ်စီးအားကို ဆောင်နိုင်ပါ၏။ သို့ရာတွင် တန်ခိုးတော် နှင့် ဥာဏဗလ အင်အားမှာ နှိုင်းယှဉ်စရာ ဥပမာ မရှိပါ"

ဤသို့ သိကြူးကာ ကျေးဇူးဂုဏ်အလုံးစုံနှင့် ပြည့်စုံတော်မူသော၊ အခြံအရံ အင်္ဂါတို့နှင့် ပြည့်စုံတော်မူသော၊ မဟာမုနိဖြစ်တော်မူသော မဟာကရုဏာသခင် ဘုရားရှင်ကို ရှိခိုးကြကုန်၏။

"အို မဟာဝီရ။ အရှင်သည် ရိုသေစွာ ရှိခိုးခြင်း၊ မျက်ကွယ်ချီးမွမ်းခြင်း၊ လက်အုပ်ချီခြင်း၊ မျက်မှောက်ချီးမွမ်းခြင်း၊ ကိုင်းညွတ် ရှိခိုးခြင်း၊ ပူဇော်ခြင်း ဟူသမျှ ထိုက်တော်မူလှပါ၏။

"အို မဟာဝီရ။ လောကတွင် နတ်လူတို့၏ ရှိခိုးခြင်းကို ခံထိုက်သူတို့သည် အမြတ်ဆုံးဖြစ်သော အရှင်ကို ရှိခိုးကြပါ၏။ အရှင့်အားတူသူ တစုံတယောက်မျှ မရှိပါ"ဟု ဝင်လျှောက်ကြ၏။

သမာဓိစျာန် တရားတို့၌ ကျွမ်းကျင်လှသော မဟာပညာအရှင်သာရိပုတ္တရာသည် ဂိဇ္ဈကုဋ်တောင်၌ ရပ်လျက် မြတ်စွာဗုဒ္ဓကို တွေ့မြင်ရလေ၏။

သူသည် ပင်လုံးကျွတ်ပွင့်သော အင်ကြင်း ပင်မင်းကဲ့သို့ရင်း၊ ကောင်းကင်၌ လပြည့်ဝန်းကဲ့သို့ရင်း၊ မွန်းတည့်အခါ နေမင်းကဲ့သို့ရင်း တင့်တယ်လှသော မြတ်စွာဘုရားကို မော်၍ ဖူးမြော်၏။

တောက်ပသော ဆီမီးတန်ဆောင်ကဲ့သို့ရင်း၊ တက်သစ်စနေလုလင်ကဲ့သို့ရင်း၊တလံမျှသောရောင်ခြည်တော်တို့ဖြင့်တောက်ပတည်ကြည်သော မြတ်စွာဗုဒ္ဓကိုဖူးမြင်ရ၏။

ရဟန်းကိစ္စဟူသမျှ ပြုပြီးကုန်သော၊ သည်းခံခြင်းစသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သော၊ အာသဝေါ ကုန်ပြီးကုန်သော၊ အညစ်အကြေး ကင်းကုန်သော ရဟန္တာငါးရာတို့အား တခဏချင်း စည်းဝေးစေ၏။

"ငါ့ရှင်တို့။ မြတ်စွာဗုဒ္ဓသည် လောကပသာဒန အမည်ရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူနေသည်။ ထိုနေရာသို့ ဘုရားဖူးရန် ငါတို့ သွားကြပါကုန်စို့။

"ငါ့ရှင်တို့၊ လာကြကုန်လော့။ အလုံးစုံသော ငါတို့ သွားကြကုန်အံ့။ မြတ်စွာဘုရားကို မေးလျှောက်ကြကုန်အံ့။ မြတ်စွာဘုရားကို ဖူးတွေ့ပြီး ယုံမှားသံသယကို ပယ်ဖျောက်ကြကုန်အံ့"ဟု မိန့်ကြားတော်မူလေသည်။

ပညာရင့်ကျက်ကုန်သော၊ ဣန္ဒြေကို စောင့်ရှောက်ကုန်သော ရဟန္တာတို့သည် "သာဓု သာဓု"ဟု အရှင်သာရိပုတ္တရာ၏ စကားကို ရိုသေစွာ လိုက်နာ၍ သပိတ်သင်္ကန်းကို ပြင်ဆင်ကြလျက် အရှင်သာရိပုတ္တရာ၏ထံသို့ ချဉ်းကပ်ကုန်၏။

မွန်မြတ်ကုန်သော၊ ဆုံးမအပ်ကုန်ပြီးသော၊ ယဉ်ကျေးတော်မူပြီးကုန်သော၊ အညစ်အကြေးကင်းကုန်ပြီးသော ရဟန္တာငါးရာတို့နှင့် မဟာပညာ အရှင်သာရိပုတ္တရာသည် တန်ခိုးတော်ဖြင့် မြတ်စွာဘုရားထံပါးသို့ ကြွသွားကြလေ၏။

မွန်မြတ်သော၊ ဂုဏ်းသံဃာရှိသော အရှင်သာရိပုတ္တသည် ရဟန္တာငါးရာခြံရံလျက် ကောင်းကင်၌ တင့်တယ်သော နတ်ကဲ့သို့ တန်ခိုးဖြင့် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၏။

ကောင်းစွာစင်ကြယ်သော အကျင့်ရှိကြလျက် အလွန်ရိုသေကျိုးနွံကုန်သော ထိုရဟန်းတို့သည် ချောင်းဟန့်ခြင်း၊ ခြေဆတ်ခြင်းကိုမျှ မပြုကြဘဲ မြတ်စွာဗုဒ္ဓထံ ချဉ်းကပ်ကြကုန်၏။

ထို့နောက် သူတို့သည် ကောင်းကင်၌ လွန်စွာတက်ထွန်းသော လပြည့်ဝန်းကဲ့သို့ ကောင်းကင်တွင် တင့်တယ်တည်ကြည်သော ဗုဒ္ဓမြတ်စွာကို ဖူးမြော်ကြကုန်၏။

ထွန်းလင်းတောက်ပသော တန်ဆောင် ဆီမီးကဲ့သို့ငင်း၊ ကောင်းကင်၌ လျှပ်စစ်နွယ်ကဲ့သို့ငင်း၊ မွန်းတည့်နေကဲ့သို့ငင်း တင့်တယ်လှသော ဗုဒ္ဓမြတ်စွာကို ဖူးမြော်ကြကုန်၏။

အထူးသဖြင့် ကြည်လင်စွာသော၊ကောင်းစွာပွင့်သော ပဒုမာကြာပန်းတို့ဖြင့် တန်ဆာဆင်အပ်သော၊ ရေကန်ကြီးကဲ့သို့ တင့်တယ်သော ဗုဒ္ဓမြတ်စွာကို အလုံးစုံသော ရဟန်းတော်ငါးရာတို့ ဖူးမြော်ကြကုန်၏။

ထိုနောက် လက်အုပ်ချီကာ အလွန်နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာ ရှိခိုးကြလျက် ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံ၌ ဝပ်စင်းကြကုန်၏။

ကြီးမြတ်သော ပညာရှိတော်မူသော၊ လိပ်စရွှေ ပွင့်ကဲ့သို့ အဆင်းရှိတော်မူသော သမာဓိစျာန်တရားတို့၌ ကျွမ်းကျင်သော အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ရှိခိုး၏။

အခါမဲ့ မိုးကြီးထစ်ကြိုးကာ ရွာသွန်းဘိသကဲ့သို့ တန်ခိုးအစွမ်းဖြင့် အတုမရှိသော၊ ကြာညိုပွင့် အဆင်းရှိသော အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကို ရှိခိုး၏။

လှော်ပြီး ဦးပြီးသော ရွှေအဆင်းရှိသော၊ ဓုတင်အကျင့်၌ ဧတဒဂ်ထားတော်မူသော ဗုဒ္ဓမြတ်စွာနှင့်တကွ နတ်လူတို့ ချီးမွမ်းအပ်သော အရှင်မဟာကဿပလည်း မြတ်စွာဘုရားကို ရှိခိုး၏။

ဒိဗ္ဗစက္ခုတွင် ဧတဒဂ်ထားတော်မူသော၊ မွန်မြတ်သော ဂုဏ်ကျေးဇူး ရှိတော်မူသော၊ ဗုဒ္ဓမြတ်စွာ၏ ဆွေမျိုးဖြစ်တော်မူသော အရှင်အနုရုဒ္ဓါသည် အနီး၌ တည်ရှိ၏။

အာပတ်သင့်ခြင်း မသင့်ခြင်း၊ ကုစား၍ ရခြင်း မရခြင်း အမှုကိစ္စတို့၌ ကျွမ်းကျင်သော၊ ဝိနည်းအရာ၌ ဧတဒဂ် ထားတော်မူ၍

မြတ်စွာဘုရား ချီးမွမ်းတော်မူသော အရှင်ဥပါလိသည် မြတ်စွာဘုရားကို ရှိခိုး၏။

နက်နဲသိမ်မွေ့သော ပါဠိနှင့် အနက်အဓိပ္ပာယ်ကို ထိုးထွင်းသိတော်မူသော၊ ဓမ္မကထိကတို့တွင် မြတ်သော၊ ဂိုဏ်း၏ အကြီးအမှူးဖြစ်သော မန္တာနီ ပုဏ္ဏေးမ၏သား ပုဏ္ဏဟူ၍ ကျော်စောသော ရဟန္တာသည် မြတ်စွာဘုရားကို ရှိခိုး၏။

ထိုသူတို့၏ စိတ်အကြံကို ကောင်းစွာသိမြင်တော်မူ၍ အကြောင်းအကျိုး၌ ကျွမ်းကျင်တော်မူသော ယုံမှားသံသယကို ပယ်ဖျောက်တတ်သော မဟာဝီရ ဖြစ်သော ဗုဒ္ဓမြတ်စွာသည် မိမိ၏ ဂုဏ်ကျေးဇူးကို ဟောကြားတော်မူ၏။

"အစ အလယ် အဆုံး မထင်သော သတ္တဝါ အပေါင်းကောင်းကင် စကြဝဠာ အဆုံးမရှိသော ဗုဒ္ဓဉာဏ်ဟု မရေတွက်နိုင်သော အသချေ်ယျလေးပါးကို အခြားသူတို့သိရန် မတတ်နိုင်။

"လောက၌ ငါ၏ တန်ခိုးဖန်ဆင်းခြင်းသည် ဘယ်မှာ အံ့သြဘွယ်ရှိမည်နည်း။ ထိုမှတပါး ရှေးအခါက မဖြစ်စဖူးသော ကြက်သီးမွေးညှင်းထစရာ အံ့သြဘွယ်တို့ အများပင်ရှိ၏။

"ငါတုသိတာ၌ သန္တုသိတ နတ်မင်းဖြစ်စဉ်အခါ ပါရမီရင့်ကျက်သောကြောင့် လောကဓာတ် တသောင်းမှာ နေကြသော နတ်ဗြဟ္မာတို့ အညီအညွတ် စည်းဝေး၍ လက်အုပ်ချီပြီး ငါ့အား တောင်းပန်ကြသည်"

"'မဟာဝီရ၊ အရှင်အား ဘုရားဖြစ်ရန် အခါတန်ပါပြီ။ မယ်တော်ဝမ်း၌ သက်၍ နတ်နှင့်တကွသော လောကကို သံသရာမှ ကယ်တင်လျက် သေခြင်းကင်းရာ နိဗ္ဗာန်ကို သိစေပါလော'

"ငါ တုသိတာမှ စုတေ၍ မယ်တော်ဝမ်း၌ သက်သောအခါ လောကဓာတ်တသောင်း၌ မြေကြီး တုန်လှုပ်၏။

“ငါ မယ်တော်၏ဝမ်းမှ ပညာအမြော်အမြင်နှင့် ပြည့်စုံ၍သာ လျှင် ဖွားမြင်ခဲ့၏။ ထိုအခါ လောကဓာတ်တသောင်း တုန်လှုပ်၍ ကောင်းချီးပေးသံ ဖြစ်စေကုန်၏။

“ပဋိသန္ဓေနေရာ ဖွားမြင်ရာတွင် ငါနှင့်တူသူ မရှိ။ အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်၌ ငါသည် အမြတ် ဆုံးဖြစ်၏” ဟု မိန့်ကြားတော်မူ၏။

လောက၌ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူး ကြီးကျယ် မြင့်မြတ်ခြင်းကို အောင် အံ့ဘွယ်ရှိပေစွဟု လောကဓာတ်တသောင်း၌ မြေကြီးသည် ခြောက်မျိုးတုန်လှုပ်၏။ မြတ်သောအကျင့်သည် အံ့သြဘွယ်နှင့် ကြက်သီးမွေးညင်းထဘွယ် ဖြစ်၏။

လောက၏ အကြီးအမှူးဖြစ်သော နတ်လူတို့ထက် မြတ်သော ငါးမာရ်အောင်မြင်ဘုရားရှင်လည်း ထိုအခါ နတ်နှင့်တကွသော လူတို့ ကြည့်ရှုနေကြစဉ် တန်ခိုးဖြင့် စင်္ကြံကြွတော်မူလေသည်။

မြတ်စွာဘုရားသည် စင်္ကြံ၌ ကြွသွားတော်မူလျက် တရားဟော တော်မူ၏။ စင်္ကြံအကြား၌ ပြန်၍ နပ်တော်မမူ။ လေးတောင် အတိုင်းအလှည်ရှိသော စင်္ကြံ၌ကဲ့သို့ ပကတိ တန်ခိုးတော်ဖြင့် ကြွသွားတော်မူ၏။

ပညာကြီးမြတ်သော၊ သမာဓိဈာန်၌ ကျွမ်းကျင်သော၊ ပညာ ဖြင့် အထွဋ်အထိပ်သို့ရောက်သော အရှင်သာရိပုတ္တရာသည် မြတ် စွာဗုဒ္ဓအား မေးလျှောက်၏။

“အို မဟာဝီရ။ အရှင်၏ ဘုရားဆုပန်ခြင်းသည် ဘယ်သို့ပါ နည်း။ လူတို့ထက်မြတ်သော အို မဟာဝီရ။ အရှင်သည် ဘယ်အ ခါက မြတ်သော သဗ္ဗညုတဉာဏ်ကို တောင့်တတော်မူခဲ့ပါသ နည်း။

"အို မဟာဝီရ။ အရှင်သည် ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ပါရမီတို့ကို ဘယ်သို့ ဖြည့်တော်မူခဲ့ပါသနည်း။ မေတ္တာ၊ ဥပေက္ခာ၊ ပါရမီတို့ကို ဘယ်ပုံ ဖြည့်တော်မူခဲ့ပါသနည်း။

"အို မဟာဝီရ။ အရှင်သည် ပါရမီဆယ်ပါးကို ဘယ်ပုံ ဖြည့်တော်မူပါသနည်း။ အို မြတ်စွာဘုရား။ အရှင်သည် ဘယ်သို့ ဥပပါရမီကို ဖြည့်တော်မူပါသနည်း။ ဘယ်သို့ ပရမတ္ထပါရမီကို ဖြည့်တော်မူခဲ့ပါသနည်း"

ကရဝိတ်သံကဲ့သို့ အသံသာယာသော ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ အသဲနှလုံးကို ကိလေသာမီးမှ ငြိမ်းစေလျက် နတ်လူအပေါင်းကို ရွှင်လန်းစေလျက် အရှင်သာရိပုတ္တရာ၏ ပြဿနာကို ဖြေကြားတော်မူလေသည်။

ငါးမာရ်အောင်မြင် ရှေးရှေးသော ဘုရားရှင်တို့ ဟောကြားတော်မူသော တရားနှင့် ဘုရားအစဉ်အဆက် မညစ်နွမ်းသော ငိုက်ကို ရှေးရှု နေခဲ့ဘူးသော ခန္ဓာစဉ်ကိုလျှောက်သော ဉာဏ်တော်ဖြင့် နတ်နှင့်တကွသော လောက၌ အကျိုးစီးပွားဖြစ်သော ဗုဒ္ဓဝင်ကို ဖြေကြားတော်မူ၏။

"အို ပရိသတ်အပေါင်းတို့။ နှစ်သက် ဝမ်းမြောက်ခြင်းကိုဖြစ်စေတတ်သော စိုးရိမ်သောကဘောင့်ကို နှုတ်ပယ်တတ်သော အလုံးစုံသော စည်းစိမ်ချမ်းသာကို ရကြောင်းဖြစ်သော ငါ၏ဗုဒ္ဓဝင်ဒေသနာကို ရိုသေစွာ နာကြကုန်လော့။

"မာန်မယစ်ခြင်းကိုပြုတတ်သော စိုးရိမ်သောကကို ပယ်ဖျောက်တတ်သော သံသရာဝဋ်မှ လွတ်မြောက်တတ်သော အလုံးစုံသော ဒုက္ခတို့ကို ကုန်ခြင်းကိုပြုတတ်သော ငါ၏လမ်းစဉ်ဖြစ်သော ဗုဒ္ဓဝင်ဒေသနာကို ရိုသေစွာ နာကြကုန်လော့"

# သုမေဓာ ရှင်ရသေ့

ဒိုသာရိပုတ္တရာ။ ဤဘဒ္ဒကမ္ဘာမှ အထက်လေးအသင်္ချေနှင့်ကမ္ဘာ တသိန်း၌ ရှုချင်ဘွယ်၊ နှလုံးမွေ့လျော်ဘွယ်ရှိသော အမရဝတီ မည်သော ပြည်ကြီးရှိခဲ့သည်။

ထိုပြည်သည် ထမင်းအဖျော်နှင့် ကောင်းမွန်စွာယှဉ်၏။ ဆင်သံ၊ မြင်းသံ၊ စည်ကြီး၊ ခရုသင်း၊ ရထားသံတို့ရင်း စားလှည့်ကုန်၊ သောက်လှည့်ကုန်ဟု ထမင်းအဖျော်ဖြင့် ကြွေးကြော်သံရင်း ဤ အသံဆယ်ပါးတို့ဖြင့် မဆိတ်ည်း။

အမရဝတီ ပြည်သည်ကား အလုံးစုံသော ပြည်၏အင်္ဂါနှင့် လည်း ပြည့်စုံ၏။ ခပ်သိမ်းသော အလိုဣစ္ဆာနှင့်လည်း ပြည့်စုံ၏။ ခပ်သိမ်းသော ရတနာတို့နှင့်လည်း ပြည့်စုံ၏။ အထူးထူးသော လူမျိုးတို့ဖြင့်လည်း ပြွမ်း၏။ နတ်ပြည်ကဲ့သို့ ပြည့်စုံ၏။ ကောင်းမှုရှိသူတို့၏ နေရာဖြစ်၏။

ထိုပြည်၌ သုမေဓာ အမည်ရှိသော ပုဏ္ဏားသည် ကုဋေအရာ မက သိုမှီးထားသော ဥစ္စာရှိသည်ဖြစ်၍ အမြဲ သုံးဆောင်သော ဥစ္စာစပါး မြောက်မြားစွာရှိ၏။

ထိုပုဏ္ဏားသည် ဝေဒကိုလည်း သရဇ္ဈာယ်၏။ မန္တံကိုလည်း ဆောင်နိုင်၏။ ဝေဒသုံးပုံ၏ ကမ်းတဖက်သို့ ရောက်၏။ ဣတိဟာ

သ (ကမ္ဘာ့သမိုင်း)၌ရင်း၊ မိမိလူမျိုးဆိုင်ရာ ဓမ္မ၌ရင်း အပြီးသို့ ရောက်၏။

အို သာရိပုတ္တရာ။ ထိုအခါ ထိုငါသည် ဆိတ်ကွယ်ရာ၌ထိုင်ပြီး စဉ်းစား၏။ 'ငါ့အား တဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည် ဆင်းရဲ၏။ ကိုယ်ခန္ဓာ ပျက်စီးရခြင်းလည်း ဆင်းရဲ၏။ တွေ့ဝေ၍ သေရခြင်းလည်း ဆင်းရဲ၏။ အိုခြင်းဖြင့် အလွန်နှိပ်စက်ခြင်းလည်း ဆင်းရဲ၏'

အို သာရိပုတ္တရာ။ ထိုနောက် ထိုငါသည် တဖန် ဤသို့စဉ်းစားပြန်သည်။ 'ဘဝသံသရာ၌ ကျင်လည်ရသူအား ပဋိသန္ဓေ နေရခြင်းသဘော၊ အိုရခြင်းသဘော၊ နာရခြင်းသဘောလည်း ရှိ၏။ ထို့ကြောင့် အိုခြင်း၊ သေခြင်း အစရှိသော ဘေးခပ်သိမ်း တို့ လွတ်ငြိမ်းရာ အေးငြိမ်းရာကို ရှာပါအံ့။

'ငါသည် အထူးထူးသော ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသော ဤ ကိုယ်ကောင်ပုပ်ကို မငဲ့ကွက် မလိုလားဘဲ စင်စစ် စွန့်ပယ်၍ သွားတော့အံ့။

'ဘဝသုံးပါးမှ လွတ်မြောက်မည့် လမ်းရှိ၏။ ထိုလမ်းကို အကြောင်းမရှိဘဲ သွားရန်မဖြစ်နိုင်။ ဘဝသုံးပါးမှ လွတ်မြောက်ရန် ထိုလမ်းကို ရှာဖွေပါအံ့။

'ဥပမာ၊ ဆင်းရဲရှိသော် ချမ်းသာလည်းရှိသကဲ့သို့၊ ဘဝရှိသော် ဘဝမှ ကင်းလွတ်သော တရားကိုလည်း လိုလားအပ်၏။

'ဥပမာ၊ အပူရှိသော် တပါးသောအချမ်းလည်းရှိသကဲ့သို့၊ မီးသုံးပါးထင်ရှားရှိသော် မီးငြိမ်းရာကိုလည်း လိုလားအပ်၏။

'ဥပမာ၊ မကောင်းမှုရှိသော် ကောင်းမှုလည်းရှိသကဲ့သို့၊ ဇာတိရှိသော် ဇာတိမရှိခြင်းကိုလည်း လိုလားအပ်၏။

'ဥပမာ၊ မစင်အလိမ်းလိမ်းကပ်သူသည် ရေပြည့်လျှံနေသော ရေကန်ကို တွေ့မြင်ပါလျက် ဆေးကြောရန် ထိုရေကန်သို့ မချဉ်းကပ်ချေ။ ဤအပြစ်သည် ရေကန်၏ အပြစ်မဟုတ်။

'ထို့အတူ ကိလေသာအညစ်အကြေး ဆေးကြောရာဖြစ်သော အမြိုက်နိဗ္ဗာန် ရေကန်ကြီး ထင်ရှားရှိလျက် ကိလေသာ အညစ်အကြေး ဆေးကြောရန် ထိုရေကန်သို့ မချဉ်းကပ်ချေ။ ဤအပြစ်သည် အမြိုက်နိဗ္ဗာန် ရေကန်၏ အပြစ်မဟုတ်။

'ဥပမာ၊ ရန်သူတို့ ထက်ဝန်းကျင် ဝန်းရံ အပ်သူသည် ပြေးထွက်ရန် လမ်းရှိပါလျက် ပြေးမထွက်ချေ။ ဤအပြစ်သည် လမ်း၏ အပြစ်မဟုတ်။

'ထို့အတူ ကိလေသာ ရန်သူခြံရံအပ်သူသည် ကိလေသာရန်သူတို့ လွတ်ငြိမ်းရာ လမ်းရှိပါလျက် ထိုလမ်းခရီးသို့ မမှီးချေ။ ဤအပြစ်သည် လမ်း အပြစ်မဟုတ်။

'ဥပမာ၊အနာရောဂါ နှိပ်စက်ခြင်းခံရသူသည် ဆေးသမားထင်ရှားရှိပါလျက် အနာရောဂါကို ဆေးမကုချေ။ ဤအပြစ်သည် ဆေးသမား၏ အပြစ်မဟုတ်။

'ထို့အတူ ကိလေသာအနာရောဂါတို့ နှိပ်စက်၍ ဆင်းရဲနေသူသည် ဆရာထင်ရှားရှိလျက် ကုသရန် မချဉ်းကပ်ချေ။ ဤအပြစ်သည် ဆရာ၏အပြစ် မဟုတ်။

'ဥပမာ၊ တန်ဆာဆင်တတ်သူသည် ချမ်းသာစွာ အစိုးတရ မိမိအလိုအတိုင်း လွတ်လပ်စွာ နေလို၍ လက်၌ဆွဲအပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်ကို ဖယ်ပစ်၍သွားသကဲ့သို့၊ထို့အတူ အချို့မျိုးသော ပိုးလောက်တို့ ပြည့်နှက်နေသော ဤအကောင်ပုပ်ကြီးကို စွန့်ပစ်၍ မငဲ့ကွက် မလိုလားဘဲ သွားပါအံ့။

'ဥပမာ၊ ယောကျ်ား၊ မိန်းမတို့သည် ကျင်ကြီးသွားရာဌာနၥ် ကျင်ကြီးစွန့်ကြပြီးလျှင် မငဲ့ကွက် မလိုလားဘဲသွားသကဲ့သို့၊ ထို့ အတူ အမျိုးမျိုးသော ပိုးလောက်တို့ ပြည့်နှက်နေသော အိမ် သာ ကျင်းသဖွယ်ဖြစ်သော ဤခန္ဓာကိုယ်ရုပ်ကောင်ပုပ်ကို စွန့်ပစ် ၍ သွားပါအံ့။

'ဥပမာ၊ လှေသမားတို့သည် ဆွေးမြည့်ပျက်စီး၍ ရေတဖျင် ဖျင် ယိုနေသော လှေအိုကိုစွန့်၍ မငဲ့ကွက် မလိုလားဘဲသွားကုန် သကဲ့သို့၊ ထို့အတူ ဒွါရ ကိုးပေါက်တို့မှ မပြတ်ယိုစီးနေသော ဤ ခန္ဓာကိုယ် လှေအိုကြီးကို စွန့်၍သွားပါအံ့။

'ဥပမာ၊ ခရီးသွားသူသည် ခိုးသူမှန်းမသိသဖြင့် ခိုးသူတို့နှင့် ခရီးသွားရာ နောက်မှ ခိုးသူမှန်းသိ၍ ဥစ္စာကိုယူမည့်ဘေးကြောင့် ခိုးသူတို့ကို စွန့်ကာသွားသကဲ့သို့၊ ထို့အတူ ဤကိုယ်ကာယသည် သူခိုးကြီးနှင့် တူ၏။ ကုသိုလ်ဘဏ္ဍာထုပ်ကို လုယူမည် စိုးသော ကြောင့် သူ့ကို စွန့်၍သွားပါအံ့'

အို သာရိပုတ္တရာ၊ ထို ငါသည် ဤသို့စဉ်းစားပြီး ကုဋေ အရာမကသော ဥစ္စာတို့ကို ကိုးကွယ်ရာ ရှိသူ၊ မရှိသူတို့အား ပေး ကမ်း လှူဒါန်းပြီး ဟိမဝန္တာသို့ ချဉ်းကပ်ခဲ့လေသည်။

ဟိမဝန္တာ၏ မနီးမဝေးအရပ်တွင် ဓမ္မိက အမည်ရှိသော တောင်ရှိ၏။ ငါသည် ထိုတောင်၌ သခ်မ်းကျောင်းပြုလုပ်၏။

သစ်ရွက်မိုး စရပ်ကို ကောင်းစွာပြုလုပ်ပြီးနောက် ထို၌အပြစ် ငါးပါးကင်းလွတ်သော စင်္ကြံကို ဖန်ဆင်း၏။ ဂုဏ်ကျေးဇူး ရှစ်ပါးနှင့် ပြည့်စုံစေနိုင်သော သခ်မ်းကျောင်းတွင်နေလျက် အဘိ ညာဉ်အင်အားကို ဆောင်ခဲ့၏။

ငါသည် ထိုကျောင်း၌ အပြစ်ကိုးပါးရှိသော ပုဆိုးအစုံကို စွန့်ပယ်ပြီး ဂုဏ်ကျေးဇူးတဆယ့်နှစ်ပါးနှင့် ပြည့်စုံသော လျှော် တေသင်္ကန်းကို ဝတ်ခဲ့၏။

အို သာရိပုတ္တရာ၊ တဖန်အပြစ်ရှစ်ပါးတို့ဖြင့် ပြွမ်းသော သစ် ရွက်မိုးကျောင်းကို စွန့်ပယ်ပြီး ဂုဏ်ဆယ်ပါးနှင့်ပြည့်စုံသော သစ် ပင်ရင်းသို့ ဆင်းခဲ့ပြန်၏။

စိုက်ပျိုးရသော ကောက်ပဲသီးနှံမှ ဖြစ်သော အစာအာဟာရ ကို အကြွင်းမရှိ ငါပယ်၏။ ဂုဏ်ကျေးဇူးများစွာနှင့် ပြည့်စုံသော အလိုအလျောက်ဖြစ်သော သစ်သီးကိုသာ ငါယူ၏။

အို သာရိပုတ္တရာ၊ ငါသည် ထိုတောင်၌ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်း ဟူသော အရိယာပုထ်သုံးမျိုး၌ ကမ္ဘဋ္ဌာန်းနှင့် ယှဉ် သော လုံ့လကို အားထုတ်ရာ ရက်သတ္တတပတ် အတွင်းမှာပင် အဘိညာဉ် ဗလကိုရခဲ့၏။

ရသေ့တို့ သာသနာ၌ ကိစ္စပြီးမြောက် သိဒ္ဓိပေါက်၍ ဝသီ တော် ငါးပါး၌ အဝါးဝစ္စာလေ့လာပြီး စျာန်ချမ်းသာဖြင့် ငါ မွေ့လျော်နေစဉ် လောကနာယကဖြစ်သော ဒီပင်္ကရာ မြတ် စွာဘုရား လောက၌ ပွင့်တော်မူလေသည်။

အလောင်းတော်တို့ ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်သော အခါ၊ ဘုရားအဖြစ်သို့ရောက်သောအခါ၊ ဓမ္မစကြာတရား ဟော ကြားသောအခါ၌ ဖြစ်သော နိမိတ် လေးပါးတို့ကို ငါသည် စျာန်ဖြင့် မွေ့လျော် ဝင်စားခိုက်ဖြစ်သောကြောင့် မသိမမြင် လိုက်။

ရမ္မဝတီပြည်သူတို့သည် ဒီပင်္ကရာမြတ်စွာဘုရားကို ဆွမ်းဖြင့် လုပ်ကျွေးရန် ပင့်ဖိတ်ပြီး မြတ်စွာဘုရား ကြွရန်လမ်းကို ရှင်လန်း ဝမ်းမြောက်စွာ ရှင်းလင်းသုတ်သင်နေကြ၏။

အို သာရိပုတ္တရာ။ ထိုအခါ ထိုငါသည် လျှော်တေသက်န်းကို ခါးတွင် ဝတ်ရုံလျက် မိမိနေရာ သခ်မ်းကျောင်းမှ ထွက်ခဲ့၍ ကောင်းကင်၌သွား၏။

ထိုအခါ ထိုငါသည် လွန်စွာ ရွှင်လန်းနှစ်သက်နေကြသော သူများကိုတွေ့မြင်၍ ကောင်းကင်ထက်မှသက်ပြီး သူတို့ကို မေးခဲ့၏။

"အို လူအပေါင်းတို့၊ သင်တို့သည် အလွန်ရွှင်လန်း ဝမ်းသာ နှစ်သက်စွာ ဘယ်သူလာရာလမ်းကို ရှင်းလင်းနေကြပါသလဲ"

ငါမေးသောအခါ သူတို့သည် "အို ရှင်ရသေ့၊ အတုမရှိ အောင်တော်မူသည့် လောကနာယကဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏။ ငါတို့သည် ထိုဗုဒ္ဓမြတ်စွာ ကြွတော်မူရန် ခရီးလမ်း သုတ်သင်နေကြပါသည်"ဟု ဖြေဆိုကြ၏။

အို သာရိပုတ္တရာ။ ဗုဒ္ဓဟူသောစကားကို ကြားရသောအခါ ငါ့အား နှစ်သက်ခြင်းပီတိဖြစ်ပြီး "ဗုဒ္ဓ ဗုဒ္ဓ"ဟု အဖန်ဖန် ဆိုလျက် ဝမ်းသာသော စကားကို မြွက်ကြား ချီးကျူး၏။

ငါသည် ထိုအရပ်၌ ရပ်လျက် နှစ်သက်ဝမ်းမြောက်သောစိတ်ဖြစ်၍ စဉ်းစား၏။ 'ငါသည် ဤဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ မျိုးစေ့ချအံ့။ အချိန်အခါကို မလွန်စေလင့်'

"အို လူအပေါင်းတို့။ သင်တို့သည် မြတ်စွာဘုရား ကြွလာရာလမ်းကို သုတ်သင်ကြပါလျှင် ငါ့အားလည်း တာဝန်းတဖို့ ပေးကြပါကုန်"ဟု တောင်းဆိုခဲ့၏။

ထိုအခါ သူတို့သည် လမ်းပြင်ရန် ငါ့အား တာဝန်းပေးကြ၏။ ထိုအခါငါသည် 'ဗုဒ္ဓော၊ ဗုဒ္ဓော' ဟု အောင့်မေ့လျက် လမ်းကို သုတ်သင်ခဲ့၏။

အို သာရိပုတ္တရာ။ ငါ၏တာဝန်းတဖို့ မပြီးစီးခင် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော၊ သည်းခံခြင်းဂုဏ် စသည်တို့နှင့် ပြည့်စုံကုန်သော၊ အညစ်အကြေး ကင်းပြီးကုန်သော ရဟန္တာလေးသိန်းနှင့်တကွ ငါးမာန်အောင်မြင် ဒီပင်္ကရာဘုရားရှင် ကြွလာတော်မူ၏။

နတ်လူတို့သည် ဒီပင်္ကရာမြတ်စွာဘုရားအား ခရီးဦး ကြိုဆိုကြကုန်၏။ များစွာသော နတ်လူတို့သည် စည်တို့ကို တီးမှုတ်ကြကုန်၏။ ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးကြကုန်၏။

နတ်တို့သည် လူတို့ကို မြင်တွေ့ကြ၍ လူတို့လည်း နတ်တို့ကို မြင်တွေ့ကြကုန်၏။ သူတို့သည် လက်အုပ်ချီမိုး ရှိခိုးကြလျက် ဗုဒ္ဓ၏ နောက်သို့ အစဉ်လိုက်ကြ၏။

နတ်တို့သည် နတ်တူရိယာတို့ကို၊ လူတို့လည်း လူ့ပြည်ဖြစ် တူရိယာတို့ကို တီးမှုတ်ကြလျက် သူတို့သည် ဗုဒ္ဓ၏နောက်သို့ အစဉ်လိုက်ကြ၏။

ကောင်းကင်ဖြင့် သွားကုန်သော နတ်တို့သည် နတ်၌ဖြစ်သော ထင်ရှားပန်း၊ ပဒုမာကြာပန်း၊ ပင်လယ်ကသစ်ပန်းတို့ကို ထက်ဝန်းကျင် အရပ်မျက်နှာမှ ဖြန့်ကြဲကုန်၏။

ကောင်းကင်ဖြင့် သွားကုန်သော နတ်တို့သည် နတ်၌ဖြစ်သော စန္ဒကူးမှုန့်နှင့် အခြား ကောင်းမြတ်သော နံ့သာတို့ကို ထက်ဝန်းကျင် ထိုထိုအရပ်မျက်နှာမှ ကြဲဖြန့်ကုန်၏။

မြေပြင်၌သွားကုန်သော လူတို့သည် စကားပန်း၊ ထင်းရှူးပန်း၊ ထိန်၊ ကံ့ကော်၊ ပုန်းညက်၊ ဆပ်သွားပန်းတို့ကို ထက်ဝန်းကျင် ထိုထိုအရပ်မျက်နှာမှ ကြဲမြှောက်ကုန်၏။

အို သာရိပုတ္တရာ။ ငါသည် ဆံကျစ်ကိုဖြည်၍ ရှော်တေ သက်နှန်နှင့် သားရေအခင်းကို ညွှံပျောင်း၌ခင်းပြီး ထိုအခင်း အပေါ်၌ မှောက်လျက် ငါ အိပ်လိုက်၏။

"ရဟန္တာ လေးသိန်းနှင့်အတူတကွ မြတ်စွာဘုရားသည် ငါ့ အပေါ်မှ နင်းကြွစေသတည်း၊ သံဃာနှင့်တကွ မြတ်စွာဘုရား ညွှံပျောင်း၌ မနင်းမိစေသတည်း။ သို့ဖြင့် ငါ့အား အကျိုးစီးပွား ဖြစ်ပေမည်"

အို သာရိပုတ္တရာ။ မြေအပြင် ညွှံပျောင်း၌ အလျားမှောက် နေစဉ် ဤသို့ ငါ့အား စိတ်အကြံ ဖြစ်ခဲ့၏။ 'ယနေ့ ငါအလိုရှိမူ၊ ငါ၏ ကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်မီးဖြင့် လောင်ကျွမ်း ပစ်နိုင်၏။

'သို့ရာတွင် ဤဘဝ၌ မထင်ရှားသော သာဝကအသွင်ဖြင့် တရားကို မျက်မှောက်ပြုသဖြင့် အဘယ်မှုအံ့နည်း။ ငါသည် သဗ္ဗညုအဖြစ်သို့ ရောက်၍ နတ်နှင့်တကွသော လောက၌ ဘုရား ဖြစ်အံ့။

'မိမိအစွမ်းကို မြင်သော ယောကျ်ားဖြစ်လျက် ငါကဲ့သို့သော သူသည် တယောက်ထီးတည်း ကူးမြောက်သဖြင့် အဘယ်မှု စအံ့ နည်း။ ဘုရားအဖြစ်သို့ရောက်၍ နတ်နှင့်တကွသော လူအပေါင်း ကို သံသရာ ရေအယဉ်မှ ကယ်တင်ပေအံ့'

"အို ပုရိသုတ္တမ (ယောကျ်ားမြတ်)၊ ကျွန်ုပ်ပြုသော ဤ ကောင်းမှုကြောင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်၍ များစွာ သော လူအပေါင်းကို ကူးသန်း ပို့ဆောင်နိုင်ရပါလို၏။

"သံသရာ ရေအယဉ်ကိုဖြတ်၍ ဘဝသုံးပါးကို ဖျက်ဆီး၍ ဓမ္မလှေထက်သို့ ကောင်းစွာတက်စီး၍ နတ်နှင့်တကွသော လောကကို သံသရာ ပင်လယ်ရေပြင်မှ ကယ်တင် ပို့ဆောင်နိုင်ရပါလို၏"

အို သာရိပုတ္တရာ။ လောကကို သိတော်မူသော အဝေးမှ ဆောင်ယူ၍လှူသော အလှူကို ခံတော်မူထိုက်သော ဒီပင်္ကရာ မြတ်စွာဘုရားသည် ငါ၏ ခေါင်းရင်း၌ ရပ်တော်မူလျက် ဤစကားကို မြွက်ကြားတော်မူ၏။

"ဆံကျစ်ဦးစွန်းလည်း ထုံးသော၊ ခြိုးခြံကျော်စောသော အကျင့်လည်း ရှိသော ဤရသေ့ကို သင်တို့ ရှုကုန်လော့။ သူသည် ဤသာရမဏ္ဍကမ္ဘာမှ မရေတွက်နိုင်သော ဘဒ္ဒကမ္ဘာ၌ လောကတွင် ဘုရားဖြစ်လိမ့်မည်။

"သူသည် နှလုံးမွေ့လျော်ဘွယ်ကောင်းသော ကပိလအမည် ရှိသော ပြည်မှ ထွက်ပြီး ကမ္မဋ္ဌာန်းကို လုံ့လပြု၍ ဒုက္ကရစရိယာ ကျင့်၍

"အဇပါလ အမည်ရှိသော ညောင်ပင်အနီး၌ နေလျက်၊ သူသည် နို့ဆွမ်းကိုခံယူပြီး နေရဉ္ဇရာ အမည်ရှိသောမြစ်သို့ ချဉ်းကပ်လိမ့်မည် -

"သူသည် နေရဉ္ဇရာမြစ်ကမ်း၌ နို့ဆွမ်းဘုဉ်းပေးပြီးသော် နတ်တို့ စီရင်သောလမ်းဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လိမ့်မည်။

"ထိုနောက် များမြတ်သော အခြံအရံ အကျော်အစော ရှိသော သူသည် မြတ်သော ဗောဓိမဏ္ဍိုင်ကို လက်ယာရစ်ပြု၍ သစ္စာလေးပါးကို ညောင်ဗုဒ္ဓေဟပင်ရင်း၌ သိမြင်လိမ့်မည်။

"သူ၏ မယ်တော်ကား မာယာမိဖုယား၊ ခမည်းတော်ကား သုဒ္ဓောဒနမင်းကြီးဖြစ်၍ သူသည် အမျိုးအားဖြင့် ဂေါတမဘုရား ဟု ထင်ရှားလိမ့်မည်။

"အာသဝ ရာဂကင်း၍ စိတ်နှလုံး တည်ကြည် ငြိမ်သက်ကုန်သော ကောလိတနှင့် ဥပတိဿမည်သော ရဟန်းနှစ်ပါးသည် အဂ္ဂသာဝကတို့ ဖြစ်ကြလိမ့်မည်။ အာနန္ဒာရဟန်းသည် သူ့ကို လုပ်ကျွေးလိမ့်မည်။

"အာသဝ ရာဂကင်း၍ စိတ်နှလုံးတည်ကြည် ငြိမ်သက်ကုန်သော ခေမာနှင့် ဥပ္ပလဝဏ်မည်သော ဘိက္ခုနီနှစ်ပါးသည် အဂ္ဂသာဝိကာတို့ ဖြစ်လိမ့်မည်။ သူ၏ဗောဓိကို ညောင်ဗုဒ္ဓဟေဟုဆိုအပ်၏။

"သူကြွယ်စိတ္တနှင့် မင်းသားဟတ္ထာဠဝကမည်သော ဒါယကာနှစ်ဦးသည် မြတ်သောအမျိုးသား အလုပ်အကျွေးတို့ဖြစ်၍ နန္ဒမာတာနှင့် ဥတ္တရာမည်သော ဒါယိကာမနှစ်ဦးသည် မြတ်သောအမျိုးသမီး အလုပ်အကျွေးတို့ဖြစ်လိမ့်မည်"

အို သာရိပုတ္တရာ၊ အတုမရှိသော ဒီပင်္ကရာမြတ်စွာဘုရား၏ ဤသို့သော ဗျာဒိတ်စကားကိုကြားရသောအခါ လူနတ်တို့က "ဤသုမေဓာ ရသေ့သည် ဘုရားမျိုးစေ့ကို စိုက်ပျိုးသူတည်း"ဟု ဝမ်းမြောက်ရွှင်လန်းကြကုန်၏။

စကြာဝဠာတသောင်း၌ နေကြသော နတ်တို့သည် တခဲနက် ကြွေးကြော်ကြ၏။ လက်ပမ်းပေါက်ခတ်ကြ၏။ ရွှင်လန်းစွာလက် အုပ်ချီမိုး ရှိခိုးကြကုန်၏။

"ငါတို့သည် ဒီပင်္ကရာမြတ်စွာဘုရားသာသနာ၌ အကယ်၍ မကျွတ်မလွတ်ကြပါလျှင် အနာဂတ်ကာလ၌ ဤသုမေဓာရသေ့၏ မျက်မှောက်တွင် လွတ်မြောက်ရပါလို၏။

"မြစ်ကိုကူးသူတို့သည် အညာဆိပ် ချတ်ပါလျှင် အကြေဆိပ်၌ယူ၍ မြစ်မကို ကူးကြသကဲ့သို့ ထို့အတူ အကယ်၍ ဤမြတ်စွာဘုရားသာသနာ၌ ချွတ်ချော်ခဲ့ပါသော် အနာဂတ်ကာလ ဤရသေ့၏မျက်မှောက်၌ လွတ်မြောက်ရန် ဆုတောင်းကြကုန်၏"

အဝေးမှဆောင်၍ လှူသောအလှူကို ခံတော်မူထိုက်သော လောကကို သိတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ငါ့အား ဗျာဒိတ်ကြားတော်မူပြီး လက်ျာခြေတော်ကို ဆန့်တော်မူလေ၏။

ထိုအခါ ဘုရားသားတော်ဖြစ်သော ခပ်သိမ်းကုန်သော သာဝကတို့သည် ငါ့ကိုရိုသေသမှုပြုကုန်၍ လူနဂါး ဂန္ဓဗ္ဗတို့ကား ငါ့ကို ရိုသေစွာ ရှိခိုးပြီးသွားကြ၏။

အို သာရိပုတ္တရာ သံဃာနှင့်တကွသော မြတ်စွာဘုရား ငါ၏ အမြင်မှ လွန်လေသော် ငါသည် နှစ်လိုရွှင်လန်းသောစိတ်ဖြင့် နေရာမှ ထလိုက်၏။

ချမ်းသာဖြင့် ချမ်းသာခြင်း၊ ဝမ်းမြောက်သဖြင့် ဝမ်းမြောက်ခြင်း၊ နှစ်လိုခြင်းဖြင့် အလွန်စိုစွတ်ခြင်းဖြစ်၍ ငါသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်လိုက်၏။

ထိုအခါ ဤသို့ ငါစဉ်းစား၏။ 'ငါသည် ဈာန်၌လည်း လေ့လာစွာဖြစ်၍ အဘိညာဉ်တို့၌ အပြီးသို့ရောက်၏။

'လောကဓာတ်တသောင်း၌ ငါနှင့်တူသော ရသေ့တို့မရှိကုန်၊ တန်ခိုးဖန်ဆင်းခြင်း၌လည်း အတုမရှိ၍ ဤသို့သော ချမ်းသာကို ငါရ၏'

အို သာရိပုတ္တရာ၊ ငါထက်ဝယ် ဖွဲ့ခွေ ထိုင်နေသောအခါ စကြဝဠာတသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က "အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်"ဟု တခဲနက် ကြွေးကြော်ကြ၏။

“ရှေးရှေးသော ဘုရားလောင်းတို့ မြတ်သောထက်ဝက် ဖွဲ့ခွေ ထိုင်နေသောအခါ ဖြစ်ပေါ်သော အတိတ်နိမိတ်တို့ ယခုဖြစ် ပေါ်ကုန်၏။

အချမ်းသာလည်း ကင်း၏၊ အပူလည်း ငြိမ်း၏၊ ထို နိမိတ်တို့ ယခုအခါ ထင်ရှားဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

စကြဝဠာလောကဓာတ် တသောင်းသည် အသံဆိတ် ၏။ အနှောင့်အရှက် ကင်း၏၊ထိုနိမိတ်တို့ ယခုဖြစ်ပေါ်နေ ပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

မုန်တိုင်း လေပြင်းတို့လည်း မလာကုန်။ မြစ်တို့လည်း မစီးကုန်။ ထိုနိမိတ်တို့ ယနေ့ထင်ရှားဖြစ်ပေါ်နေပါ၍ အ မှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက ရေပန်းကုန်းပန်းတို့ တပြိုင်နက်ပွင့်ကုန်၏။ ထိုပန်းတို့ ယခုလည်း ပွင့်ကုန်၍ အမှန်ပင် သင်ဘုရားဖြစ် လိမ့်မည်။

ထိုအခါက နွယ်ပင် သစ်ပင်တို့ အသီး သီးကြ၏၊ ထို နွယ်ပင်သစ်ပင်တို့ ယခုလည်းသီးကြ၍ အမှန်ပင် သင် ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက ကောင်းကင်၌ရှိသော ရတနာနှင့် မြေ၌ ရှိသော ရတနာတို့ ထွန်းလင်းတောက်ပကုန်၏။ ထိုရတနာ တို့ ယခုလည်း ထွန်းတောက်ကြ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက လူ၌ဖြစ်သော တူရိယာ၊ နတ်၌ဖြစ်သော တူရိယာတို့ မြည်ကုန်၏၊ ထိုတူရိယာတို့ ယခုအခါ မြည် ကြပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက အထူးထူးအပြားပြား ဆန်းကြယ်သော ပန်းတို့ ကောင်းကင်မှ ကျလာကုန်၏။ ထိုပန်းတို့ ယခု လည်း ကျလာပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက မဟာသမုဒ္ဒရာလည်း ချောက်ချား၏။ စကြဝဠာတသောင်းလည်း လှုပ်ရှား၏၊ ယခုလည်း ထို မဟာသမုဒ္ဒရာ စကြာဝဠာတို့ ချောက်ချား လှုပ်ရှား နေပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက ယူဇနာတသောင်းရှိသောငရဲ၌ ငရဲမီးတို့ ငြိမ်းအေးသွားကုန်၏။ ယခုအခါလည်း ထိုငရဲမီးတို့ ငြိမ်း အေးနေသဖြင့် အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက နေမင်းသည် အညစ်အကြေးကင်း၍ ခပ် သိမ်းသော ကြယ်နက္ခတ်တို့ကို တွေ့မြင်ရ၏။ ယခုလည်း ထိုနိမိတ်တို့ အထင်အရှားဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက မိုးမရွာဘဲ ရေသည် မြေမှတက်လာ၏။ ယခုလည်း မိုးမရွာဘဲ မြေမှရေတက်လာပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

ကောင်းကင်တွင် ကြယ်တာရာနှင့် နက္ခတ်တို့ တင့် တယ်ကုန်၏၊ ဝိသာခါနက္ခတ်သည် လနှင့်ယှဉ်၏၊ သို့ ကြောင့် အမှန်ပင် သင် ဘုရားဖြစ်လိမ့်မည်။

ထိုအခါက တွင်းအောင်းသတ္တဝါချောက်ကမ်းပါး တွင် နေကြသော သတ္တဝါများ မိမိတို့နေရာမှ ထွက်ကြ ကုန်၏။ ယခုလည်း ထိုသတ္တဝါတို့ ထွက်ကြပါ၍ အမှန် ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက သတ္တဝါတို့သည် မမေ့လျော့ခြင်းမဖြစ်ကြချေ၊ ရောင့်ရဲကြကုန်၏။ ယခုလည်း ခပ်သိမ်းသော သတ္တဝါတို့ ရောင့်ရဲကြပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက အနာရောဂါတို့ ပျောက်ငြိမ်း၍ မွတ်သိပ်ခြင်း ကင်းကြပါသည်။ ယခုလည်း ထိုနိမိတ်တို့ ထင်ရှားဖြစ်ပေါ်နေပါ၍ အမှန်ပင် ဘုရားဖြစ်လိမ့်မည်။

ထိုအခါက တော်ခြင်း၊ ခေါင်းပါးခြင်း၊ ဒေါသ မောဟလည်း ပျောက်၏။ ထိုနိမိတ်တို့ ယနေ့ ထင်ရှားဖြစ်ပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက ဘေးဘယ မဖြစ်ချေ။ ယခုလည်း ထိုနိမိတ် ထင်ရှား ဖြစ်ပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက မြူမှုန်မထကြချေ။ ယခုလည်း ထိုနိမိတ် ထင်ရှား ဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက မကောင်းသော အနံ့အသက် မရှိချေ။ နတ်၌ဖြစ်သော အနံ့သာလှိုင်၏။ ယခုလည်း ထိုနိမိတ် ထင်ရှား ဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက အရူပဗြဟ္မာမှတပါး ခပ်သိမ်းသော နတ်ဗြဟ္မာတို့ကို တွေ့မြင်ကြရပါ၏။ ယခုလည်း ထိုနိမိတ် ထင်ရှားဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါက ခပ်သိမ်းသော ငရဲတို့ကို မြင်ကြပါ၏။ ယခုလည်း ထိုနိမိတ်တို့ ထင်ရှား ဖြစ်ပေါ်နေပါ၍ အမှန် ပင် သင်ဘုရားဖြစ်လိမ့်မည်။

ထိုအခါက တိုက်နံရံ တံခါးရွက် ကျောက်ဂူလိုဏ် တို့သည် အပိတ်အကွယ်မရှိဘဲ ဟင်းလင်း ပွင့်ကုန်၏။ ယခုလည်း ထိုနိမိတ်တို့ အထင်အရှား ဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရား ဖြစ်လိမ့်မည်။

ထိုအခါ၌ သေခြင်း ပဋိသန္ဓေနေခြင်း မရှိချေ။ ယခု လည်း ထိုနိမိတ်တို့ ထင်ရှားဖြစ်ပေါ်နေပါ၍ အမှန်ပင် သင်ဘုရားဖြစ်လိမ့်မည်။

"အို သုမေဓာရသေ့။ လုံ့လကို မြဲစွာ ချီးပင့်လော့၊ မဆုတ် လင့်၊ ရှေ့သို့တက်လော့။ အမှန်ပင် သင်ဘုရား ဖြစ်မည့်အကြောင်း ကို ငါတို့ကောင်းစွာသိကြပါသည်"

အို သာရိပုတ္တရာ၊ ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်စကား နှင့် စကြဝဠာတသောင်း၌ နေကြသော နတ်တို့၏စကားကိုကြား ရ၍ ငါအလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ စဉ်းစား၏။

ဗုဒ္ဓမြတ်စွာတို့သည် နှစ်ခွသောစကားကို မဆိုကြချေ။ ဇိန မြတ်စွာတို့သည် အချည်းအနှီးသော စကားကို မဆိုကြချေ။ ဗုဒ္ဓ စကားသည် ချွတ်လွဲသည် မရှိ။ အမှန်ပင် ငါဘုရား ဖြစ်လိမ့်မည်။

ကောင်းကင်သို့ ပစ် လိုက် သော ခဲ သည် အမှန်မုချ မြေသို့ ကျမည်ကဲ့သို့ ဗုဒ္ဓစကားသည် မချွတ်မလွဲ ခိုင်မြဲ၏။

ခပ်သိမ်းသော သတ္တဝါတို့၏ သေခြင်းသည် မချွတ်မလွဲကေန် မြဲသကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့၏ စကားတော်သည် မချွတ် မလွဲ ကေန်မြဲ၏။

ညဉ့်၏ ကုန်ခြင်း ရောက်လတ်သော် နေထွက်ခြင်း မြဲသကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့၏ စကားတော်သည် မြဲသည်သာ။

အိပ်ရာမှ ထွက်သော ခြသေ့်၏ ဟောက်ခြင်း မြဲသကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့၏ စကားတော်သည် မြဲ၏။

ကိုယ်ဝန်ဆောင်သော မိန်းမတို့၏ သားဝန်ချခြင်းသည် မြဲသကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့၏ စကားသည် မြဲ၏။

အို သာရိပုတ္တရာ၊ ထိုစဉ်အခါ ငါသည် ဘုရား ဖြစ်စေ နိုင်သော တရားတို့ကို ထိုမှ ဤမှ ရှိသမျှ အ ထက် အောက် အ ရပ် ဆယ်မျက်နှာကို၌ စူးစမ်းထောက်လှမ်းခဲ့၏။

## ဒါန ပါရမီ

စူးစမ်းဆင်ခြင်သော ထိုငါသည် ရှေးဘုရားတို့ အထူးလေ့ကျက်သော လမ်းမ ဖြစ်သည့် ဒါနပါရမီကို ရှေးဦးစွာ တွေ့မြင်၏။

"အို သုမေဓာရသေ့၊သင်သည် ဒါနပါရမီကို ရှေးဦးစွာမြဲမြဲဆောက်တည်လော့။ ဘုရားအဖြစ်သို့ရောက်ရန် အလိုရှိပါလျှင် ဤဒါနပါရမီကို ဖြည့်လော့။

"အောက်သို့ မျက်နှာရှိသော ရေပြည့်အိုးသည် ရေကိုအကြွင်းမရှိ အန်ထုတ်၏၊ အိုး၌ ရေ မကျန်၊ အကြွင်းမရှိသကဲ့သို့ ထို့အတူ အယုတ် အလတ် အမြတ် ဖြစ်ကုန်သော အလှူခံပုဂ္ဂိုလ်တို့ကို တွေ့မြင်ပါလျှင် ရေပြည့်အိုးကို သွန်မှောက်လိုက်သကဲ့သို့ အကြွင်းမဲ့ သင်ပေး လှူပါလော့"

အို သာရိပုတ္တရာ၊ ဘုရားအဖြစ်ကို ရင့်ကျက်စေတတ်သော တရားတို့သည် ဤမျှသာမဟုတ်လေရာ။ အခြား ဘုရားဖြစ်စေနိုင်သော တရားတို့ ရှိသေး၏။ ထိုတရားတို့ကို ငါ စူးစမ်းဦးအံ့။

## သီလ ပါရမီ

ရွေးချယ်ဆင်ခြင်သောထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ် အဖန်တလဲလဲ အမြဲမှီဝဲအပ်သော ဒုတိယမြောက် သီလပါရမီကို ထိုအခါ ငါတွေ့မြင်ခဲ့၏။

"အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် ဒုတိယမြောက်ဤသီလ ပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ ဘုရားဖြစ်ရန် အကယ်၍ အလိုရှိပါလျှင် သီလပါရမီကို ဖြည့်ပါလော့။

"စာမရီသားကောင်သည် တစုံတရာတွင် အမြီးငြိနေပါလျှင် စောင့်၏။ထိုအရပ်၌ သေခြင်းသို့ရောက်၏။ အသေခံ၏။ အမြီးကို အပျက်မခံသကဲ့သို့ ထို့အတူ သင်သည် လေးပါးသော မြေတို့၌ စာမရီသားကောင် အမြီးကို စောင့်သကဲ့သို့ သီလကိုစောင့်လော့၊ အခါခပ်သိမ်း သီလကိုဖြည့်ကျင့်ပါလော့"

အို သာရိပုတ္တရာ၊ ဘုရားအဖြစ်ကို ရင့်ကျက်စေတတ်သော တရားတို့သည် ဤမျှသာမဟုတ်ပေရာ၊ အခြား ဘုရား ဖြစ်စေနိုင်သော တရားတို့ ရှိသေး၏။ ထိုတရားတို့ကို ငါ စူးစမ်းဦးအံ့။

## နိက္ခမ ပါရမီ

စူးစမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှု မှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော တတိယမြောက် နိက္ခမပါရမီကို ထိုအခါ ငါတွေ့မြင်ခဲ့၏။

"အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် တတိယမြောက် ဤနိက္ခမ ပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ ဘုရားဖြစ်ရန် အကယ်၍ အလိုရှိပါလျှင် နိက္ခမ ပါရမီကို ဖြည့်လော့။

"နှောင်အိမ်၌ ကြာမြင့်စွာသော ကာလပတ်လုံးနေရ၍ ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သူသည် ထိုနှောင်အိမ်ကို တပ်မက်ခြင်းမရှိ

ချေ။ လွတ်မြောက်ခြင်းကိုသာ အလိုရှိသကဲ့သို့ ထို့အတူ သင်သည် ခပ်သိမ်းသောဘဝကို နှောင်အိမ်အသွင် ရှုဆင်ခြင်လော့။ ဘဝသုံးပါးမှ လွတ်မြောက်ရန် တောထွက်ခြင်း နိက္ခမကို ရှေးရှုလော့”

အို သာရိပုတ္တရာ၊ ဘုရားဖြစ်စေတတ်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ၊ အခြား ဗုဒ္ဓဉာဏ်ကို ရင့်သန်စေနိုင်သော တရားတို့ ရှိသေး၏။ ထိုတရားတို့ကိုလည်း ငါ စူးစမ်းဦးအံ့။

## ပညာ ပါရမီ

စူးစမ်းရှေးချယ်သော ထို ငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော စတုတ္ထမြောက် ပညာပါရမီကို ထိုအခါ ငါ တွေ့မြင်၏။

“အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် စတုတ္ထမြောက် ဤပညာပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ အကယ်၍ ဘုရားဖြစ်လိုပါလျှင် ဤပညာပါရမီကို ဖြည့်လော့။

“ဆွမ်းခံသော ရဟန်းသည် ဒါယကာ အယုတ် အလတ် အမြတ်ကို မကြည့်ဘဲ မျှလောက်ရုံ ဆွမ်းခံယူသကဲ့သို့ ထို့အတူ သင်လည်း အစဉ်မပြတ် ပညာရှိတို့ထံ မေးမြန်းစူးစမ်းပြီး ပညာပါရမီကိုဖြည့်က ဘုရားဖြစ်လိမ့်မည်”

အို သာရိပုတ္တရာ၊ ဘုရားဖြစ်စေနိုင်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ၊ အခြားတပါးလည်း ရှိကုန်သေး၏။ ထိုတရားတို့ကိုလည်း ငါ စူးစမ်းဦးအံ့။

## ဝီရိယ ပါရမီ

စူးစမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်ဘလဲလဲ အမြဲမှီဝဲအပ်သော ပဉ္စမမြောက် ဝီရိယပါရမီကို ထိုအခါ ငါတွေ့မြင်၏။

"အို သုမေဓာရသေ့။ သင်သည် အစဉ်သင့် ပဉ္စမမြောက်ဤ ဝီရိယပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ ဘုရားအဖြစ်သို့ အကယ်၍ ရောက်ချင်ပါလျှင် ဝီရိယပါရမီကို ဖြည့်လော့။

"ခြင်္သေ့မင်းသည် ထိုင်ခြင်း၊ ထခြင်း၊ လမ်းလျှောက်ခြင်း၌ မတွန့်သော ဝီရိယရှိ၏။ အခါခပ်သိမ်း ချီးပင့်သော စိတ်နှလုံးရှိသကဲ့သို့ ထို့အတူ သင်လည်း ခပ်သိမ်းသောဘဝ၌ လုံ့လဝီရိယကို မြဲစွာ ချီးပင့်လော့။ ဝီရိယပါရမီကို ဖြည့်ပါက ဘုရားဖြစ်လိမ့်မည်"

အို သာရိပုတ္တရာ။ ဘုရားအဖြစ်ကို ရင့်ကျက်စေနိုင်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ၊ အခြား ဘုရားဖြစ်စေနိုင်သော တရားတို့ ရှိသေး၏။

## ခန္တီ ပါရမီ

စူးစမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော ဆဋ္ဌမမြောက် ခန္တီပါရမီကို ထိုအခါ ငါတွေ့မြင်၏။

"အို သုမေဓာရသေ့၊ သင်သည် အစင်သင့် ဆဋ္ဌမမြောက် ခန္တီပါရမီကို မြဲစွာပြု ဆောက်တည်လော့။ ထိုပါရမီ၌ စိတ်နှလုံးမနွဲ့ဖြစ်ပါလျှင် ဘုရားအဖြစ်ရောက်လိမ့်မည်။

"မြေကြီးသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထု အစုစုတို့ စွန့်ပစ်ခြင်းကို သည်းခံနိုင်၏။ မုန်းခြင်းကို

မပြုသကဲ့သို့၊ ထို့အတူ သင်လည်းခပ်သိမ်းသူတို့၏ ညီညွတ်သော အာရုံ၊ မညီညွတ်သောအာရုံတို့၌ သည်းခံ၍ ခန္တီပါရမီကို ဖြည့်ပါလျှင် ဘုရားဖြစ်လိမ့်မည်”

အို သာရိပုတ္တရာ၊ ဘုရားဖြစ်စေနိုင်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ။ အခြား ဘုရားအဖြစ်ကို ရင့်ကျက်စေနိုင်သော တရားတို့ ရှိသေး၏။ ထိုတရားတို့ ကိုလည်း ငါ ရွေးချယ်ဦးအံ့။

## သစ္စာ ပါရမီ

ရွေးချယ်စီစစ်သော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော သတ္တမမြောက် သစ္စာပါရမီကို ထိုအခါ ငါမြင်၏။

“အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် သတ္တမမြောက် သစ္စာပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ ထိုပါရမီ၌ စကား နှစ်ခွ မဖြစ်ပါလျှင် ဘုရားအဖြစ်သို့ ရောက်လိမ့်မည်။

“သောက်ရှုးကြယ်သည် နတ်နှင့်တကွ လောက၌ ချိန်နှင့်တူ သည်ဖြစ်၍ ညဉ့်ဦး သန်ကောင် မိုးသောက်ရောင်အခါ၌ရင်း၊ ဆောင်း၊ နွေဦး ဥတု၌ရင်း ဘယ်အခါမျှ သွားမြဲခရီးကို မလွန် သကဲ့သို့၊ ထို့အတူ သင်လည်း သစ္စာည၌တည်၍ ဆိုမြဲစကားကို မလွန်စေလင့်။ သစ္စာပါရမီကိုဖြည့်ပါက ဘုရားဖြစ်လိမ့်မည်”

အို သာရိပုတ္တရာ၊ ဘုရားအဖြစ်ကို ရင့်ကျက်စေတတ်သော တရားတို့သည် ဤမျှသာမဟုတ်ပေရာ။ အခြား ဘုရားဖြစ်စေနိုင် သော တရားတို့ရှိသေး၏။ ထိုတရားတို့ကိုလည်း ငါ စူးစမ်းဦးအံ့။

## အဓိဋ္ဌာန် ပါရမီ

ရွေးချယ်စူးစမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော အဋ္ဌမမြောက် အဓိဋ္ဌာန်ပါရမီကို ထိုအခါ ငါမြင်၏။

"အို သုမေဓာ ရသေ့၊ သင်သည် အစဉ်သင့် အဋ္ဌမမြောက် ဤအဓိဋ္ဌာန်ပါရမီကို မြဲစွာ ဆောက်တည်လော့။ ထိုပါရမီ၌ မတုန်မလှုပ် ဖြည့်ကျင့်ပါလျှင် သင် ဘုရားဖြစ်လိမ့်မည်။

"မတုန်မလှုပ်ကောင်းစွာ တည်သောကျောက်တောင်သည် လေပြင်း မုန်တိုင်းဖြင့်လည်း မတုန်လှုပ်ဘဲ မိမိနေရာ၌ မြဲစွာတည်သကဲ့သို့၊ ထို့အတူ သင်လည်းဆောက်တည်ခြင်း၌ အခါခပ်သိမ်း မတုန်မလှုပ်ဖြစ်လော့။ အဓိဋ္ဌာန်ပါရမီကိုဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လိမ့်မည်"

အို သာရိပုတ္တရာ၊ ဘုရားဖြစ်စေနိုင်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ။ အခြား ဘုရားဖြစ်စေနိုင်သောတရားတို့ရှိသေး၏။ ထိုတရားကိုလည်း ငါရွေးချယ် စိစစ်ဦးအံ့။

## မေတ္တာ ပါရမီ

စူးစမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော နဝမမြောက် မေတ္တာပါရမီကို ထိုအခါ ငါမြင်၏။

"အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် နဝမမြောက် ဤမေတ္တာပါရမီကို ဆောက်တည်လော့။ အကယ်၍ ဘုရားဖြစ်လိုပါလျှင် မေတ္တာပါရမီဖြင့် အတုမရှိဖြစ်လော့။

"ရေသည် သူကောင်းကိုဖြစ်စေ သူယုတ်ကိုဖြစ်စေ အေးချမ်းသော အဖြစ်ဖြင့် ပြန့်နှံ့၍ အညစ်အကြေးကို ဖျောသကဲ့သို့

ထို့အတူ သင်လည်း အကျိုးရှိသူ မရှိသူတို့ကို အမျှမေတ္တာဖြင့် ပွားစေလော့။ မေတ္တာပါရမီကို ဖြည့်ကျင့်၍ ဘုရားဖြစ်လိမ့်မည်”

အို သာရိပုတ္တရာ၊ ဘုရားဖြစ်စေနိုင်သော တရားတို့သည် ဤမျှသာ မဟုတ်ပေရာ။ အခြား ဘုရားဖြစ်စေနိုင်သောတရားတို့ရှိသေး၏။ ထိုတရားတို့ကိုလည်း ငါစူးစမ်းဦးအံ့။

## ဥပေက္ခာပါရမီ

စူးစမ်းထောက်လှမ်းသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်၊ အဖန်တလဲလဲ အမြဲမှီဝဲအပ်သော ဒသမမြောက် ဥပေက္ခာ ပါရမီကို ထိုအခါ ငါမြင်၏။

“အို သုမေဓာရသေ့၊ သင်သည် အစဉ်သင့် ဒသမမြောက် ဤ ဥပေက္ခာပါရမီကို မြဲစွာဆောက်တည်လော့။ မြဲမြံ မှန်ကန်သော ချိန်ကဲ့သို့ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်လိမ့်မည်။

“မြေကြီးသည် မိမိအပေါ် စွန့်ပစ်သည့် မစင်သောအရာဝတ္ထု စင်ကြယ်သော အရာဝတ္ထုနှစ်ခုလုံးကို အမျက်ထွက်ခြင်း ချစ်ခြင်း မဖြစ်ဘဲ လျစ်လျူရှုသကဲ့သို့ ထို့အတူ သင်သည်လည်း ချမ်းသာ ဆင်းရဲ၌ ချိန်နှင့်တူသည်ဖြစ်၍ အခါခပ်သိမ်းဖြည့်လော့။ ဥပေက္ခာ ပါရမီကိုဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လိမ့်မည်။

“ဘုရားအဖြစ်ကို ရင့်ကျင်စေနိုင်သော တရားတို့သည် လောကတွင် ဤမျှသာရှိ၏။ ထိုမှတပါး အခြားမရှိချေ။ ထိုတရား ဆယ်ပါး၌သာ သင် မြဲစွာ ဆောက်တည်လော့”

အို သာရိပုတ္တရာ၊ သဘာဝ ကိစ္စ လက္ခဏာရှိသော ဤတရားတို့ကို ငါ သုံးသပ်ဆင်ခြင်သောအခါ တရားအာနုဘော်ဖြင့် ယူဇနာ တသောင်းရှိသော မြေကြီး တုန်လှုပ်သွား၏။

မြေကြီးသည် တုန်လှုပ်ကာကြည်း၏။ ကြံညှစ် ယန္တယားကို ညှစ်သကဲ့သို့ရင်း၊ ဆီပွက်ယန္တယားပျဉ်၌ လှည်းဘီးစက်ကဲ့သို့ရင်း မြေကြီး တုန်လှုပ်သွား၏။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားအပါး၌ရှိသော ပရိသတ်တို့ အထိတ်တလန့်ဖြစ်ကာ မိန်းမောလျက် မြေကြီးပေါ် လဲကျသွား ကုန်၏။

အထောင်မက များပြားလှစွာသော၊ အိုးနှင့် အရာမက များ ပြားလှစွာသော အိုးစရည်းကြီးတို့ အချင်းချင်း ထိခိုက်၍ အစိတ် စိတ်အမွှာမွှာ ကွဲသွားကုန်၏။

ထိတ်လန့်၊ လန့်ဖျတ်၊ ကြောက်ရွံ့တုန်လှုပ်လျက် ကြောက်ရွံ့ လှသော လူတို့သည် ဒီပင်္ကရာမြတ်စွာဘုရားအပါးသို့ စုပေါင်း ချဉ်းကပ်သွားကြ၏။

"မြတ်စွာဘုရား။ ဤသို့ဖြစ်ခြင်းမှာ အကောင်းလော အဆိုး လော။ လောကကြီး ပျက်စီးမည်လော။ ဤအန္တရာယ်ကို မြတ် စွာဘုရား ကယ်တင်တော်မူပါလော့"

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုသူတို့အား သိစေ တော်မူ၏။ "အို နတ်လူအပေါင်းတို့၊ ဤမြေ တုန်လှုပ်ခြင်း၌ တောင် မြောက်၊ ထို ဤ ကြံစည်ထိတ်လန့် စိတ်မသန့်ဘိသို့ မကပ် ငြိကြလင့်၊ မကြောက်ကြလင့်။

"ယနေ့ သုမေဓာရသေ့ကို 'သင်သည် လောက၌ ဘုရားဖြစ် လိမ့်မည်' ဟု ငါ ဗျာဒိတ်ပေးခဲ့၏။ သူသည် ရှေးရှေးဘုရားတို့ မှီဝဲ အပ်သော တရားကို သုံးသပ်၏"

'အကြွင်းမဲ့ ဘုရားဖြစ်နိုင်သော အကြောင်းကို သုံးသပ်သော သူ၏ အာနုဘော်ကြောင့် ဤမြေကြီး တုန်လှုပ်ခြင်းဖြစ်၏' ဟု သိ စေတော်မူ၏။ စကြာဝဠာတသောင်း၌ နေကြသော နတ်တို့သည်

ဒီပင်္ကရာဘုရား၏ စကားကို ကြားရသောအခါ စိတ်နှလုံး ငြိမ်သက်သွားပြီး ငါ့ထံသို့ စုပေါင်းချဉ်းကပ်ကြ၏။ တဖန်လည်း ငါ့ကို ရှိခိုးကြပြန်၏။

အို သာရိပုတ္တရာ၊ ထိုအခါ ငါသည် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကို ဆောက်တည်၏။ စိတ်ကို မြဲစွာပြုပြီး ဒီပင်္ကရာ မြတ်စွာဘုရားကို ရှိခိုးကာ နေရာမှ ထ ၏။

ငါ နေရာမှ ထလိုက်သောအခါ နတ်လူတို့သည် နတ်၌ ဖြစ်သော ပန်း၊ လူ၌ဖြစ်သော ပန်းတို့ဖြင့် ကြဲဖြန့်ကြ၏။

ချမ်းသာခြင်းစကားကို ပြောကြားကြ၏။ မြတ်သော ဆုတောင်း ပတ္ထနာသည် သင် အလိုရှိတိုင်း ပြည့်စုံပါစေသတည်း။

ဘေးဥပါဒ်ခပ်သိမ်း ပျောက်ငြိမ်းပါစေသတည်း။ စိုးရိမ်သောက အနာရောဂါတို့ ပျောက်လွင့်ပါစေသတည်း။ အန္တရာယ်မငြိတွယ်ဘဲ သဗ္ဗညုတဉာဏ် အလျင်အမြန် ရပါစေသတည်း။ ပွင့်သောသစ်ပင်တို့ အချိန်ရောက်လျှင် ပွင့်သကဲ့သို့ ထို့အတူ အို မဟာဝီရ၊ သင်သည် ဗုဒ္ဓဉာဏ်ဖြင့် ပွင့်ပါစေသတည်း။

ခပ်သိမ်းသော ဘုရားတို့သည် ပါရမီဆယ်ပါး ဖြည့်ကျင့်သကဲ့သို့၊ ထို့အတူ အို မဟာဝီရ၊ သင်သည်လည်း ပါရမီဆယ်ပါးကို ဖြည့်ပါလော့။

ခပ်သိမ်းသော ဘုရားတို့သည် ဗောဓိမဏ္ဍိုင်၌ ပွင့်တော်မူကြသကဲ့သို့၊ ထို့အတူ အို မဟာဝီရ၊ သင်လည်း ဗောဓိမဏ္ဍိုင်တွင် ပွင့်ပါစေသတည်း။

ခပ်သိမ်းသော ဘုရားတို့သည် ဓမ္မစကြာတရား ဟောကြားတော်မူကြသကဲ့သို့၊ ထို့အတူ အို မဟာဝီရ၊ သင်သည်လည်း ဓမ္မစကြာတရား ဟောကြားတော် မူနိုင်ပါစေသတည်း။ အို မဟာဝီရ၊ လပြည့်နေ့၌ ထက်ဝန်းကျင် သန့်ရှင်းစင်ကြယ်သော လမင်း

သည် တင့်တယ်သကဲ့သို့၊ ထို့အတူ သင်လည်း စိတ်နှလုံးပြည့်၍ စကြာဝဠာတသောင်းကို တင့်တယ်ပါစေလော့။

ရာဟုမှလွတ်သော နေသည် အရောင်ဖြင့် တင့်တယ်စေသကဲ့သို့ ထို့အတူ လောကသုံးပါးမှ လွတ်သော သင်သည် ဗုဒ္ဓအသရေဖြင့် တင့်တယ်ပါစေသတည်း။

ခပ်သိမ်းသော မြစ်တို့သည် သမုဒ္ဒရာသို့ စီးဝင်ကုန်သကဲ့သို့ ထို့အတူ နတ်နှင့်တကွသော လောကသည် သင့်ထံ၌ ဆည်းကပ် စေကုန်သတည်း။

ဤသို့လျှင် နတ်လူတို့ ကောင်းချီးဖြင့် ချီးမွမ်းအပ်သော ထို သုမေဓာရသေ့သည် ပါရမီဆယ်ပါးကို ဆောက်တည်ပြီး၍ ထို တရားတို့ကို ဖြည့်ကျင့်ရန်အတွက် တောသို့ ဝင်လေ၏။

# ဒီပင်္ကရာ

အို သာရိပုတ္တရာ။ ထိုအခါ ရမ္မာဝတီပြည်သူတို့သည် သံဃာနှင့်တကွ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးပြီး၍ ဒီပင်္ကရာဘုရားအား ကိုးကွယ်ရာဟု ဆည်းကပ်ကုန်၏။

မြတ်စွာဘုရားသည် အချို့သောသူကို သရဏဂုံ၌ ယှဉ်စေ၏။ အချို့သောသူတို့ကို ငါးပါးသီလ၌ ယှဉ်စေ၏။ အချို့သောသူတို့ကို ဆယ်ပါးသီလ၌ ယှဉ်စေ၏။

ထိုမြတ်စွာဘုရားသည် အချို့သောသူတို့အား အရိယာမဂ်လေးပါးကို ပေး၏။ အချို့သောသူတို့အား မြတ်သော ဖိုလ်လေးပါးကို ပေး၏။ အချို့သောသူတို့အား အတုမရှိသော ပဋိသမ္ဘိဒါ တရားကို ပေး၏။

လူနတ်တို့၏ အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် အချို့သောသူတို့အား မွန်မြတ်သော သမာပတ်ရှစ်ပါးကို ပေး၏။ အချို့သောသူတို့အား ဝိဇ္ဇာသုံးပါးကို ပေး၏။ အချို့သောသူတို့အား အဘိညာဉ်ခြောက်ပါးကို ပေး၏။

မြတ်စွာဘုရားသည် ဤကဲ့သို့သော နည်းလမ်းစည်းကမ်း အစီအစဉ်ဖြင့် သတ္တဝါတို့ကို ဆုံးမတော်မူ၏။ သို့ကြောင့် မြတ်စွာဘုရား သာသနာ ပြန့်နှံ့လေသည်။

မြတ်သောမေး၊ နွားလားဥသဘ ပခုံးကဲ့သို ပခုံးရှိတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် များစွာသော သတ္တဝါတို့ကိုသံသရာဘေးမှ ကယ်တင်တော်မူ၍ အပါယ်ဘေးမှ လွတ်စေတော်မူ၏။

မြတ်စွာဘုရားသည် ယူဇနာ တသိန်းမကသော အရပ်၌လည်း သစ္စာလေးပါးကို သိနိုင်မည့် သတ္တဝါတို့ကိုမြင်၍ ကြွတော်မူကာ ဓမ္မတရား ဟောကြားတော်မူ၏။

ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား ပထမအကြိမ် တရားဟောရာ၌ လူ နတ် ပြဟ္မာပေါင်း ကုဋေတရာ သစ္စာလေးပါး သိစေတော်မူ၏။

တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားသော အခါ နတ်ပြဟ္မာပေါင်း ကိုးကုဋေ ဒုတိယမြောက် သစ္စာတရားကို ထိုးထွင်း သိမြင်ကြ၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ သာဝကရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ်ဖြစ်ရာ ပထမအကြိမ် သုနန္ဒာရာရာကျောင်းတိုက်၌ ရဟန္တာ ကုဋေတသိန်း စည်းဝေးကြသည်။

တဖန် နာရဒတောင်ထိပ်တွင် တကိုယ်တည်း ဆိတ်ငြိမ်ရာ၌ နေလေ့ရှိ၍ အညစ်အကြေး ကင်းကြသော ရဟန္တာ ကုဋေတရာတို့ ဒုတိယအကြိမ် စည်းဝေးကြ၏။

မြတ်စွာဘုရား သုဒဿနတောင်ထိပ်၌ ဝါကပ်တော်မူသော အခါ ရဟန္တာ ကုဋေကိုးသောင်းနှင့်အတူ ပဝါရဏာ ပြုတော်မူခြင်းဖြင့် တတိယအကြိမ် အစည်းအဝေးဖြစ်၏။

အို သာရိပုတ္တရာ။ ထိုစဉ်အခါ ငါသည် ဆံကျစ်ထုံးသော၊ ခြိုးခြံသော အကျင့်ရှိသော၊ ကောင်းကင်၌ သွားလေ့ရှိသောအဘိညာဉ်ငါးပါးတို့၌ တဖက်ကမ်းသို့ရောက်သော သုမေဓာရသေ့ ဖြစ်ခဲ့၏။

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်၌ တသောင်း နှစ်သောင်း သို့မဟုတ် တယောက် နှစ်ယောက်သောသူတို့ တရားသိကုန်၏ဟု ဂဏန်းသင်္ချာဖြင့် မရေတွက်နိုင်။

ဒီပင်္ကရာ မြတ်စွာဘုရားသာသနာ ကောင်းစွာ စင်ကြယ်သော အခါ၌ ကျယ်ပြန့်ခြင်း၊ ပြည့်စုံခြင်း၊ စည်ပင်ဝပြောခြင်းကို ပညာရှိ အများသိအပ်၏။

အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံ၍ တန်ခိုးအာနုဘော် ကြီးမားလှသော ရဟန္တာလေးသိန်းတို့သည် ကိုးကွယ်ရာ ဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရားကို ခြံရံကြ၏။

ထိုစဉ်အခါ ရဟန်းတပါးသည် အရဟတ္တဖိုလ်သို့ မရောက်ဘဲ သေက္ခ (တရားကျင့်ရဆဲ)အဖြစ်ဖြင့် လူ့ဘဝကို စွန့်ရမှု ကဲ့ရဲ့ဖွယ်ဖြစ်၏။

ကောင်းစွာပွင့်သော သာသနာသည် ရဟန္တာဖြစ်ကုန်သော၊ သည်းခံခြင်းဂုဏ်နှင့်ပြည့်စုံကုန်သော၊ အညစ်အကြေး ကင်းကုန်သော ခီဏာသဝတို့နှင့် အခါခပ်သိမ်းတင့်တယ်နေ၏။

ဒီပင်္ကရာ မြတ်စွာဘုရား၏နေပြည်တော်သည် ရမ္မာဝတီ မည်၏ ။ ခမည်းတော်မင်းသည် သုဒေဝဖြစ်၍ မယ်တော်သည် သုမေဓာ အမည်ရှိ၏။

သူသည် အနှစ်တသောင်းပတ်လုံး ရွှေနန်းတော်အလယ်၌ စိုးအုပ်နေ၏။ ဟံသာ၊ ကောဉ္စာ၊ မယူရ ဟူ၍ ပြာသာဒ်သုံးဆောင်ရှိ၏။

ကောင်းစွာ တန်ဆာဆင်အပ်သော မင်းသမီး သုံးသိန်းတို့သည် သူ၏ ပဒုမာမည်သော မိဖုရားကြီးကို ခြံရံကုန်၏။ သားတော်ကား ဥသဘက္ခန္ဓ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါး မြင်၍ ဆင်ယာဥ်ဖြင့် တောထွက်ပြီး မယုတ်မလွန် ဆယ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

မြတ်စွာဘုရားသည် ဒုက္ကရစရိယာကျင့်တော်မူပြီး၍ အရဟတ္တဖိုလ်ကို သိတော်မူ၏။ ထိုနောက် ပြဟ္မာမင်းတောင်းပန်အပ်သော၊ တည်ကြည်ငြိမ်သက်သော၊ ဒီပင်္ကရာအမည်ရှိသော၊ မဟာမုနိဖြစ်တော်မူသော မဟာဝီရသည် နန္ဒာရာမကျောင်း၌ နေတော်မူလျက် ဓမ္မစကြာတရား ဟောကြားတော်မူပြီး ကုတ်ကိုပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းတော်မူ၏။

သုမင်္ဂလနှင့် တိဿမည်သော ရဟန်းနှစ်ပါးသည် ဒီပင်္ကရာမြတ်စွာဘုရား၏ အဂ္ဂသာဝကတို့ ဖြစ်ကြ၏။ အလုပ်အကျွေးရဟန်းကား သောဘိတ အမည်ရှိ၏။

နန္ဒာနှင့် သုနန္ဒာမည်သော ဘိက္ခုနီနှစ်ပါးသည် သူ၏ အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ဗောဓိကား ညောင်ကြပ်ပင်တည်း။

တဖုဿနှင့် ဘလ္လိကမည်သော ဒါယကာနှစ်ဦးသည် သူ၏ မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ သိရိမာနှင့် သောဏာမည်သော ဒါယိကာမ နှစ်ဦးသည် မြတ်သော အမျိုးသမီးအလုပ်အကျွေးတို့တည်း။

ဒီပင်္ကရာမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ်မြင့်၏။ ဆီမီးတန်ဆောင်ကဲ့သို့ရင်း၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကဲ့သို့ရင်း တင့်တယ်တော်မူ၏။

ထိုစဉ်အခါ လူတို့သက်တန်းမှာ အနှစ်တသိန်းဖြစ်၏။ ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုမျှလောက် တည်တော်မူလျက် များစွာသော သတ္တဝါတို့ကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

ဒီပင်္ကရာ မြတ်စွာဘုရားသည် သူတော်ကောင်းတရား ထွန်းလင်းတောက်ပပြီး၍ သတ္တဝါပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်ပြီး၍ မီးပုံကြီး ငြိမ်းသကဲ့သို့ တပည့် သာဝကများနှင့်တကွ ဘဝဇာတ် ချုပ်ငြိမ်းတော်မူလေသည်။

တန်ခိုးအာနုဘော် အခြံအရံ အကျော်အစော ခြေတော်မှ စကြာရတနာ အဖြာဖြာစသည်တို့ ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အချည်းနှီးသာတည်း။

ငါးမာရ်အောင်မြင် ဘုရားရှင် ဒီပင်္ကရာ သည် နန္ဒာရာမ ကျောင်းတော်ကြီး၌ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။ ထိုကျောင်း ၌ပင် သုံးဆယ့်ခြောက် ယူဇနာမြင့်သော စေတီတော်တည်၍ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဌာပနာလေသည်။

# ကောဏ္ဍည

အို သာရိပုတ္တရာ ဒီပင်္ကရာ မြတ်စွာဘုရား၏။ နောက်အဖို့၌ တန်ခိုး အဆုံးမရှိသော အချိုအရံ မနိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူး မရေမတွက်နိုင်သော သူတပါးတို့ မလွှမ်းမိုးနိုင်သော ကောဏ္ဍည အမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူ၏။

သည်းခံခြင်းဖြင့် မြေကြီးနှင့် တူတော်မူသော သီလဖြင့် သမုဒ္ဒရာနှင့် တူတော်မူသော သမာဓိဖြင့် မြင့်မိုရ်တောင် နှင့် တူတော်မူသော ဉာဏဖြင့် ကောင်းကင်နှင့် တူတော်မူသော ကောဏ္ဍည မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွား အလို့ငှာ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ သစ္စာတို့ကို ညွှန်ပြရာ ဒေသနာကိုဟောကြားတော်မူ၏။

ကောဏ္ဍည မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူရာ၌ လူနတ်ပြဟ္မာ ကုဋေတသိန်းတို့ ပထမအကြိမ် သစ္စာလေးပါး ထိုးထွင်းသိမြင်ကြလေသည်။

ထိုနောက် လူ နတ်တို့ အစည်းအဝေး၌ မင်္ဂလာတရား ဟောကြားတော်မူရာ လူ နတ် ပြဟ္မာ ကုဋေကိုးသောင်း ဒုတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်း သိမြင်ကြ၏။

ယမိုက်ပြာဋိဟာပြပြီး တ်တ္တိတို့ကို နှိမ်နင်းလျက် ဓမ္မဘာရား ဟောကြားတော်မူသောအခါ ကုဋေ ရှစ်သောင်းသော လူ နတ် ဗြဟ္မာတို့ တတိယမြောက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြသည်။

ကောဏ္ဍည မြတ်စွာဘုရားအား အညစ်အကြေး ကင်းကုန်သော စိတ်နှလုံး ငြိမ်သက်ကုန်သော သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြသည်။

ရဟန္တာကုဋေတသိန်းတို့ ပထမအကြိမ်စည်းဝေးကြ၏။ ဒုတိယအကြိမ် ရဟန္တာပေါင်း ကုဋေတထောင် စည်းဝေး၍ တတိယအကြိမ် ရဟန္တာပေါင်း ကုဋေကိုးဆယ် စည်းဝေးကြ၏။

အို သာရိပုတ္တရာ။ ထိုအခါငါသည် ဝိဇိတာဝီ အမည်ရှိသော စကြာမင်းဖြစ်၏။ သမုဒ္ဒရာကို အတွင်းစွန်းပြုသဖြင့် စကြာဝဠာတောင်ကို အပိုင်းအခြားပြုကာ အစိုးရ၏။

ငါသည် မြတ်စွာဘုရားနှင့်တကွ ဂုဏ်ကျေးဇူးမြတ်ကို ရှာမှီးကုန်သော ရဟန္တာ ကုဋေ တ သိန်း တို့ အား ဃနာနို့ဆွမ်းဖြင့် ရောင့်ရဲစေ၏။

လောကနာယက ကောဏ္ဍည မြတ်စွာဘုရားသည် ငါ့ကို ဗျာဒိတ်ကြားတော်မူ၏။ ဤမင်းသည် ဤသာရကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာထက်၌ လောကတွင် ဘုရားဖြစ်လိမ့်မည်။

အခြံအရံ အကျော်အစောများ များမြတ်သော သူသည် ကမ္မဋ္ဌာန်းနှင့် ဒုက္ကရ စရိယာကျင့်၍ ညောင်ဗုဒ္ဓဟောပင်ရင်း၌ ပွင့်လိမ့်မည်။

သူ၏မယ်တော်သည် မာယာအမည်ရှိ၍ ခ မည်း တော် မှာ သုဒ္ဓေါဒနဖြစ်လိမ့်မည်။ သူကား ဂေါတမ အမည်ဖြင့် ထင်ရှားလိမ့်မည်။

ကောလိတနှင့် သပတိဿမည်သော ရဟန်းနှစ်ပါးသည် သူ၏ အဂ္ဂသာဝကတို့ဖြစ်၍ အာနန္ဒာသည် သူ့ကိုလုပ်ကျွေးလိမ့်မည်။

ခေမာနှင့် ဥပ္ပလဝဏ်မည်သော ဘိက္ခုနီနှစ်ပါးသည် သူ၏ အဂ္ဂသာဝိကာတို့ဖြစ်၍ သူ၏ ဗောဓိမှာ ညောင်ဗုဒ္ဓဟေဖြစ်မည်။

စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကမည်သော ဒါယကာနှစ်ဦးသည် သူ၏ မြတ်သော အမျိုးသား အလုပ်အကျွေးဖြစ်၍ နန္ဒမာတာနှင့် ဥတ္တရာမည်သော ဒါယိကာမနှစ်ဦးသည် သူ၏ မြတ်သောအမျိုးသမီး အလုပ်အကျွေးဖြစ်မည်။ အခြံအရံများမြတ်သော သူ၏ အသက်မှာ အနှစ်တရာရှိမည်။

အို သာရိပုတ္တရာ။ အတုမရှိသော မြတ်စွာဘုရား၏ ဤဗျာဒိတ်စကားကို ကြားရ၍ 'ဤမင်းသည် ဘုရား လောင်း ပေတည်း'ဟု နတ်လူတို့ အလွန်ဝမ်းမြောက်ကြလေသည်။

လောကဓာတ် တသောင်း၌ နေကြသော နတ်လူတို့ ကြွေးကျော်ကြ၏။ လက်ပမ်းပေါက်ခပ်ကြ၏။ ရှင်လန်းစွာ လက်အုပ်မိုး၍ ရှိခိုးကြ၏။

"ငါတို့သည် ဤဘုရားသာသနာမှာ အကယ်၍ ကျွတ်တမ်းမဝင်ကြရပါလျှင် အနာဂတ်အခါ ဤမင်း၏ မျက်မှောက်၌ ပြစ်ရပါလို၏။

"မြစ်ကိုကူးသော သူတို့သည် အထက်တူးသိပ် ချွတ်လွဲခဲ့ပါမူ အောက်ဆိပ်မှ ကူးသကဲ့သို့ ထို့အတူ ငါတို့သည် အကယ်၍ ဤမြတ်စွာဘုရားကို ချွတ်လွဲခဲ့ပါသော် အနာဂတ်ကာလ၌ ဤမင်း၏ မျက်မှောက်တွင် ကူးမြောက်ရပါလို၏"ဟု ဆုတောင်းကြ၏။

ငါသည် ကောဏ္ဍည မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရ၍ အတိုင်းထက်အလွန် စိတ်နှလုံး ကြည်လင်ပြီး ထို

အကြောင်းကိုသာ ပြီးမြောက်စေလျက် နိုင်ငံတော်ကို မြတ်စွာဘုရားအားလှူ၏။

နိုင်ငံတော်ကို ပေးလှူပြီး မြတ်စွာဘုရားထံ၌ ရဟန်းပြု၏။ သုတ္တန်ဝိနည်းနှင့် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေ၏။

ထိုမြတ်စွာဘုရား သာသနာ၌ မမေ့မလျော့နေလျက် ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုထ်ကို မျှတရာ စင်္ကြံ၌ အဘိညာဉ်တဘက်ကမ်းသို့ရောက်၍ ငါသည် ဗြဟ္မာပြည်သို့လားရ၏။

ကောဏ္ဍညမြတ်စွာဘုရား၏ မြို့တော်သည် ရမ္မာဝတီမည်၏။ ခမည်းတော် မင်းကြီးသည် သုနန္ဒ အမည်ရှိ၍ မယ်တော်ကား သုဇာတာ အမည်ရှိ၏။

သူသည် အနှစ်တသောင်းကာလပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ သုစိ၊ သုရုစိ၊ သုဘဟူ၍ မြတ်သော ပြာသာဒ် သုံးဆောင်ရှိ၏။

ကောင်းစွာ တန်ဆာဆင်အပ်သော မင်းသမီးပေါင်း သုံးသိန်းတို့သည် ရုစိ ဒေဝီမိဖုရားကို ခြံရံကြ၏။ သားတော်ကား ဝိဇိတသေန အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးမြင်၍ အာဇာနည်မြင်းကသော ရထားယာဉ်ဖြင့် တောထွက်တော်မူ၏။ မရုတ်မလွှန် ဆယ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ ငြိမ်သက်တည်ကြည်သော၊ လူနတ်တို့ထက်မြတ်သော မြတ်စွာဘုရားသည် နတ်ဗြဟ္မာတို့အား ဓမ္မစကြာတရား ဟောကြားတော်မူ၏။

ကောဏ္ဍည မြတ်စွာဘုရားအား ဘဒ္ဒနှင့် သုဘဒ္ဒမည်သော ရဟန်းနှစ်ပါးသည် အဂ္ဂသာဝကအဖြစ် ခြံရံ၏။ အလုပ်အကျွေး ရဟန်းကား အနုရုဒ္ဓ အမည်ရှိ၏။

ကောဏ္ဍည မြတ်စွာဘုရားအား တိဿာနှင့် ဥပတိဿာမည်သော ဘိက္ခုနီနှစ်ပါးသည် အဂ္ဂသာဝိကာအဖြစ် ခြံရံ၏။ ပွင့်တော်မူရာ ဗောဓိကား ကြောင်လျှော (နပဲ)ပင်တည်း။

သောဏနှင့် ဥပသောဏမည်သော ဒါယကာနှစ်ဦးသည် မြတ်သော အမျိုးသားအလုပ်အကျွေးတို့ ဖြစ်ကြ၍ နန္ဒာနှင့် သိရိမာ မည်သော ဒါယိကာမနှစ်ဦးသည် မြတ်သောအမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

ထိုမြတ်စွာဘုရားသည် ရှစ်ဆယ့်ရှစ်တောင်တိုင်တိုင် မြင့်၏။ လမင်းကဲ့သို့ရင်း၊ မွန်းတည့်နေသကဲ့သို့ရင်း တင့်တယ်၏။

ထိုကာလ၌ သက်တန်းအနှစ်တသိန်းရှိ၏။ ကောဏ္ဍည မြတ်စွာဘုရားသည် ထိုမျှ အတိုင်းအရှည်တည်တော်မူလျက် သတ္တဝါ ပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တော်မူလေသည်။

မြေကြီးသည် အညစ်အကြေး ကင်းသော ရဟန္တာတို့ဖြင့် ဆန်းကြယ်နေ၏။ ကောင်းကင်သည် နက္ခတ်တို့ဖြင့် တင့်တယ် သကဲ့သို့မြတ်စွာဘုရားသည် ရဟန္တာတို့ဖြင့် တင့်တယ်တော်မူ၏။

လောကဓံတို့ကြောင့် တုန်လှုပ်ချောက်ချားခြင်းမရှိကုန်သော၊ သူတပါးတို့ မလွှမ်းမိုးနိုင်ကုန်သော၊ များမြတ်သော အခြံအရံ ရှိကုန်သော၊ မရေမတွက်နိုင်သော ထိုရဟန္တာတို့ သော်လည်း တခဲနက် လျှပ်စစ်ပြက်သကဲ့သို့ ပြ၍ ပရိနိဗ္ဗာန်စံတော် မူကုန် သည်။

မြက်စွာဘုရား၏ အတုမရှိသော တန်ခိုးတော်၊ ဉာဏ်ဖြင့်ပွားအပ်သော သမာဓိ၊ အလုံးစုံတို့ ကွယ်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အချည်းနှီးတို့သာတည်း။

ကောဏ္ဍညမြတ်စွာဘုရားသည် စန္ဒာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုနေရာတွင် ခုနစ်ယူဇနာမြင့်သော စေတီတော်ကြီး တည်ထားလေသ

# မင်္ဂလ

အို သာရိပုတ္တရာ။ ကောဏ္ဍညမြတ်စွာဘုရား၏ နောက်၌ မင်္ဂလ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ အမိုက်တိုက်ကို ပယ်ဖျောက်တော်မူ၍ တရားဆီမီး ညှိထွန်းတော်မူ၏။

အတုမရှိသော ထိုမြတ်စွာဘုရားကား အခြားသော ဘုရားတို့ ထက် အရောင်လွန်ကဲ၏။ လ နေ တို့၏အရောင်ကို ပယ်ဖျောက်၍ လောကဓာတ်တသောင်း၌ တင့်တယ်၏။

ထိုမြတ်စွာဘုရားလည်း နတ်လူတို့အား သစ္စာလေးပါး တရား ကို ပြတော်မူ၏။ ထိုထိုနတ်လူတို့သည် သစ္စာ၏ အမြိုက်အရသာ ကို သောက်သုံး၍ အမိုက်မှောင်ထုကို ပယ်ဖျောက်ကြ၏။

မြတ်စွာဘုရားသည် အတုမရှိသော ဉာဏ်တော်ကိုရ၍ ရှေး ဦးစွာ ဓမ္မစကြာတရား ဟောရာ၌ လူနတ်ပြဟ္မာ ကုဋေတသိန်း သစ္စာလေးပါးကို ထိုးထွင်းသိကြ၏။

တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောသော အ ခါ နတ်ပြဟ္မာ ကုဋေတသိန်း ဒုတိယမြောက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြ၏။

သုနန္ဒမည်သော စကြာမင်းကြီး မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၏။ ထိုအခါ မြတ်စွာဘုရားသည် မြတ်ထက် မြတ်သောတရားစည်ကြီး တီးတော်မူ၏။

ထိုအခါ သုနန္ဒစကြာမင်းထံ လူပေါင်း ကုဋေကိုးဆယ် ခစားလုပ်ကျွေးကြရာ အလုံးစုံပင် ဧဟိဘိက္ခု ရဟန္တာ ဖြစ်သွားကြ၏။

မင်္ဂလ မြတ်စွာဘုရားအား ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ် ဖြစ်၏။ ပထမ အစည်းအဝေး၌ ရဟန္တာ ကုဋေတသိန်း ပါဝင်၏။

ဒုတိယ အကြိမ် အစည်းအဝေး တွင်လည်း ရဟန္တာ ကုဋေတသိန်းပါဝင်၍ တတိယ အစည်းအဝေးတွင်မူ အညစ်အကြေးကင်းသောရဟန္တာ ကုဋေ ကိုးဆယ် ပါဝင်ကြလေသည်။

ထိုအခါ ငါသည် သုရုစိ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ဝေဒကို သရဇ္ဈာယ်၏။ မန္တာန်ကို ဆောင်၏။ ဝေဒသုံးပုံ၏ တဖက်ကမ်းသို့ ရောက်၏။

ငါသည် ဆရာဖြစ်သော မြတ်စွာဘုရားထံ ချဉ်းကပ်၍ ကိုးကွယ်ရာဟု ဆည်းကပ်ပြီး ဘုရားအမှူးရှိသော သံဃာကို ပန်းနံ့သာတို့ဖြင့် ပူဇော်၏။

ပန်းနံ့သာဖြင့် ပူဇော်ပြီး ဃနသာရနို့ဆွမ်းဖြင့် ရောင့်ရဲစေ၏။ လူတို့ထက်မြတ်သော မြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်ကြားတော်မူ၏။

"ဤ သာရမဏ္ဍ ကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာထက်၌ ဤ သုရုစိပုဏ္ဏား ဘုရားဖြစ်လိမ့်မည်" စသည်ဖြင့် ကောဏ္ဍည ဘုရား မိန့်ကြားခဲ့သည့်နည်းတူ ဗျာဒိတ်ပေးတော်မူလေသည်။

ငါသည် ထို မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရ၍ လွန်စွာစိတ်ကြည်လင်ပြီး အတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရန် ပါရမီ ကျေးဇူးအကျင့်ကို ဆောက်တည်ခဲ့၏။

ထိုအခါ နှစ်သက်ခြင်းပီတိကို အဖန်တလဲလဲ ပွားစေလျက် ဘုရားအဖြစ်သို့ ရောက်စေရန် ငါ၏ အိုးအိမ်ကို ပစ္စည်းလေးပါး အတွက် မြတ်စွာဘုရားအား ပေးလှူပြီး ရဟန်းပြု၏။

ရဟန်းပြုပြီး၍ သုတ္တန် ဝိနည်းနှင့် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရားသာသနာကို သင်ကြား၍ ဗုဒ္ဓသာသနာကို တန်ဆာ ဆင်၏။

ထိုမြတ်စွာဘုရား သာသနာ၌ မမေ့မလျော့နေသော ငါ သည် ဗြဟ္မဝိဟာရ ဘာဝနာကို ပွား၍ အဘိညာဉ်တို့၌ တဖက် ကမ်းသို့ရောက်ပြီး ဗြဟ္မာ့ပြည်သို့ လားရ၏။

မြတ်သော ကျေးဇူးကို ရှာမှီးလေ့ရှိသော မင်္ဂလ မြတ်စွာ ဘုရား၏ မြို့တော်သည် ဥတ္တရ အမည်ရှိ၏။ ခမည်းတော်မင်း လည်း ဥတ္တရ အမည်ရှိ၍ မယ်တော်လည်း ဥတ္တရာ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင်ပတ်လုံး ရွှေနန်းတော် အလယ်၌ စိုးအုပ်နေ၏။ ယသဝါ၊ ရုစိမာနှင့် သိရိမာဟု ပြာသာဒ် သုံးဆောင်ရှိ၏။

ကောင်းစွာ တန်ဆာ ဆင်အပ်သော မင်းသမီး သုံးသောင်း သည် ယသဝတီ အမည်ရှိသော မိဖုရားကို ခြံရံကုန်၏။ သား တော်ကား သီဝလ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးမြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏။

ငြိမ်သက်သော၊ ကြီးမြတ်သော၊ လူ့လရှိတော်မူသော မင်္ဂလ မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်သောကြောင့် သိရိဝ

ရုတ္တမ အမည်ရှိသော တော၌ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

မင်္ဂလ မြတ်စွာဘုရားအား သုဒေဝနှင့် ဓမ္မသေန အမည်ရှိသော ရဟန်းနှစ်ပါးသည် အဂ္ဂသာဝကအဖြစ် ခံရကြ၏။ အလုပ်အကျွေး ရဟန်းကား ပါလိတ အမည်ရှိ၏။

သီဝလာနှင့် အသောကာ အမည်ရှိသော ဘိက္ခုနီ နှစ်ပါးသည် အဂ္ဂသာဝိကာအဖြစ် ခံရ ကြလျက် သူ၏ ဗောဓိမှာ ကံ့ကော်ပင် ဖြစ်၏။

နန္ဒနှင့် ဝိသာခ အမည်ရှိသော ဒါယကာ နှစ်ဦးသည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၍ အနုဠာနှင့် သုတနာ အမည်ရှိသော ဒါယိကာမ နှစ်ဦးသည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

မြတ်စွာဘုရား၏ ဥာဏ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် ရှိ၍ ကိုယ်တော်မှ အသိန်းမကသော ရောင်ခြည်တော်တို့ ထွက်တော်မူ၏။

ထိုအခါ သက်တန်းသည် အနှင်ကိုးသောင်းရှိ၍ မြတ်စွာဘုရားသည် ထိုမျှလောက် တည်တော်မူလျက် များစွာသော သတ္တဝါ အပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

မဟာသမုဒ္ဒရာ၌ရှိသော လှိုင်းတံပိုးတို့ကို မရေမတွက်နိုင်သကဲ့သို့ ထိုမြတ်စွာဘုရား၏ သာဝကတို့ကို ရေတွက်ရန် မတတ်နိုင်ချေ။

လောကနာယက ဖြစ်တော်မူသော မင်္ဂလ မြတ်စွာဘုရား ထင်ရှားရှိစဉ်အခါ ထိုမြတ်စွာဘုရား သာသနာတွင် ကိလေသာ ရှိသော ရဟန်းဟူ၍ အလျဉ်းမရှိချေ။

များမြတ်သော၊ အခြံအရံရှိသော ထိုမြတ်စွာဘုရားသည် ဓမ္မဆီမီး ညှိထွန်း၍ များစွာသော လူအပေါင်းကို သံသရာ ရေအ

ယဉ်မှ ကယ်တင်၍ မီးပုံကြီးကဲ့သို့ အလျှံပြောင်ပြောင် တောက် လောင်ကာ ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

သင်္ခါရတရားတို့၏ သဘာဝကို ပြတော်မူပြီး၍ အေးငြိမ်း သော မီလျှံကဲ့သို့ရင်း၊ နေမင်း ဝင်သကဲ့သို့ရင်း၊ မြတ်စွာဘုရား သည် နတ်နှင့်တကွသော လောက၌ တောက်ပပြီး၍ ငြိမ်းအေး သွား၏။

မင်္ဂလ မြတ်စွာဘုရားသည် ဝဿဘ အမည်ရှိသော ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုဥယျာဉ်၌ တည်ထားသော စေတီတော် မှာ ယူဇနာသုံးဆယ်တိုင်တိုင် မြင့်၏။

## သုမန

အို သာရိပုတ္တရာ။ မင်္ဂလ မြတ်စွာဘုရား နောက်တွင် အလုံးစုံသော တရားတို့ကြောင့် အတုမရှိသော အလုံးစုံသော သတ္တဝါတို့ထက်မြတ်သော သုမန မြတ်စွာဘုရား ပွင့်တော်မူ၏။

ထိုအခါ သုမန မြတ်စွာဘုရားသည် မေခလပြည်၌ အင်္ဂါကိုးပါးရှိသော အဆုံးအမ ဓမ္မစည်တော်ကြီးကို တီးတော်မူ၏။

ထိုမြတ်စွာဘုရားသည် ကိလေသာကို အောင်မြင်၍ မြတ်သောဉာဏ်ကို ရသောကြောင့် သုတော်ကောင်း တရားတည်းဟူသော မြို့တော်ကို ဖန်ဆင်းတော်မူ၏။

မြတ်စွာဘုရားသည် အစဉ်မပြတ် မကောက် မကွေ့သော၊ ဖြောင့်မတ်သော၊ ရှည်လျား ကျယ်ပြန့်သော သတိပဋ္ဌာန် လမ်းမကြီးကို ဖန်ဆင်းတော်မူ၏။

ထိုလမ်းမကြီးတွင် မင်္ဂလေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါး၊ သမာပတ် ရှစ်ပါး တည်းဟူသော လမ်းငယ်များ ဖြာထွက်နေ၏။

မမေ့မလျော့မူ၍ ညောင့်တံသင်းမှ ကင်းပြီးလျှင် အရှက်အကြောက်နှင့် လုံ့လ ဝီရိယ ရှိသူတို့သည် ဤ မြတ်သော ဂုဏ်တို့ကို ဆောင်ကုန်၏၊

ဤသို့လျှင် လူတို့ကို ကယ်တင်တော်မူသော မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော် ဟောကြားတော်မူရာ၌ လူနတ်ဗြဟ္မာ ကုဋေတသိန်း ရှေးဦးစွာ သစ္စာလေးပါးကို ထိုးထွင်းသိကြ၏။

တိတ္ထိတို့ကို နှိမ်နင်းပြီး တရားဟောတော်မူရာ၌ လူနတ်ဗြဟ္မာ ကုဋေတသိန်း ဒုတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်း သိကြ၏။

အခါတပါး နတ်လူတို့ စည်းဝေးကြ၍ မြတ်စွာဘုရားထံ၌ အရဟတ္တဖိုလ်နှင့် နိရောဓသမာပတ် ပြဿနာကို မေးလျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားသည် သူတို့အား အရဟတ္တဖိုလ်နှင့် နိရောဓသမာပတ် ပြဿနာကို ဖြေကြားလျက် တရားဟောတော်မူရာ လူနတ်ဗြဟ္မာ ကုဋေကိုးသောင်း တတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်းသိကြ၏။

သုမန မြတ်စွာဘုရား လက်ထက်တွင် အညစ်အကြေးကင်း၍ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်းစသောဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြ၏။

သီတင်းကျွတ် ပဝါရဏာပွဲတွင် မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန်းတို့နှင့် ပဝါရဏာပြုတော်မူ၏။

ထို့နောက် အညစ်အကြေး ကင်းကွာကြသော ရဟန္တာကိုးသောင်းတို့ ကဥ္စနတောင်၌ ဒုတိယအကြိမ် စည်းဝေးကြ၏။

သိကြားမင်း ဘုရားဖူးရန် ဆည်းကပ်သော အခါ ရဟန္တာ ကုဋေရှစ်သောင်းတို့ တတိယအကြိမ် စည်းဝေးကြ၏။

ထိုအခါ ငါသည် လှန်စွာ ဘုန်းတန်ခိုးအာနုဘော်ကြီးမားသော အတုလ အမည်ရှိသော နဂါးမင်းဖြစ်ခဲ့၏။

ထိုအခါ ငါသည် နဂါးပြည်မှ နဂါးပေါင်းများစွာနှင့်လာ၍ နဂါးတို့၏ တူရိယာဖြင့် သံဃာနှင့်တကွ မြတ်စွာ ဘုရားကို ပူဇော်၏။

ရဟန္တာ ကုဋေတသိန်းတို့အား ဆွမ်း အဖျော်ဖြင့် ရောင့်ရဲစေ၏။ သင်္ကန်းလျာ ပုဆိုးအစုံကို အသီးသီးကပ်လှူ၍ ရတနာသုံးပါးကို ကိုးကွယ်ရာဟု ဆည်းကပ်၏။

လောကနာယကဖြစ်သော သုမန မြတ်စွာဘုရားလည်း “ဤ နဂါးမင်းသည် ဤသာရမဏ္ဍ ကမ္ဘာမှ မရေမတွက် နိုင်သော ကမ္ဘာထက်၌ လောကတွင် ဘုရားဖြစ်လိမ့်မည်”ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူ၏။

မြတ်စွာဘုရား၏ ဗျာဒိတ်စကားကြားရသောအခါတွင် ငါ၏ စိတ်နှလုံး အထူး ကြည်လင်သွား၏။ ပါရမီဆယ်ပါး ဖြည့်ရန် ပါရမီ ဂုဏ်ကျေးဇူးအကျင့်ကို ဆောက်တည်ခဲ့၏။

ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူပြီးသော သုမန မြတ်စွာဘုရား၏ မြို့တော်သည် မေခလ အမည်ရှိ၏။ ခမည်းတော် မင်းသည် သုဒတ္တအမည်ရှိ၍ မယ်တော်ကား သိရိမာ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင်ပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ စန္ဒ၊ သုစန္ဒနှင့် ဝဋံသ အမည် ရှိသော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်သော မင်းသမီး ခြောက်သန်း သုံးသိန်းတို့သည် ဝဋံသိကာ မိဖုယားကို ခြံရံကုန်၏။ သားတော်ကား အနုပမ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးကိုမြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ မပယုတ်မလွန် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ငြိမ်သက်သော၊ ကြီးမြတ်သော၊ လုံ့လရှိတော်မူသော သုမန မြတ်စွာဘုရားသည် ဖြူဟွာမင်းတောင်းပန်သောကြောင့် မေခလ ပြည်၌ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

မြတ်သော ဂုဏ်ကျေးဇူးကို ရှာပြီးတော်မူသော သုမနမြတ်စွာ ဘုရားအား သရဏနှင့် ဘာဝိတတ္တမည်သော ရဟန်းနှစ်ပါးသည် အဂ္ဂသာဝကအဖြစ် ခံရ၏။ အလုပ်အကျွေး ရဟန်းကား ဥဒေန အမည်ရှိ၏။

သောဏာနှင့် ဥပသောဏာ အမည်ရှိသော ဘိက္ခုနီ နှစ်ပါး သည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၍ မနှိုင်းယှဉ်နိုင်သော၊ အခြံအရံ အကျော်အစောရှိသော ထိုမြတ်စွာဘုရားလည်း ကံ့ကော်ပင်မှာ ပင် ပွင့်တော်မူ၏။

ဝရုဏနှင့် သရဏ အမည်ရှိသော ဒါယကာနှစ်ဦးသည် မြတ် သော အမျိုးသား အလုပ်အကျွေးတို့ဖြစ်ကြ၍ သာလာနှင့် ဥပ သာလာ အမည်ရှိသော ဒါယိကာမ နှစ်ဦးသည် မြတ်သော အ မျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

ထိုမြတ်စွာဘုရားသည် အရပ် ဥဿဏ်တော် ကိုးဆယ်တိုင်တိုင် မြင့်၏။ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေတိုင် ကြီးနှင့် တူသည်ဖြစ်၍ လောကဓာတ်တသောင်း၌ တင့်တယ်၏။

ထိုအခါ သက်တမ်း အနှစ်ကိုးသောင်းရှိ၏။ မြတ်စွာဘုရား သည် ထိုမျှပင် တည်တော်မူသျှက် များစွာသော လူအပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

မြတ်စွာ ဘုရားသည် ကယ်တင် ထိုက်သော သူတို့ကို ကယ် တင်တော်မူ၍ သိထိုက်သော သူတို့ကို သိစေတော်မူပြီး လမင်း ဝင်သကဲ့သို့ ပရိနိဗ္ဗာန် စံဝင်တော် မူလေသည်။

ရေဝတ မြတ်စွာဘုရားအား အညစ်အကြေးကင်းစင်ကုန်ပြီး၍ ကောင်းစွာ လွတ်မြောက်ကြလျက် သည်းခံခြင်းစသော ဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြ၏။

ပထမအကြိမ် သုဓညဝတီပြည်၌ ပေါ်ဘိကျွ ရဟန်းတို့ စည်းဝေးကြရာ အရေအတွက် အပိုင်းအခြားကို လွန်၏။ ဒုတိယအကြိမ် မေခလပြည်၌ ကုဋေတသိန်းသော ရဟန္တာတို့ စည်းဝေးကြ၏။

ပညာဖြင့် အတုမရှိ၍ ဓမ္မစကြာကို အတုလိုက်ပြီး ဟောကြားနိုင်သော ဝရုဏ အမည်ရှိသော အဂ္ဂသာဝကသည် ပြင်းစွာ ရောဂါဖြစ်ရာ အသက်ကို စိုးရိမ်ရ၏။ ထိုအခါ ဝရုဏ ရဟန်းကို သူနာမေးလာကြသော ပရိသတ်အား လက္ခဏာရေးသုံးပါး ဟောကြားတော်မူသောကြောင့် ကုဋေတသိန်း ရဟန္တာဖြစ်၍ တတိယအကြိမ် အစည်းအဝေးဖြစ်၏။

ထိုအခါ ငါသည် အတိဒေဝ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရေဝတ မြတ်စွာဘုရားအား ကိုးကွယ်ရာဟု ဆည်းကပ်၏။

အတုမရှိ မြတ်သော မြတ်စွာဘုရား၏ သီလ သမာဓိ ပညာကို အစွမ်းရှိသလောက် ချီးမွမ်း၍ ငါသည် မြတ်စွာ ဘုရားအား ကိုယ်ဝတ်စုလျားကို ပေးလှူခဲ့ပါ၏။

လောကနာယကဖြစ်သော ရေဝတ မြတ်စွာဘုရားလည်း ငါ့အား "ဤပုဏ္ဏားသည် ဤသာရကမ္ဘာမှ မရေမတွက် နိုင်သော ကမ္ဘာထက်၌ ဘုရားဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူ၏။

ငါသည် မြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြားရ၍ လွန်စွာကြည်လင်ခြင်းဖြစ်ကာ အတိုင်းထက်အလွန် ပါရမီ ဆယ်ပါးကို ဖြည့်ရန် ပါရမီကျေးဇူးအကျင့်ကို ဆောက်တည်၏။

ထိုအခါလည်း ဗုဒ္ဓမွကို အောက်မေ့၍ ငါ့စိတ်သည် တောင့်တအပ်သော ဘုရားဖြစ်ကြောင်း ပါရမီအပေါင်းကို ဆောင်အံ့ဟု ပီတိကို ပွားစေ၏။

ရေဝတ မြတ်စွာဘုရား၏ နေပြည်တော်ကား သုဓညဝတီ အမည်ရှိ၏။ ခမည်းတော်မင်းသည် ဝိပုလ အမည်ရှိ၍ မယ်တော်သည် ဝိပုလာ အမည်ရှိ၏။ သူသည် အနှစ်ခြောက်ထောင် ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်၍နေတော်မူ၏။

တန်ဆာဆင်အပ်သည့် သုဒဿန၊ ရတနဂ္ဃိ၊ အာဝေဠ ဟူသော ပြာသာဒ်သုံးဆောင်တို့ ဘုန်းကံကြောင့် ဖြစ်ပေါ်ကုန်၏။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မင်းသမီး သုံးသောင်း သုံးထောင်တို့သည် သုဒဿနာမိဖုယားကို ခြံရံကုန်၏။ သားတော်ကား ဝရုဏ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးမြင်၍ အာဇာနည်မြင်းကသော ရထားယာဉ်ဖြင့် တောထွက်တော်မူ၍ မယုတ်မလွန် ခုနစ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ငြိမ်သက်၍ ကြီးမြတ်သော လုံ့လရှိတော်မူသော ရေဝတ မြတ်စွာဘုရားသည် ဝရုဏာရာမ အမည်ရှိသည့် အသရေရှိသော ကျောင်း၌ ဗြဟ္မာမင်း တောင်းပန်၍ ဓမ္မစကြာတရား ဟောတော်မူ၏။

ရေဝတ မြတ်စွာဘုရားအား ဝရုဏနှင့် ဗြဟ္မဒေဝ မည်သော ရဟန်းနှစ်ပါး အဂ္ဂသာဝက အဖြစ်ဖြင့် ခြံရံ၏။ အလုပ် အကျွေး ရဟန်းကား သမ္ဘဝ အမည်ရှိ၏။

ဘဒ္ဒါနှင့် သုဘဒ္ဒါ အမည်ရှိသော ဘိက္ခုနီနှစ်ပါးသည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ အတုမရှိ ရှေးဘုရားတို့နှင့်သာ တူတော်

မူသော ထိုမြတ်စွာဘုရားလည်း ကံ့ကော်ပင်၌ပင် ပွင့်တော်မူ၏။

ပဒုမနှင့် ကုဉ္ဇရ အမည်ရှိသော ဥပသကာနှစ်ဦးသည် မြတ်သောအမျိုးသား အလုပ်အကျွေးဖြစ်၍ သိရိမာနှင့် ယသဝတီမည်သော ဥပါသိကာ နှစ်ဦးသည် မြတ်သော အမျိုးသမီး အလုပ်အကျွေးဖြစ်၏။

ထိုမြတ်စွာဘုရားသည် အရပ်တော် အတောင်ရှစ်ဆယ်မြင့်၍ သိကြားမင်း၏ မှန်ကင်းတိုင်စိုက်ထူထားသကဲ့သို့ အရပ်မျက်နှာအလုံးစုံကို ထွန်းလင်းတောက်ပ၏။

အတုမရှိ ကိုယ်တော်၌ဖြစ်သော ရောင်ခြည်တော်တို့သည် နေ့၌ ဖြစ်စေ၊ ညဉ့်၌ ဖြစ်စေ ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် ပြန့်နှံ့၏။

ထိုအခါ အနှစ်ခြောက်သောင်း သက်တမ်းရှိ၏။ မြတ်စွာဘုရားသည် ထိုမျှပတ်လုံး တည်တော်မူလျက် များစွာသော လူအပေါင်းကို သံသရာဝဲအယဉ်မှ ကယ်တင်တော်မူ၏။

မြတ်စွာဘုရားသည် ဗုဒ္ဓအစွမ်းနှင့် သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို ပြတော်မူပြီး၍ ဥပါဒါန်ကုန်ခြင်းကြောင့် အစွဲအလမ်း မရှိသည်ဖြစ်၍ ဆီမီးငြိမ်းသကဲ့သို့ ချုပ်ငြိမ်းသွားလေ၏။

ရွှေအဆင်းရှိသော ထိုမြတ်စွာဘုရား၏ ကိုယ်တော်နှင့် အတုမရှိသော ဓမ္မတရားအလုံးစုံ အကုန်ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အချည်းနှီးသားတည်း။

ရေဝတ မြတ်စွာဘုရားသည် မဟာပုရပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်တို့ကား ထိုထိုအရပ်မျက်နှာတို့၌ ပြန့်နှံ့၍ တည်ကုန်သတည်း။

## သောဘိတ

အို သာရိပုတ္တရာ။ ရေဝတ မြတ်စွာဘုရားနောက် နာယက ဖြစ်တော်မူသော၊ သမာဓိ ရှိတော်မူသော၊ စိတ်နှလုံး ငြိမ်သက်၍ တုဘက်ကင်းသော သောဘိတ မြတ်စွာဘုရား ပွင့်တော်မူ၏။

ထိုမြတ်စွာဘုရားသည် မိမိ နန်းပြာသာဒ်ထက်၌ပင် ပုထုဇဉ် အဖြစ်မှ ရာဂစိတ်ကို ဆုတ်နစ်စေ၍ ဘုရားအဖြစ်သို့ရောက်ကာ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

ဓမ္မစကြာတရား ဟောတော်မူသောအခါ အထက်ဘဝဂ်၊ အောက် အဝီစိတိုင်အောင် သတ္တဝါဟူသမျှ အတူတကွ ဖြစ်ကြ၏။

ထိုပရိသတ်အား မြတ်စွာဘုရားတရား ဟောကြားတော်မူသော အခါ လူ နတ် ပရိသတ်ကို ရေတွက်ရန် မလိုအပ်သော၊ ပထမ အကြိမ် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြသော အဘိသမယ ဖြစ်၏။

ထိုနောက် အခါတပါး အဘိဓမ္မာတရား ဟောကြားတော် မူသောအခါ လူ နတ် ပြဟ္မာ ကုဋေကိုးသန်း ဒုတိယအကြိမ် သစ္စာ လေးပါးကို ထိုးထွင်း သိမြင်ကြ၏။

အခါတပါး ဇယသေနမင်းသည် ဉယျာဉ်အရာ စိုက်ပျိုးပြီး မြတ်စွာဘုရားအား ဆောင်နှင်း လှူဒါန်းတော်မူ၏။ ထိုအခါ စက္ခုနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထိုမင်း၏ ပူဇော်ခြင်းကို ချီးမွမ်းလို၍ တရားဟောတော်မူ၏။ ထိုအခါ လူ နတ် ဗြဟ္မာ ကုဋေ့တသိန်း တတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်း သိမြင်ကြ၏။

သောဘိတ မြတ်စွာဘုရား လက်ထက်တွင် အညစ်အကြေး ကင်း၍ စိတ်နှလုံးငြိမ်သက်ပြီး သည်းခံခြင်းစသော ဂုဏ်ကျေးဇူး နှင့် ပြည့်စုံကြသော ရဟန္တာတို့ အစည်းအဝေး သုံးကြိမ်ဖြစ် ခဲ့၏။

ဥဂ္ဂတ မည်သော မင်းကြီး အလှူပေးသောအခါ ပထမဦးစွာ ရဟန္တာကုဋေ့တရာတို့ စည်းဝေးကြ၏။

ဓမ္မဂဏ မည်သော သူကြွယ် အလှူပေးသောအခါ ဒုတိယ အကြိမ် ရဟန္တာ ကုဋေကိုးဆယ်တို့ စည်းဝေးကြ၏။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူပြီး၍ ဆင်းသက်သောအခါ တတိယအကြိမ် ကုဋေ ရှစ်ဆယ်သော ရဟန္တာတို့ စည်းဝေးကြ၏။

ထိုစဉ်အခါ ငါသည် သုဇာတ အမည်ရှိသော ပုဏ္ဏားဖြစ်၍ သံဃာနှင့်တကွသော ဗုဒ္ဓကို ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေ၏။

လောက နာယကဖြစ်သော သောဘိတ မြတ်စွာဘုရားလည်း ငါ့အား "ဤ ပုဏ္ဏားသည် ဤသာရမဏ္ဍကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဗုဒ္ဓဖြစ်လိမ့်မည်" ဟု ဗျာဒိတ် ပေးတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရသောအခါလည်း စိတ်နှလုံး ရွှင်ပြုံးအံ့သြ၍ ငါသည် ထိုအကြောင်းကိုသာလျှင် အစဉ်ရောက်စေရန် ထက်သန်စွာ လုံ့လပြု၏။

သောဘိတ မြတ်စွာဘုရား၏ နေပြည်တော်သည် သုဓမ္မ အမည်ရှိ၏။ ခမည်းတော်မင်းလည်း သုဓမ္မအမည်ရှိ၍ မယ်တော်သည် သုဓမ္မာအမည်ရှိ၏။

သူသည် အနှစ်တသောင်းပတ်လုံး ရွှေနန်းတော်အလယ်၌ စိုး အုပ်နေ၏။ ကုမုဒ နာဠိနနှင့် ပဒုမဟု မြတ်သော ပြာသာဒ် သုံး ဆောင်တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မင်းသမီးသုံးသောင်း ခုနစ်ထောင်တို့သည် မဏိလာ မိဖုရားကို ခြံရံကုန်၏။ သားတော် ကား သီဟ အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်လေးပါးမြင်၍ ပြာသာဒ်ဖြင့် တောထွက်တော်မူပြီး ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ကြီးမြတ်သော၊ လို့လရှိတော်မူသော၊ ငြိမ်သက်သော သော ဘိတ မြတ်စွာဘုရားသည် သုဓမ္မဥယျာဉ်၌ ဗြဟ္မာမင်း တောင်း ပန်သောကြောင့် ဓမ္မာစကြာတရား ဟောတော်မူ၏။

သောဘိတ မြတ်စွာဘုရားအား အသမနှင့် သုနေတ္တမည်သော ရဟန်းနှစ်ပါး အဂ္ဂသာဝကအဖြစ်ခြံရံ၍ အလုပ်အကျွေး ရဟန်း ကား အနောမ အမည်ရှိ၏။

နကုလာနှင့် သုဇာတာအမည်ရှိသော ဘိက္ခုနီ နှစ်ပါးသည် အဂ္ဂသာဝိကာဖြစ်၍ ပွင့်တော်မူရာ ဗောဓိလည်း ကံ့ကော်ပင် တည်း။

ရမ္မနှင့် သုဒတ္တအမည်ရှိသော ဥပသကာနှစ်ဦးသည် မြတ် သော အမျိုးသားအလုပ်အကျွေးဖြစ်၍ နကုလာနှင့် မိတ္တာမည် သော ဥပါသိကာနှစ်ဦးသည် မြတ်သော အမျိုးသမီး အလုပ် အကျွေးဖြစ်၏။

မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်တိုင်တိုင် မြင့်၏။ ရောင်ခြည် တထောင်အလင်းဆောင်သော တက်သစ်စ နေမင်းကဲ့သို့ အလုံးစုံသော အရပ်မျက်နှာကို ထွန်းလင်းတောက်ပ၏။

အထူးထူးသော နံ့သာတို့ဖြင့် ထုံအပ်သော ပန်းတို့ပွင့်ဝေဖြာနေသော တောအုပ်ကဲ့သို့ ထို့အတူ မြတ်စွာဘုရား စကားတော်ကို သီလရနံ့တို့ဖြင့် ထုံမွှေးစေအပ်၏။

သမုဒ္ဒရာ မည်သည်ကား ရှုကြည့်သဖြင့် မရောင့်ရဲနိုင်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရား စကားတော်ကို ကြားနာကာမျှဖြင့် မရောင့်ရဲနိုင်။

ထိုအခါ အသက်တမ်း အနှစ်ကိုးသောင်းရှိ၏။ မြတ်စွာဘုရားသည် ထိုမျှလောက်တည်တော်မူလျက် များစွာသော လူအပေါင်းကို သံသရာအယဉ်မှ ကယ်တင်တော်၏။

မြတ်စွာဘုရားသည် ကြွင်းကျန်သော လူတို့ကို ဆုံးမဩဝါဒပေးတော်မူပြီး မီးစာကုန်သော မီးကဲ့သို့ အကြွင်းမဲ့ချုပ်၍ သာဝက အပေါင်းနှင့်တကွ ချုပ်ငြိမ်းသွားလေ၏။

အတုမရှိ ရှေးဘုရားတို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားနှင့် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော သာဝကအလုံးစုံတို့ ကွယ်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာတည်း။

သောဘိတ မြတ်စွာဘုရားသည် သီဟာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၍ ဓာတ်တော်တို့သည် ထိုထိုအရပ်မျက်နှာတို့မှ ပြန့်နှံ့ကုန်၏။

# အနောမဒဿီ

အို သာရိပုတ္တရာ။ သောဘိတ မြတ်စွာဘုရားနောက်၌ လူနတ်ဗြဟ္မာတို့ထက် မြတ်သော၊ မနှိုင်းယှဉ်အပ်သော၊ ကျော်စောခြင်းလည်းရှိသော၊ တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူသော၊မလွှမ်းမိုးနိုင်သော၊ အနောမဒဿီအမည်ရှိသော မြတ်စွာဘုရား လောက၌ ထင်ရှားပွင့်တော်၏။

သူသည် အလုံးစုံသော အနှောင်အဖွဲ့ကိုဖြတ်၍ ဘဝသုံးပါးကို ဖျက်ဆီးပစ်၏။ နောက်သို့ မပြန်ရသောလမ်းကို နတ်လူတို့အား ညွှန်ကြားတော်မူ၏။

လေပြင်း မချောက်ချားနိုင်သော သမုဒ္ဒရာနှင့် တောင်ကဲ့သို့၎င်း၊ အဆုံးမရှိသော ကောင်းကင်ကဲ့သို့၎င်း၊ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်ကဲ့သို့၎င်း တင့်တယ်တော်မူ၏။

ထိုဗုဒ္ဓကို ဖူးမြင်ရသဖြင့် သတ္တဝါတို့ နှစ်သက်ကြ၏။ သူတို့သည် မြတ်စွာဘုရား၏ တရားစကားကို နာကြားရ၍ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြ၏။

ထိုအခါ သူ၏ တရားကိုသိသော ပရိသတ်သည် သမာဓိစသည်ဖြင့် ပြည့်စုံပွင့်လင်း၏။ ပထမအကြိမ် ဓမ္မစကြာ တရား

ဟောတော်မူရာ၌ လူနတ်ဗြဟ္မာ ကုဋေတရာ သစ္စာလေးပါးကို ထိုးထွင်းသိကြ၏။

အခါတပါး မြတ်စွာဘုရား တရားမိုးကြီး ရွာသည်ရှိသော် ကုဋေရှစ်ဆယ်သော လူနတ်ဗြဟ္မာတို့ ဒုတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြ၏။

ထိုနောက် အခါတပါး မြတ်စွာဘုရား တရားမိုး ရွာသွန်းပြန်သော် သတ္တဝါတို့ ရောင့်ရဲကုန်၏။ ခုနစ်ဆယ့်ရှစ်ကုဋေသော လူနတ်ဗြဟ္မာတို့ တတိယအကြိမ် သစ္စာလေးပါးကို ထိုးထွင်း၍ သိကြ၏။

ထိုမြတ်စွာဘုရားအားလည်း အဘိညာဉ် ဗလသို့ ရောက်ကာ လွတ်မြောက်ခြင်းဖြင့် ပွင့်ကြသော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြ၏။

ယာစ်မူးခြင်းနှင့် တွေဝေခြင်းကို ပယ်ပြီး၍ စိတ်နှလုံးငြိမ်သက်ကာ သည်းခံခြင်းရှိကြသော ရဟန္တာရှစ်သိန်းတို့ ပထမအကြိမ် စည်းဝေးကြ၏။

ကိလေသာမှုကင်း၍ ငြိမ်သက်ကာ သည်းခံခြင်းရှိကုန်သော ရဟန္တာ ခုနစ်သိန်းတို့ ဒုတိယအကြိမ် စည်းဝေးကြ၏။

အဘိညာဉ် ဗလသို့ရောက်ပြီး အေးငြိမ်းစွာ အကျင့်ရှိကုန်သော ရဟန္တာခြောက်သိန်းတို့ တတိယအကြိမ် စည်းဝေးကြ၏။

ငါသည် ထိုအခါ ကုဋေကုဋာမက များပြားလှသော ဘီလူးတို့အား အစိုးရသည့် တန်ခိုးကြီးသော ဘီလူးမင်းဖြစ်၏။ ဘီလူးတို့သည် ငါ့အလိုအတိုင်း ဖြစ်ကြရ၏။

ထိုအခါ ငါသည် မြတ်သောကျေးဇူးကို ရှာတော်မူပြီးသော ထိုဗုဒ္ဓကို ဆည်းကပ်၍ သံဃာနှင့်တကွ လောကနာယကအား ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေ၏။

ထိုအခါ စင်ကြယ်သော မျက်စိရှိသော ထိုမြတ်စွာဘုရား လည်း ငါးအား "ဤဝရကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဤဘီလူးမင်းသည် လောက၌ ဘုရားဖြစ်လိမ့်မည်"ဟု ဗျာဒိတ် ပေးတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားသောအခါလည်း အလွန် စိတ်နှလုံး ရွှင်လန်း အံ့ဩပြီး အတိုင်းထက်အလွန် ပါရမီ ဆယ်ပါးကိုဖြည့်ရန် ပါရမီကျေးဇူးအကျင့်ကို ဆောက်တည်၏။

အနောမဒဿီ မြတ်စွာဘုရား၏ နေပြည်တော်သည် စန္ဒဝတီ အမည်ရှိ၏။ ခမည်းတော်မင်းသည် ယသဝါ အမည်ရှိ၍ မယ် တော်သည် ယသောဓရာ အမည်ရှိ၏။

သူသည် အနှစ်တသောင်း ပတ်လုံး ရွှေနန်းတော်၏အလယ်၌ စိုးအုပ်နေ၏။ သိရီ၊ ဥပသိရီနှင့် ဝဍ္ဎ ဟူ၍ ပြာသာဒ်သုံးဆောင် ရှိ၏။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မင်းသမီးနှစ်သောင်း သုံးထောင်တို့သည် သိရိမာမိဖုရားကို ခြံရံကုန်၏။ သားတော်ကား ဥပဝါဏ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးမြင်၍ ရွှေထမ်းစင်ယာဉ် ဖြင့် တောထွက်တော်မူပြီး မယုတ်မလွန်ဆယ်လတို့ပတ်လုံး ဒုက္ကရ စရိယာကျင့်တော်မူ၏။

ငြိမ်းသက်တော်မူသော၊ ကြီးမြတ်သောလုံ့လ ရှိတော်မူသော အနောမဒဿီ မြတ်စွာဘုရားသည် ဗြဟ္မာမင်းတောင်းပန်သော ကြောင့် သုဒဿန ဥယျာဉ်၌ ဓမ္မစကြာတရား ဟောတော်မူ၏။

အနောမဒဿီ မြတ်စွာဘုရားအား နိသဘနှင့် အနောမ အ မည်ရှိသော ရဟန်းနှစ်ပါး အဂ္ဂသာဝကအဖြစ် ခြံရံ၏။ အလုပ် အကျွေးရဟန်းသည် ဝရုဏ အမည်ရှိ၏။

သုန္ဒရီနှင့် သုမနာအမည်ရှိသော ဘိက္ခုနီနှစ်ပါးသည် အဂ္ဂသာဝိကာဖြစ်၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို ထောက်ကြံ့(ဖောက်ကြံ့)ပင်ဟု ဆိုအပ်၏။

နန္ဒိဝဍ္ဎနှင့် သိရိဝဍ္ဎမည်သော ဥပါသကာ နှစ်ဦးသည် မြတ်သောအမျိုးသား အလုပ်အကျွေးဖြစ်၍ ဥပ္ပလာနှင့် ပဒုမာ မည်သော ဥပါသိကာနှစ်ဦးသည် မြတ်သောအမျိုးသမီး အလုပ် အကျွေးဖြစ်၏။

မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင် တိုင်တိုင်မြင့်၏။ရောင်ခြည် တထောင် အလင်းဆောင်သော တက်သစ စနေမင်းကဲ့သို့ အရောင်ထွက်၏။

ထိုအခါ သက်တမ်း အနှစ်တသိန်းရှိ၏။ မြတ်စွာဘုရားသည် ထိုမျှလောက် တည်တော်မူလျက် များစွာသော လူအပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

သည်းခံခြင်းလည်းရှိ၊ ရာဂအညစ်အကြေးလည်း ကင်းသော ရဟန္တာတို့ဖြင့် ဗုဒ္ဓမမှသည် ကောင်းစွာပွင့်လင်း၏ ဗုဒ္ဓသာသနာ တင့်တယ်၏။

မနှိုင်းယှဉ်အပ်သော အခြံအရံရှိသော ထိုမြတ်စွာဘုရားနှင့် အတုမရှိသော သာဝကအစုံ အလုံးစုံတို့ ကွယ်ကုန်ပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အချည်းနှီးသာတည်း။

ဆရာဖြစ်သော အနောမဒဿီဘုရားသည် ဓမ္မာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုတွင် ဓာတ်တော်တို့ကို ဌာပနာသော သူ၏ စေတီတော်သည် နှစ်ဆယ့်ငါး ယူဇနာမြင့်၏။

# ပဒုမ

အို သာရိပုတ္တရာ။ အနောမဒဿီ မြတ်စွာဘုရားနောက် လူနတ်တို့ထက် မြတ်တော်မူသော၊ ပဒုမအမည်တော်ရှိသော အတုလည်း မရှိသော၊ တုဘက်ကင်းသော၊ ပုဂ္ဂိုလ်လည်း ဖြစ်သော မြတ်စွာဘုရား ပွင့်တော်မူ၏။

ထိုမြတ်စွာဘုရား၏ သီလသည် အတုမရှိ။ သမာဓိသည်လည်း အဆုံးအပိုင်းအခြား မရှိ။ ဉာဏ်တော်သည် မရေတွက်နိုင်။ လွတ်မြောက်မှုလည်း မနှိုင်းယှဉ်အပ်။

ဓမ္မစကြာတရား ဟောတော်မူရာ၌ အတုမဲ့ တန်ခိုးတော်ရှိ၏။ အမှောင်ထုကြီးကို ဖျက်ဆီးတော်မူတတ်သော ထိုမြတ်စွာဘုရားအားလည်း အဘိသမယ သုံးကြိမ်ဖြစ်ခဲ့၏။

ကြီးမြတ်သော၊ လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ပထမ အဘိသမယ၌ ကုဋေတရာ သတ္တဝါလေးပါးကို ထိုးထွင်းသိမြင်စေတော်မူ၏။ ဒုတိယ အဘိသမယ၌ ကုဋေကိုးဆယ်။

ပဒုမ မြတ်စွာဘုရား မိမိသားတော် (ရမ္မ)ကို ဆုံးမသောအခါ၌ ကုဋေရှစ်ဆယ် တတိယ အဘိသမယ ဖြစ်ခဲ့လေသည်။

ပဒုမ မြတ်စွာဘုရားအား ရဟန္တာတို့၏ အစည်းအဝေ သန္နိပါတ သုံးကြိမ်ဖြစ်ခဲ့၏။ ပထမအကြိမ် ကုဋေတသိန်း စည်း ဝေးကြ၏။

ကထိန်ခင်းသောအခါ ကထိန်လျှာသင်္ကန်း ဖြစ်ပေါ်လေ သော် ဓမ္မသေနာပတိဖြစ်သော ဝိမလ မထေရ်၏ အကျိုးငှာ ရဟန်းတို့ သင်္ကန်းချုပ်ကြ၏။

ထိုအခါ အညစ်အကြေးကင်းကုန်သော၊ အဘိညာဉ်ခြောက် ပါးနှင့် ပြည့်စုံကုန်သော၊ အောင်မြင်တော်မူပြီးကုန်သော ရဟန်း သုံးသိန်းတို့ စည်းဝေးကုန်၏။

တဖန် အခါတပါး၌ ထိုမြတ်စွာဘုရားသည် တောအုပ်ကြီး တခု၌ မိုးလပတ်လုံး နေတော်မူ၏။ ထိုအခါ ရဟန္တာ နှစ်သိန်းတို့ စည်းဝေးကြလေသည်။

ထိုအခါ ငါသည် သားတို့ကို အစိုးရသော ခြင်္သေ့မင်းဖြစ်၏။ နိရောဓသမာပတ် ဝင်စားသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ဦးခေါင်းဖြင့် ခြေတော်တို့ကို ရှိခိုးပြီး ထိုမြတ်စွာဘုရားကို သုံးကြိမ် လက်ယာရစ်လှည့်၍၊ သုံးကြိမ်ဟောက်၍ ခုနစ်ရက်ပတ်လုံး မြတ်စွာ ဘုရားကို ဆည်းကပ် ခစား၏။

တထာဂတသည် ခုနစ်ရက်လွန်သဖြင့် မြတ်သော သမာပတ်မှ ထတော်မူ၍ "ရဟန်းတို့လာစေကုန်သတည်း" ဟုစိတ်ဖြင့်ကြံတော် မူ၍ ရဟန်းတကုဋေ ဆောင်တော်မူ၏။

ထိုအခါ၌လည်း မဟာဝီရသည် ရဟန်းတို့၏ အလယ်၌နေ၍ "ဤ ဝရ ကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဤခြင်္သေ့သည် ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြား၍ လွန်စွာ စိတ်ကြည်လင်၏။ အတိုင်းထက်အလွန် ပါရမီဆယ်ပါးကိုဖြည့်ရန် ပါရမီ ကျေးဇူးအကျင့်ကို ဆောက်တည်၏။

ပဒုမ မြတ်စွာဘုရား၏ နေပြည်တော်သည် စမ္ပက အမည်ရှိ၏။ ခမည်းတော်မင်းသည် အသမ အမည်ရှိ၏။ မယ်တော်သည် အသမာ အမည်ရှိ၏။

ထို မြတ်စွာဘုရားသည် အနှစ်တသောင်းပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ နန္ဒုတ္တရ၊ ဝသုတ္တရ၊ ယသုတ္တရဟူသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မင်းသမီးပေါင်း သုံးသောင်း သုံးထောင်တို့သည် ဥတ္တရာ မိဖုယားကို ခြံရံကုန်၏။ သားတော်သည် ရမ္မ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးကိုမြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏။ မယုတ်မလွန် ရှစ်လပတ်လုံး ဒုက္ကရစရိယာ အားထုတ်တော်မူ၏။

ငြိမ်သက်တော်မူသော၊ ကြီးမြတ်သော လုံ့လရှိတော်မူသော ပဒုမ မြတ်စွာဘုရားသည် ဗြဟ္မာမင်းတောင်းပန်၍ မွေစကြာ တရားတော်ကို ဟောတော်မူ၏။

ပဒုမ မြတ်စွာဘုရားအား သာလနှင့် ဥပသာလ ရဟန်းနှစ်ပါး တို့သည် အဂ္ဂသာဝကအဖြစ် ခြံရံကုန်၏။ အလုပ်အကျွေး ရဟန်း သည် ဝရုဏ အမည်ရှိ၏။

ရာမနှင့် သုရာမာ ဘိက္ခုနီ နှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကုန်၏။ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို မြတ်သော ကြောင် လျှာပင်ဟု ဆိုအပ်၏။

ဘဒ္ဒိယနှင့် အသမဒ္ဒါယကာနှစ်ဦးတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ ရုစိနှင့် နန္ဒရာမ ဒါယိကာမနှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

မဟာမုနိသည် ငါးဆယ့်ရှစ်တောင်တိုင်တိုင် မြင့်တော်မူ၏။ ထိုမြတ်စွာဘုရား၏ အတုမရှိသော အရောင်တော်သည် အချင်းခပ်သိမ်း အရပ်ဆယ်မျက်နှာသို့ ထွက်နေ၏။

လရောင်၊ နေရောင်၊ ရတနာရောင်၊ မီးရောင်၊ ပတ္တမြားရောင် အလုံးစုံသော အရောင်တို့သည် မြတ်သော မြတ်စွာဘုရားအရောင်သို့ ရောက်၍ ကွယ်ပျောက်ကုန်၏။

ထိုအခါ အနှစ်တသိန်းပတ်လုံး သက်တမ်းရှိ၏။ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် တည်တော်မူလျက် များစွာသော လူအပေါင်းကို သံသရာရေအယဉ်မှ ကူးမြောက်စေတော်မူ၏။

ထိုမြတ်စွာဘုရားသည် မနိဗ္ဗာန်ရင့်သော သတ္တဝါတို့ကို အကြွင်းမရှိ သိစေတော်မူပြီး၍ ကြွင်းကျန်သော သတ္တဝါတို့ကို အစဉ်မပြတ် ဆုံးမတော်မူပြီး၍ သာဝကအပေါင်းနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

ဟောင်းလေပြီးသောအရေကို စွန့်သောမြွေနှင့် ရင့်ရော်သော ဖက်ရွက်ကိုစွန့်သော သစ်ပင်ကဲ့သို့ အလုံးစုံသော သင်္ခါရတို့ကို စွန့်ပြီး၍ ထိုမြတ်စွာဘုရားသည် မီးလျှံကဲ့သို့ ငြိမ်းတော်မူလေ၏။

ဆရာဖြစ်သော ပဒုမ မြတ်စွာဘုရားသည် ဓမ္မာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်သည် ထိုထို အရပ်မျက်နှာမှ ပြန့်နှံ့လေသည်။

# နာရဒ

အို သာရိပုတ္တရာ။ ပဒုမ မြတ်စွာဘုရားနောက် လူ နတ် တို့ထက် မြတ်တော်မူသော၊ အတုမရှိသော၊ တုဘက်ကင်းသော၊ ပုဂ္ဂိုလ်လည်းဖြစ်သော၊ နာရဒ အမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူ၏။

စကြာမင်း၏ရွှေရင်တော်နှစ် သားတော်ကြီးလည်းဖြစ်သော၊ ပုလဲသွယ်၊ ပတ္တမြား နားတောင်း၊ မကိုဋ်သရဖူ တန်ဆာဆင်သော ထိုမြတ်စွာဘုရားသည် ဥယျာဉ်တော်သို့ ချဉ်းကပ်၏။

ထိုဥယျာဉ်တွင် ကျော်စောထင်ရှားသော၊ အလွန်လှသော၊ ကြီးမားသော၊ တောက်ပသော ကြောင်လျှာနီပင်ရှိ၏။ ထိုအပင်အောက်သို့ရောက်လျှင် ထက်ဝက်ဖွဲ့ခွေ ထိုင်နေ၏။

ထို ကြောင်လျှာနီပင်အောက်၌ အဆုံးမရှိသော၊ ဝရဇိန်နှင့်တူသော ဉာဏ်တော်မြတ်ဖြစ်၏။ ထိုဉာဏ်ဖြင့် သင်္ခါရတို့၏ အဖြစ်အပျက်ကို ဆင်ခြင်၏။

ထိုအပင်အောက်၌ အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်တော်မူ၏။ ဗောဓိဉာဏ်နှင့် ဗုဒ္ဓဉာဏ် တဆယ့်လေးပါးသို့ စင်စစ်ရောက်တော်မူ၏။

ထိုမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူ၍ ဓမ္မစကြာတရားဟောတော်မူသောအခါ ကုဋေတသိန်းသော လူ နတ် ဗြဟ္မာတို့ ပထမ အဘိသမယ ဖြစ်ကြသည်။

မဟာမုနိသည် မဟာဒေါဏအမည်ရှိသော နဂါးမင်းကို ဆုံးမတော်မူလျက် နတ်နှင့်တကွသော လူအပေါင်းရှုစဉ် တန်ခိုး ပြာဋိဟာ ပြုတော်မူ၏။

ထိုအခါ တရားဒေသနာ ညွှန်ပြတော်မူရာ၌ နတ် လူ ကုဋေကိုးသောင်းတို့ အလုံးစုံသော ယုံမှားခြင်းမှ ကူးမြောက်ကုန်၏။

မဟာဝီရသည် မိမိသားတော်ကို ဆုံးမတော်မူသောအခါ လူ နတ် ဗြဟ္မာ ကုဋေကိုးသောင်း တတိယမြောက် အဘိသမယ ဖြစ်ကြ၏။

နာရဒ မြတ်စွာဘုရားအား ရဟန္တာတို့၏ သန္နိပါတ သုံးကြိမ် ဖြစ်၏။ ရဟန္တာကုဋေတသိန်း ပထမ စည်းဝေးကြ၏။

ဗုဒ္ဓသည် ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဆုတောင်းခြင်းလျှင် အရင်းရှိသောဗုဒ္ဓဝင်ကို ဖြေကြားတော်မူသောအခါ အညစ်အကြေး ကင်းစင်ကုန်သော ရဟန္တာကုဋေ ကိုးသောင်း စည်းဝေးကုန်၏။

ဝေရောစန နဂါးမင်းကြီး မြတ်စွာဘုရားအား အလှူဒါန ပြုသောအခါ မြတ်စွာဘုရား၏သားတော် ဖြစ်ကုန်သော ရဟန္တာ ရှစ်သိန်းတို့ စည်းဝေးကုန်၏။

ထိုအခါ ငါသည် ဆံကျစ်ထုံးသော၊ ခြိုးခြံသောအကျင့် ရှိသော၊ ကောင်းကင်၌ သွားလေ့ရှိသော၊ အဘိညာဉ်ငါးပါး၌ ပါရဂူဖြစ်သော ရသေ့ ဖြစ်၏။

ထိုအခါ၌လည်း ငါသည် ရဟန်းသံဃာနှင့်တကွသော၊ အနာပါမ် ဥပါသကာတသောင်းနှင့် တကွသော အတုမဲ့ မြတ်စွာ

ဘုရားကို ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေ၍ စန္ဒကူးနံ့ဖြင့် ရိုသေစွာ ပူဇော်၏။

ထိုအခါ နာရဒမြတ်စွာဘုရားလည်း "ဤဝရကမ္ဘာမှ မရေ တွက်နိုင်သော ကမ္ဘာ၌ ဤရသေ့ ဘုရားဖြစ်လတ္တံ့" ဟု ငါ့ကို ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ လွန်စွာ စိတ်ကို ရွှင်လန်းစေ၍ လုံ့လပြင်းစွာ ပါရမီဆယ်ပါးကို ဖြည့်ရန် အကျင့် ကို ဆောက်တည်၏။

နာရဒ မြတ်စွာဘုရား၏ နေပြည်တော်သည် ဓညဝတီ အမည် ရှိ၏။ ခမည်းတော်မင်းကြီးသည် သုဒေဝ အမည်ရှိ၏။ မယ်တော် မိဖုရားသည် အနောမာ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင် ပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ ဇိတ၊ ဝိဇိတ၊ အဘိရာမ ဟူသော မြတ် သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်ကုန်သော မင်းသမီး တသိန်း နှစ် သောင်းတို့သည် ဝိဇိတသေနာမိဖုရားကို ခြံရံကုန်၏။ သားတော် အနုတ္တရ အမည်ရှိ၏။

လောက နာယကသည် နိမိတ်လေးပါးကိုမြင်၍ ခြေလျင်ဖြင့် သာလျှင် ကြွတော်မူသဖြင့် တောသို့ထွက်၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ ငြိမ်သက်သော၊ နာရဒ အ မည်တော်ရှိသော၊ ကြီးမြတ်သော၊ လုံ့လရှိသော လောက နာယ ကသည် ဓနဉ္စဉယျာဉ်မြတ်၌ ဓမ္မစကြာတရား ဟောကြားတော် မူ၏။

နာရဒ မြတ်စွာဘုရားအား ဘဒ္ဒသာလနှင့် ဝိဇိတမိတ္တာ ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကတို့ ဖြစ်ကုန်၏။ အလုပ်အကျွေးရဟန်းသည် ဝါသေဋ္ဌ အမည်ရှိ၏။

ဥတ္တရာနှင့် ဖဂ္ဂုနီ ဘိက္ခုနီနှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကုန်၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို မြတ်သော ကြောင်လျှာနီပင်ဟု ဆိုအပ်၏။

ဥဂ္ဂဒိန္နနှင့် ဝသဘ ဥပါသကာနှစ်ဦးတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကုန်၏။ ဣန္ဒဝရီနှင့် စန္ဒီ ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီးအလုပ်အကျွေးတို့ ဖြစ်ကုန်၏။

မဟာမုနိသည် ရှစ်ဆယ့် ရှစ်တောင်တိုင်တိုင် မြင့်၏။ အဖိုးအနဂ္ဃ ထိုက်တန်သော ရွှေတိုင်ကြီးနှင့် တူ၍ တသောင်းသော လောကဓာတ်၌ တင့်တယ်တော်မူ၏။

ငါတို့ မြတ်စွာဘုရား၏ တလံမျှလောက်သော ရောင်တော်ကဲ့သို့ ထိုမြတ်စွာဘုရား၏ ကိုယ်မှ ရောင်တော်တို့သည် အရပ်ထက်ဝန်းကျင်သို့ မပြတ်ထွက်၏။ နေ့ရောညဉ့်ပါ အခါခပ်သိမ်း တယူဇနာတိုင်တိုင် ပြန့်နှံ့၏။

ထက်ဝန်းကျင်မှ တယူဇနာအရပ်၌ ဗုဒ္ဓ၏ ရောင်တော် လွှမ်းမိုးသောကြောင့် ထိုအခါ အချို့လူတို့သည် မီးမထွန်းကြကုန်။

ထိုအခါ အနှစ် ကိုးသောင်း သက်တမ်းရှိ၏။ ထိုမျှလောက် တည်တော်မူသော ထိုမြတ်စွာဘုရားသည် များစွာသော လူအပေါင်းကို သံသရာရေအယဉ်မှ ကယ်တင်တော်မူ၏။

ကြယ်နက္ခတ်တို့ဖြင့် ဆန်းကြယ်သော ကောင်းကင် တင့်တယ်သကဲ့သို့ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် တင့်တယ်၏။

ကြွင်းသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ သံသရာ ရေအယဉ်ကို ကူးရန် ဓမ္မတန်တားကို မြဲမြံစွာပြု၍ ထိုမြတ်စွာဘုရားပရိနိဗ္ဗာန် ပြုတော် မူလေသည်။

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော ထိုဗုဒ္ဓနှင့် အတုမဲ့ တန်ခိုးရှိကုန်သော ထိုရဟန္တာအလုံးစုံတို့ ကွယ်ကြလေပြီ။ သင်္ခါရဟူသမျှ အချည်းနှီးသာတည်း။

နာရဒမြတ်စွာဘုရားသည် သုဒဿနပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုတွင် ထိုမြတ်စွာဘုရား၏ စေတီတော်မြတ်သည် လေးယူဇနာ တိုင်တိုင်မြင့်၏။

# ပဒုမုတ္တရ

အို သာရိပုတ္တရာ၊ နာရဒ မြတ်စွာဘုရားနောက် နတ် လူတို့ ထက်မြတ်သော၊ အောင်တော်မူသော၊ ချောက်ချားခြင်း မရှိသော၊ သမုဒ္ဒရာနှင့်တူသော ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။

အကြင်ကမ္ဘာ၌ ပဒုမုတ္တရမြတ်စွာပွင့်၏။ ထိုကမ္ဘာ၌ ကုသိုလ် အနှစ်သာရကို ဆည်းပူးပြီးသော လူအပေါင်းဖြစ်၏။ ထိုကမ္ဘာ သည် သာရကမ္ဘာသည်သာလျှင် ဖြစ်၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပထမတရား ဟောတော်မူရာ လူနတ် ပြဟ္မာ ကုဋေတသိန်း သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြ၏။

ထိုနောက် အခါတပါး၌လည်း သတ္တဝါတို့အား ရောင့်ရဲ စေလျက် တရားမိုးကြီး ရွာသွန်းသောအခါ လူနတ်ပြဟ္မာ ခုနစ် သန်းအား ဒုတိယ အကြိမ် သစ္စာလေးပါးကို ထိုးထွင်း သိမြင် ကြ၏။

မဟာဝီရသည် ခမည်းတော် အာနန္ဒမင်းကြီးထံ ကြွသွား၍ အမြိုက်စည်ကြီး တီးတော်မူ၍ တရားမိုးကြီး ရွာစေတော်မူသည် ရှိသော် လူနတ်ပြဟ္မာ ငါးသန်းတို့ တတိယအကြိမ် သစ္စာလေး ပါးကို ထိုးထွင်းသိမြင်ကြလေသည်။

အလုံးစုံသော သတ္တဝါတို့အား ဆုံးမသြဝါဒ ပေးတော်မူ တတ်သော၊ သိစေတော်မူတတ်သော၊ ကယ်တင်တော်မူတတ် သော၊ ဒေသနာ၌ ကျွမ်းကျင်တော်မူသော ဗုဒ္ဓသည် များစွာ သောလူအပေါင်းကို သံသရာရေအယဉ်မှ ကယ်တင်တော်မူ၏။

ပဒုမုတ္တရ မြတ်စွာဘုရားအား ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ်ဖြစ်ခဲ့၏။ ကုဋေတသိန်း ပထမအကြိမ် စည်းဝေးသည်။

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသောဗုဒ္ဓသည် ဝေဘာရတောင်၌ ဝါကပ်တော်မူသောအခါ ကုဋေကိုးသောင်း ဒုတိယအကြိမ် စည်းဝေးသည်။

ဗုဒ္ဓသည် တဖန်လည်း ဒေသစာရီ လှည့်လည်သော် ရွာ၊ နိဂုံး၊ တိုင်း၊ နိုင်ငံမှထွက်၍ ရဟန်းပြုကြသော ရဟန္တာပေါင်း ကုဋေ ရှစ်သောင်းတို့ တတိယအကြိမ် စည်းဝေးကြသည်။

ထိုအခါ ငါသည် ဗရုဏအမည်ရှိသော မင်းဖြစ်၍ ဘုရား အမှူးရှိသော သံဃာကို ဆွမ်းနှင့်တကွ သင်္ကန်းလျာ ပုဆိုးအစုံကို ပေးလှူခဲ့၏။

ထိုအခါ ထိုမြတ်စွာဘုရားလည်း သံဃာ့အလယ်၌ နေတော် မူ၍ "ဤကမ္ဘာမှကမ္ဘာတသိန်းထက်၌ သူသည် ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြား၍ အတိုင်းထက် အလွန် ပါရမီကျေးဇူးကျင့်ကို ဆောက်တည်၏။ ပါရမီဆယ်ပါး ကို ဖြည့်ရန် ပြင်းထန်မြဲမြံစွာ သို့လပြု၏။

စိတ်နှလုံး ပေါက်ပြန်ကုန်သော၊ စိတ်ကောင်းမရှိကုန်သော အလုံးစုံသော တိတ္ထိတို့သည် ထိုမြတ်စွာဘုရားလက်ထက်၌ မာန် ခက်ထန်ခြင်းမှ ကင်းကုန်၏။ မြတ်စွာဘုရားကို မပူဇော် မလုပ်

ကျေးသော တိတ္တိတို့အား လူတို့သည် တိုင်းပြည်မှ နှင်ထုတ်ကြ၏။

ထိုသို့ နှင်ထုတ်ရာ၌ ခပ်သိမ်းသော ထိုတိတ္တိတို့သည် အညီအညွတ် စည်းဝေး၍ ဗုဒ္ဓအထံ၌ "မဟာဝီရ။ အရှင်သည် ငါတို့၏ကိုးကွယ်ရာဘည်း။ မျက်စိရှိသော မြတ်စွာဘုရား ငါတို့၏ကိုးကွယ်ရာ ဖြစ်ပါလော့"ဟု ဆည်းကပ်ကြ၏။

အစဉ်သနားတော်မူသော၊ ကရုဏာ ရှိတော်မူသော၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို ရှာတော်မူလေ့ရှိသော မြတ်စွာဘုရားသည် ရောက်လာသော ခပ်သိမ်းသော တိတ္တိတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

ဤသို့ မြတ်စွာဘုရားသာသနာ အနှောင့်အရှက်ကင်း၏။ တိတ္တိတို့မှ ဆိပ်သော၊ ဝသီဘော် ငါးပါးသို့ ရောက်ကုန်သော၊ သည်းခံခြင်းလည်း ရှိကုန်သော ရဟန္တာတို့ဖြင့် သာသနာ ဆန်းကြယ်၏။

ပဒုမုတ္တရ မြတ်စွာဘုရား၏ နေပြည်တော်သည် ဟံသာဝတီ အမည်ရှိ၏။ ခမည်းတော်မင်းကြီးသည် အာနန္ဒ အမည်ရှိ၏။ မယ်တော်မိဖုရားသည် သုဇာတာ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်တသောင်းတို့ ပတ်လုံး ရွှေနန်းတော်၌ မိုးမိုးနေ၏။ နရဝါဟန၊ ယသဝါဟန၊ ဝသဝတ္တိမည်သော မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

အညီအညွတ် တန်ဆာဆင်ကုန်သော မင်းသမီး တသိန်းနှစ်သောင်းတို့ ဝသုဒတ္တာ မိဖုရားကို ခြံရံကုန်၏။ သားတော်သည် ဥတ္တရ အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်လေးပါးမြင်၍ ပြာသာဒ်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ပြဟ္မာမင်း တောင်းပန်အပ်သော ငြိမ်သက်သော ကြီးမြတ်သော လုံ့လရှိသော ပဒုမုတ္တရ မြတ်စွာဘုရားသည် မိဓိလာ ဥယျာဉ်မြတ်၌ ဓမ္မတရား ဟောကြားတော်မူ၏။

ပဒုမုတ္တရ မြတ်စွာဘုရားအား ဒေဝလနှင့် သုဇာတ ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကအဖြစ် ခံရကုန်၏။ အလုပ်အကျွေးရဟန်းသည် သုမန အမည်ရှိ၏။

အမိတာနှင့် အသမာ ဘိက္ခုနီနှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ဗောဓိပင်ကို ထင်းရှူးပင်ဟူ၍ ဆိုအပ်၏။

ဝိတိဏ္ဏာနှင့် တိဿ ဥပါသိကာ နှစ်ဦးတို့သည် မြတ်သောအမျိုးသား အလုပ်အကျွေးတို့ဖြစ်ကြ၏။ ဟတ္ထာနှင့် သုစိတ္တာ ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ဖြစ်ကြ၏။

အဖိုးအနဂ္ဃ ထိုက်တန်သည့် ရွှေတိုင်နှင့် တူသော သုံးဆယ့်နှစ်ပါးသော လက္ခဏာနှင့် ပြည့်စုံသော မဟာမုနိသည် ငါးဆယ့်ရှစ်တောင် တိုင်တိုင်မြင့်၏။

ထိုမြတ်စွာဘုရား၏ ကိုယ်မှထွက်သော ရောင်ခြည်တော်သည် ထက်ဝန်းကျင် ဆယ့်နှစ်ယူဇနာ၌ နေ့ညဉ့်ပတ်လုံးပြန့်နှံ့၍ တည်၏။ တံခါးမုတ် တံခါးရွက် နံရံ သစ်ပင်နှင့် တောင်တို့ ပိတ်ပင်ဆီးတားခြင်းမရှိ။

ထိုအခါ အသက်တမ်းသည် အနှစ်တသိန်းရှိ၏။ ထိုမျှလောက်တည်လျက် ထိုမြတ်စွာဘုရားသည် များစွာသော လူအပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

များစွာသော နတ်လူအပေါင်းကို ကယ်တင်ပြီး၍ အလုံးစုံသော ယုံမှားခြင်းကိုဖြတ်၍ မီးလျှံကဲ့သို့ ထွန်းလင်း တောက်ပသော ထိုမြတ်စွာဘုရားသည် တပည့်အပေါင်းနှင့်တကွ ပရိနိဗ္ဗာန် ဝင်စံလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် နန္ဒာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ထိုတွင် ထိုမြတ်စွာဘုရား၏ စေတီတော်မြတ်သည် တဆယ့် နှစ်ယူဇနာ မြင့်လေသည်။

## သုမေဓ

အို သာရိပုတ္တရာ။ ပဒုမုတ္တရ မြတ်စွာဘုရားနောက် နာယက ဖြစ်သော၊ နှိပ်စက်ရန် မတတ်နိုင်သော၊ ထက်သော တန်ခိုးလည်း ရှိသော၊ အလုံးစုံသော လောကထက်မြတ်သော သုမေဓ မြတ်စွာ ဘုရား လောက၌ ပွင့်တော်မူ၏။

ကြည်လင်သော မျက်စိရှိသော၊ တင့်တယ်သော မျက်နှာရှိ သော၊ ကြီးမြတ်သော၊ ဖြောင့်မတ်သော၊ အရောင်တောက်ပ သော၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို ရှာသော၊ မှုနိုသည် များစွာသော သတ္တဝါတို့အား အနှောင်အဖွဲ့မှ လွတ် စေတော်မူ၏။

အကြင်အခါ ဗုဒ္ဓသည် အလုံးစုံမြတ်သော သဗ္ဗညုတဉာဏ်သို့ ရောက်၍ သုဒဿနပြည်အနီး သုဒဿန ဥယျာဉ်၌ မေ့စကြာ တရား ဟောတော်မူ၏။ ထိုအခါ ထိုမြတ်စွာဘုရား အားလည်း အဘိသမယသုံးပါး ဖြစ်ခဲ့၏။ တရားဟောတော်မူသောအခါ လူ နတ် ဗြဟ္မာ ကုဋေတသိန်း ပထမအကြိမ် သစ္စာလေးပါးကို ထိုး ထွင်းသိသည်။

တဖန် အခါတပါး ထိုမြတ်စွာဘုရားသည် ကုမ္ဘကဏ္ဏဘီလူး ကို ဆုံးမတော်မူ၏။ ထိုအခါ ကုဋေကိုးသောင်း ဒုတိယမြောက် သစ္စာလေးပါးကို ထိုးထွင်းသိသည်။

တဖန် အခါတပါး မနိုင်းယှဉ်အပ်သော၊ ကျော်စောခြင်းရှိ သော မြတ်စွာဘုရားသည် သစ္စာလေးပါးကို ပြတော်မူ၏။ ထို အခါ ကုဋေရှစ်ဆယ် တတိယမြောက် သစ္စာလေးပါးကို ထိုးထွင်း သိသည်။

သုမေဓ မြတ်စွာဘုရားအား အညစ်အကြေးကင်းသော၊ စိတ် နှလုံး ငြိမ်သက်သော၊ သည်းခံခြင်းနှင့်လည်း ပြည့်စုံသော ရဟန္တာ အစည်းအဝေး သုံးကြိမ်ဖြစ်၏။

မြတ်စွာဘုရား သုဒဿနပြည်သို့ ကပ်တော်မူသော အခါ ရဟန္တာ ကုဋေတရာ စည်းဝေးကြ၏။

တဖန် အခါတပါး ဒေဝကူဋတောင်၌ ရဟန်းတို့၏ အကျိုး ငှာ ကထိန်ခင်းရာ၌ ရဟန္တာ ကုဋေကိုးဆယ် စည်းဝေးကြသည်။

တဖန် အခါတပါး မြတ်စွာဘုရား ဒေသစာရီ လှည့်လည်၏။ ထိုအခါ ရဟန္တာ ကုဋေရှစ်ဆယ်တို့ တတိယမြောက် စည်းဝေး ကြသည်။

ထိုအခါ ငါသည် ဥတ္တရ အမည်ရှိသော လုလင်ဖြစ်၍ ငါ၏ အိမ်၌ ဆည်းပူးအပ်သော ဥစ္စာကုဋေ ရှစ်ဆယ်ရှိ၏။

အလုံးစုံ အကြွင်းမဲ့ဥစ္စာကို သံဃာနှင့် တကွ မြတ်စွာဘုရား အား လှူ၍ ထိုဘုရားအား ကိုးကွယ်ရာဟု ဆည်းကပ်ပြီး ရဟန်း ပြု၏။

ထို မြတ်စွာဘုရားလည်း ထိုအခါက အနုမောဒနာ ပြုလျက် "ဤ မဏ္ဍ ကပ္ပ၌ ကမ္ဘာသုံးသောင်းထက်၌ ဤ ဥတ္တရ မထေရ် သည် လောက၌ ဘုရားဖြစ်လတ္တံ့"ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထို မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ လွန်စွာ စိတ်ကြည်လင်ခဲ့သည်။ ပါရမီဆယ်ပါးကိုဖြည့်ရန် အတိုင်းထက် အလွန် ပါရမီကျေးဇူးအကျင့်ကို ဆောက်တည်၏။

သုတ္တန်၊ ဝိနည်းနှင့် အလုံးစုံ အင်္ဂါကိုးပါးရှိသော မြတ်စွာ ဘုရား သာသနာတော်ကို သင်ကြား၍ ဇိနသာသနာကို တန်ဆာ ဆင်၏။

ထိုဘုရားသာသနာ၌ ထိုင်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ဣရိယာ ပုထ်ကို မျှတရာ စင်္ကြံ၌ မမေ့မလျော့နေလျက် အဘိညာဉ် တဖက် ကမ်းသို့ ရောက်၍ ငါ ဗြဟ္မာ့ပြည်သို့ လားရ၏။

သုမေဓ မြတ်စွာဘုရား ပြည်တော်သည် သုဒဿနအမည်ရှိ၏။ ခမည်းတော် မင်းသည် သုဒတ္တ အမည်ရှိ၏။ မယ်တော်သည် သု ဒတ္တာ မည်၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင်ပတ်လုံး ရွှေနန်းတော် အလယ်၌ စိုးအုပ်နေ၏။ သုစန္ဒန၊ ကဥ္စန၊ သိရိဝဍ္ဎ အမည်ရှိသော မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မင်းသမီးပေါင်း လေးသောင်း ရှစ်ထောင်တို့သည် သုမနာမိဖုရားကို ခြံရံကုန်၏။ သားတော်သည် သုမိတ္တ(ပုနဗ္ဗသု) အမည်ရှိ၏။

သုမေဓ မြတ်စွာဘုရားသည် နိမိတ်လေးပါးတို့ကိုမြင်၍ ဆင် ယာဉ်ဖြင့် တောထွက်၏။ မယုတ်မလွန် တလခွဲပတ်လုံး ဒုက္ကရ စရိ ယာ အားထုတ်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ ကြီးမြတ် သော၊ လုံ့လရှိသော၊ သုမေဓ အမည်ရှိသော နာယကသည် သုဒဿနဉယျာဉ်မြတ်၌ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

သုမေဓမြတ်စွာဘုရားအား သရဏနှင့် သဗ္ဗကာမ ရဟန်း နှစ်ပါးတို့သည် အဂ္ဂသာဝကအဖြစ် ခံရကုန်၏။ အလုပ်အကျွေး ရဟန်းသည် သာဂရ အမည်ရှိ၏။

ရာမာနှင့် သုရာမာမည်သော ဘိက္ခုနီနှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကုန်၏။ ထိုမြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိကို မြတ်သောတမာ(မအူကြီး)ပင်ဟု ဆိုအပ်၏။

ဥရုဝေဠနှင့် ယသဝမည်သော ဥပါသကာ နှစ်ဦးတို့သည် မြတ်သောအမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကုန်၏။ ယသောဓရာနှင့် သိရိမာမည်သော ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကုန်၏။

မဟာမုနိသည် ရှစ်ဆဲ့ရှစ်တောင်တိုင်တိုင် မြင့်၏။ နက္ခတ်တာရာအပေါင်း၌ လမင်းကဲ့သို့ အလုံးစုံသော အရပ်မျက်နှာတို့သို့ အရောင်ထွန်းလင်း တောက်ပ၏။

စကြာဝတေးမင်း၏ ပတ္တမြားရတနာသည် တယူဇနာအရပ်ကို ပြန့်နှံ့၍ ထွန်းလင်း တောက်ပသကဲ့သို့ ထိုမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင်မှ တယူဇနာအရပ်ကို ပြန့်နှံ့၏။

ထိုကာလ၌ အသက်တမ်းသည် အနှစ်ကိုးသောင်း ရှိ၏။ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် တည်လျက် များစွာသော လူအပေါင်းကို သံသရာဝဲအယဉ်မှ ကယ်တင်တော်မူ၏။

ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး အင်အားဗလ ရှိတော်မူသော သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာတို့ဖြင့် ဤသာသနာသည် ကောင်းစွာ ပြွမ်း၏။

မနှိုင်းယှဉ်အပ်သော၊ အခြံအရံ အကျော်အစောလည်း ရှိသော ကင်းလွတ်တော် မူပြီးသော၊ ဥပဓိတို့မှလည်း ကင်းလွတ်တော်

မူသော ထိုအလုံးစုံသော ရဟန္တာတို့သည်လည်း ဥာဏ်အရောင်အလင်းကို ပြုပြီး၍ ထိုများမြတ်သော အကျော်အစော အခြံအရံ ရှိသောသူတို့သည် ပရိနိဗ္ဗာန်ပြုတော်မူကုန်၏။

ဗုဒ္ဓဖြစ်သော၊ သုမေဓအမည်ရှိသော မြတ်စွာဘုရားသည် သုမေဓာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်သည် ထိုထို အရပ်မျက်နှာ၌ ပြန့်နှံ့၏။

# သုဇာတ

အို သာရိပုတ္တရာ။ ထိုမဏ္ဍာကမ္ဘာ၌သာလျှင် ခြင်္သေ့၏ မေးနှင့်တူသည့် မေးလည်းရှိသော ဥသဘ ပခုံးကဲ့သို့ ပခုံးလည်းရှိသော၊ မနှိုင်းယှဉ်နိုင်သော၊ မလွှမ်းမိုးနိုင်သော သုဇာတမြတ်စွာဘုရား ပွင့်၏။

အညစ်အကြေးကင်းသော၊ စင်ကြယ်သောလမင်း ထွန်းလင်းတောက်ပသော၊ နေမင်းနှင့် တူတော်မူသော မြတ်စွာဘုရားသည် အခါခပ်သိမ်း အသရေဖြင့် ထွန်းတောက်လျက် တင့်တယ်၏။

သမ္ဗုဒ္ဓသည် အလုံးစုံမြတ်သော သဗ္ဗညုတ ဉာဏ်တော်သို့ ရောက်၍ သုမင်္ဂလပြည်၌ ဓမ္မစကြာတရား ဟောတော်မူ၏။

မြတ်သောတရားကို ဟောကြားတော်မူသော သုဇာတမည်သော လောကနာယက ပထမအကြိမ် တရားဟောရာ၌ လူနတ်ဗြဟ္မာ ကုဋ္ဋေရှစ်ဆယ်တို့ သစ္စာကို သိကြ၏။

မနှိုင်းယှဉ်အပ်သော၊ အခြံအရံ အကျော်အစောရှိသော သုဇာတ မြတ်စွာဘုရား နတ်ပြည်၌ ဝါကပ်တော်မူသောအခါ၊ လူနတ်ဗြဟ္မာခုနစ်သန်း ဒုတိယအကြိမ် သစ္စာကိုသိကြ၏။

အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာ တူတော်မူသော သုဇာတ မြတ်စွာဘုရား ခမည်းတော်ထံသို့ ကြွတော်မူသောအခါ၊

လူ နတ် ပြဟ္မာ ကုဋေခြောက်သန်း တတိယအကြိမ် သစ္စာကို သိကြ၏။

သုဇာတ မြတ်စွာဘုရားအား အညမ်အကြေးကင်းသော၊ စိတ်နှလုံးငြိမ်သက်သော၊ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြသည်။

အဘိညာဉ်ဗလသို့ ရောက်သော၊ ဘဝကြီးငယ်၌ မရောက်နိုင်သော ရဟန္တာခြောက်သန်းတို့သည် ပထမအကြိမ် စည်းဝေးကြသည်။

တဖန် မြတ်စွာဘုရား နတ်ပြည်မှ သက်တော်မူရာ၌ ရဟန္တာ ငါးသန်းတို့ ဒုတိယအကြိမ် စည်းဝေးကြသည်။

ထိုမြတ်စွာဘုရား၏ အဂ္ဂသာဝကသည် လူတို့ထက် မြတ်သော ဘုရားသို့ ချဉ်းကပ်သောအခါ ရဟန္တာလေးသန်းနှင့် ကပ်လေသည်။

ထိုအခါ ငါသည် ကျွန်းကြီးလေးကျွန်း၌ အစိုးရသော၊ ကောင်းကင်၌ သွားလေ့ရှိသော၊ များစွာ အင်အားရှိသော စကြဝတေးမင်း ဖြစ်၏။

လောက၌ အံ့ဩဘွယ်ရှိသော၊ မဖြစ်ဖူးသည့် ကြက်သီးမွေးညင်း ထစေသော သုဇာတ မြတ်စွာဘုရားကို မြင်ရ၍ ဆည်းကပ်ရှိခိုး၏။

ရှိခိုးပြီး၍ လေးကျွန်းလုံး၌ စကြာမင်း စည်းစိမ်နှင့် ရတနာ ခုနစ်ပါးတို့ကို မြတ်စွာဘုရားအား လှူဒါန်းပြီး ထို မြတ်စွာဘုရား အထံ၌ ရဟန်းပြု၏။

ဇနပုဒ်၌ အရာမ်စောင့်တို့သည် အခွန်အတုပ်ကို အစုပြု၍ ရဟန်းသံဃာအား ပစ္စည်းလေးပါးနှင့် အိပ်ရာနေရာကို ဆောင်နှင်းကြ၏။

လောကဓာတ်တသောင်း၌ အစိုးရသော ထိုဗုဒ္ဓသည်လည်း "ကမ္ဘာသုံးသောင်းထက်၌ ဤစကြာမင်း ဘုရားဖြစ်လတ္တံ့"ဟု ငါ့ကို ဗျာဒိတ်ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ လွန်စွာ ရွှင်လန်းခြင်းဖြစ်၏။ ငါသည် ပါရမီဆယ်ပါးကိုဖြည့်ရန် အ တိုင်းထက်အလွန် ပါရမီကျေးဇူးအကျင့်ကို ဆောက်တည်၏။

သုတ္တန်၊ ဝိနည်းနှင့် အလုံးစုံ အင်္ဂါကိုးပါးရှိသော သတ္ထု သာသနာကို သင်ကြား၍ ဇိနသာသနာကို တန်ဆာဆင်၏။

ထိုမြတ်စွာဘုရားသာသနာ၌ မမေ့မလျော့နေလျက် ဗြဟ္မ ဝိဟာရ ဘာဝနာကို ပွား၍ အဘိညာဉ်တို့ တဖက်ကမ်းသို့ရောက်၍ ငါသည် ဗြဟ္မပြည်သို့ လားရ၏။

သုဇာတ မြတ်စွာဘုရား၏ နေပြည်တော်သည် သုမင်္ဂလ အ မည်ရှိ၏။ ခမည်းတော်မင်းသည် ဥဂ္ဂတ အမည်ရှိ၏။ မယ်တော် သည် ပဘာဝတီ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင်တို့ပတ်လုံး ရွှေနန်း တော်အလယ်၌ စိုးအုပ်နေ၏။ သိရီ၊ ဥပသိရီ၊ နန္ဒဟူ၍ မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာ ဆင်အပ်ကုန်သော မင်းသမီးပေါင်း နှစ်သောင်း သုံးထောင်တို့သည် သိရီနန္ဒာ မိဖုရားကို ခြံရံကုန်၏။ သားတော်သည် ဥပသေန အမည်ရှိ၏။

နိမိတ်လေးပါးကိုမြင်၍ မြင်းယာဉ်ဖြင့် တောထွက်၏။ မြတ် စွာဘုရားသည် မယုတ်မလွန် ကိုးလတို့ပတ်လုံး ဒုက္ကရစရိယာ အား ထုတ်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ ကြီးမြတ် သော၊ လို့လရှိသော၊ သုဇာတ အမည်ရှိသော လောကနာယက

သည် သုမင်္ဂလ ဥယျာဉ်၌ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

သုဇာတ မြတ်စွာဘုရားအား သုဒဿနနှင့် သုဒေဝအမည်ရှိသော ရဟန်းနှစ်ပါးသည် အဂ္ဂသာဝကတို့ ဖြစ်ကြ၏။ အလုပ်အကျွေး ရဟန်းကား နာရဒ အမည်ရှိ၏။

နာဂါနှင့် နာဂသမာလာ အမည်ရှိသော ဘိက္ခုနီနှစ်ပါးသည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို မြတ်သော ကြခတ်ဝါးပင်ဟု ဆိုအပ်၏။

ထိုကြခတ် ဗောဓိပင်သည်လည်း တခဲနက်သော အရောင်ရှိ၏။ အနည်းငယ် အပေါက်ရှိ၏။ စိမ်းညိုသော အရွက်တို့ဖြင့် ဖုံးအုပ်၏။ ဖြောင့်မတ်၏။ ကြီးမား၏။ ရှုချင်ဘွယ်ရှိ၏။ နှလုံးမွေ့လျော်ဘွယ်ရှိ၏။

တခဲနက် ပင်စည်ရှိသော ထိုကြခတ်ဝါးပင်ဖျားမှ ခက်မငါး ဖြာ ပြန့်ပွား၍ ပေါက်၏။ ကောင်းစွာ ဖွဲ့စည်းအပ်သော ဥဒေါင်းမြီးစည်းကဲ့သို့ ထိုဝါးပင် တင့်တယ်၏။

ထိုကြခတ်ဝါးပင်အား ဆူးမရှိကုန်။ အပေါက်မကျယ်ကုန်။ ပြန့်သောအခက်၊ မကြဲသောအခက် ရှိ၏။ တခဲနက် အရိပ်ရှိ၏။ နှလုံးမွေ့လျော်ဘွယ် ရှိ၏။

သုဒတ္တနှင့် စိတ္တအမည်ရှိသော ဥပါသကာနှစ်ဦးသည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ သုဘဒ္ဒါနှင့် ပဒုမာမည်သော ဥပါသိကာ နှစ်ဦးသည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

အလုံးစုံ အခြင်းအရာအားဖြင့် မြတ်သောအင်္ဂါနှင့် ပြည့်စုံသော၊ အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် အတောင်ငါးဆယ် မြင့်၏။

အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာ တူသော၊ မနိုင်းယှဉ်အပ်သော ထိုမြတ်စွာဘုရားအား အတုမရှိသော ဥပမာတို့ဖြင့် မနိုင်းယှဉ်အပ်သော အရောင်သည် ထက်ဝန်းကျင်မှ ထွက်၏။

ထိုကာလ၌ အသက်တမ်း အနှစ်ကိုးသောင်း ရှိ၏။ ထိုမြတ်စွာဘုရားသည် ထိုမျှလောက်တည်၍ များစွာသော လူအပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

သမုဒ္ဒရာ လှိုင်းတံပိုးတို့ ဆန်းကြယ်သကဲ့သို့၊ ကောင်းကင်၌ နက္ခတ်တာရာတို့ ဆန်းကြယ်သကဲ့သို့ ထိုအခါ မြတ်စွာဘုရား၏ သာသနာသည် ရဟန္တာတို့ဖြင့် ဆန်းကြယ်၏။

အတုမရှိ ရှေးဘုရားတို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားနှင့် အတုမရှိသော ထိုဂုဏ်ကျေးဇူး အလုံးစုံတို့ ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးသာတည်း။

ဗုဒ္ဓဖြစ်သော သုဇာတ အမည်ရှိသော မြတ်စွာဘုရားသည် သီလာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုတွင် ထိုဘုရား၏ စေတီသည် သုံးဂါဝုတ်တိုင်တိုင် မြင့်၏။

# ပိယဒဿီ

အို သာရိပုတ္တရာ။ သုဇာတ မြတ်စွာဘုရား၏ နောက်အဖို၌ လောကနာယကဖြစ်သော၊ သူတပါးတို့ မလွှမ်းမိုးနိုင်သော၊ အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာ တူသော၊ အခြံအရံများသော ပိယဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။

မနှိုင်းယှဉ်နိုင်သော၊ ကျော်စောခြင်းရှိသော ထိုမြတ်စွာဘုရားလည်း နေမင်းကဲ့သို့ တင့်တယ်၏။ အလုံးစုံသော အမိုက်မှောင်ကို ပယ်ဖျောက်၍ ဓမ္မစကြာတရား ဟောတော်မူ၏။

အတုမရှိသော၊ တန်ခိုးရှိသော ထိုမြတ်စွာဘုရားအားလည်း အဘိသမယ သုံးကြိမ်ဖြစ်ခဲ့၏။ ပထမအကြိမ် လူပေါင်းကုဋေ တသိန်း အကျွတ်တရား ရကြ၏။

မြတ်စွာဘုရားသည် မိစ္ဆာအယူရှိသော သုဒဿန နတ်မင်းအား မိစ္ဆာအယူကို ပယ်ဖျောက်စေလျက် ဓမ္မတရား ဟောကြားသောအခါ အတုမရှိသော လူတို့၏ အစည်းအဝေး ဖြစ်၏။ ထိုအခါ လူပေါင်း ကုဋေကိုးသန်း ဒုတိယအကြိမ် အကျွတ်တရား ရကြ၏။

လူတို့၏ ရထားထိန်းဖြစ်သော မြတ်စွာဘုရားသည် ဒေါကာမုခ မည်သောဆင်ကို ဆုံးမသောအခါ လူပေါင်း ကုဋေတသောင်း သုံးကြိမ်မြောက် အကျွတ်တရား ရကြ၏။

ပိယဒဿီ မြတ်စွာဘုရားအားလည်း ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ် ဖြစ်၏။ ရဟန္တာ ကုဋေတသိန်း ပထမအကြိမ် စည်းဝေးကြသည်။ ထို့နောက် အခါတပါး၌ ရဟန္တာ ကုဋေကိုးဆယ်တပေါင်းတည်း စည်းဝေးကြသည်။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ကုဋေရှစ်ဆယ် စည်းဝေးကြသည်။

ထိုအခါ ငါသည် ကဿပအမည်ရှိသော လုလင်ဖြစ်၍ ဝေဒကို သရဇ္ဈာယ်၏။ မန္တာန်ကို ဆောင်၏။ ဝေဒသုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်၏။

ငါသည် ထိုမြတ်စွာဘုရား၏ တရားကို နာရ၍ ကြည်ညိုကာ ဥစ္စာ ကုဋေတသိန်းဖြင့် သံဃာ့အရာမ်ကို ဖန်ဆင်း၏။

ထိုမြတ်စွာဘုရားအား အရာမ်ကိုလှူပြီး၍ စိတ်နှလုံး ရွှင်လန်းထိတ်လန့်ကာ သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်၏။

ထိုဗုဒ္ဓသည်လည်း သံဃာ၏ အလယ်၌ နေ၍ "ဤကမ္ဘာမှ ကမ္ဘာပေါင်းတထောင့်ရှစ်ရာ(၁၁၈ လည်းဟူ)ဆက်၍ ဤလုလင်သည် ဗုဒ္ဓ ဖြစ်လတ္တံ့." ဟု ငါ့ကို ဗျာဒိတ် ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရ၍ လွန်စွာစိတ်ကြည်လင်ပြီး ပါရမီဆယ်ပါးကိုဖြည့်ရန် အတိုင်းထက်အလွန် ပါရမီအကျင့်ကို ဆောက်တည်၏။

ပိယဒဿီ မြတ်စွာဘုရား၏ နေပြည်တော်မှာ သုဓညဝတီ အမည်ရှိ၏။ ခမည်းတော် သုဒတ္တ၊ မယ်တော် သုစန္ဒာ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ကိုးထောင်ပတ်လုံး ရှေးနန်း အလယ်၌ အုပ်စိုးနေ၏။ သုနိမ္မလ၊ ဝိမလနှင့် ဂိရိဂုဟ အမည်ရှိသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်ကုန်သော အမျိုးသမီး သုံးသောင်း သုံးထောင်တို့သည် ဝိမလာမိဖုရားကို ခြံရံကုန်၏။ သားတော်သည် ကဥ္စနာဝေဠ အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်လေးပါးကိုမြင်၍ ရထားယာဉ်ဖြင့် တောထွက်၏။ ဒုက္ကရစရိယာ ခြောက်လ ကျင့်၏။

ပြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ လုံ့လရှိသော ပိယဒဿီ မြတ်စွာဘုရားသည် မွေ့လျော်ဘွယ် ကောင်းသော ဥသဘ ဥယျာဉ်၌ ဓမ္မစကြာတရား ဟော၏။

ပိယဒဿီမြတ်စွာဘုရားအား ပါလိတနှင့်သဗ္ဗဒဿီရဟန်း နှစ်ပါးသည် သဂ္ဂသာဝကအဖြစ် ခြံရံကြ၏။ အလုပ်အကျွေး ရဟန်းကား သောဘိတ အမည်ရှိ၏။

သုဇာတာနှင့် ဓမ္မဒိန္နာအမည်ရှိသော ဘိက္ခုနီနှစ်ဦးသည် အဂ္ဂသာဝိကာ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ရေခံတက်ပင်ဟု ဆိုအပ်၏။

သန္တကနှင့် ဓမ္မိကသည် ဥပါသကာ အလုပ်အကျွေးတို့ ဖြစ်ကြသည်။ ဝိသာခါနှင့် ဓမ္မဒိန္နာသည် ဥပါသိကာ အလုပ်အကျွေးတို့ ဖြစ်ကြသည်။

မနိုင်းယှဉ်နိုင်သော၊ ကျော်စောခြင်းရှိသော၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံသော ဗိမ္ဗသည်လည်း အင်ကြင်းပင်ကဲ့သို့ ရှုချင်ဘွယ်ရှိ၏။

အတုမရှိသော ထိုမြတ်စွာဘုရား၏ အရောင်တော်သည် မီးရောင် လရောင် နေရောင်တို့ထက် ထွန်းပြောင်၏။

မျက်စိရှိသော၊ ထိုသမ္ဗုဒ္ဓသည် အနှစ်ကိုးသောင်း ပတ်လုံး လောကဌ် တည်၏။ ထိုမြတ်စွာဘုရား၏လက်ထက်က သက်တမ်းလည်း ထိုမျှလောက်ဖြစ်၏။

အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာတူသော ထိုဗုဒ္ဓနှင့် အတုမရှိသော ထိုရဟန္တာသာဝက အလုံးစုံသည်ကွယ်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးသာတည်း။

ပိယဒဿီ မြတ်စွာဘုရားသည် အဿတ္ထာရာမ၌ ပရိနိဗ္ဗာန်ဝင်စံ၏။ ထိုတွင် ထိုမြတ်စွာဘုရား၏ ထူပါရုံသည် သုံးယူဇနာမြင့်လေသည်။

## အတ္ထဒဿီ

အို သာရိပုတ္တရာ။ ထိုမဏ္ဍကမ္ဘာ (ဝရကမ္ဘာလည်းဟူ)၌ပင် အတ္ထဒဿီ မြတ်စွာဘုရားသည် မဟာမောဟကို ပယ်ဖျောက်၍ မြတ်သော သမ္ဗောဓိသို့ ရောက်၏။

ပြဟ္မာမင်း တောင်းပန်အပ်သော ငြိမ်သက်သော ဗုဒ္ဓသည် ဓမ္မစကြာတရားကို ဟောကြား၏။ လောကဓာတ် တသောင်း၌ နတ်နှင့်တကွသော လူအပေါင်းကို အမြိုက်ဖြင့် ရောင့်ရဲစေ၏။

ထိုမြတ်စွာဘုရားအားလည်း အဘိသမယ သုံးပါးဖြစ်၏။ ပဌမ အဘိသမယ၌ လူပေါင်း ကုဋေတသိန်း အကျွတ်တရား ရကြ၏။

အတ္ထဒဿီ မြတ်စွာဘုရား နတ်ပြည်၌ ဒေသစာရီ ကြွချီသော အခါ ဒုတိယအကြိမ် နတ်ပြဟ္မာ ကုဋေတသိန်း ကျွတ်တန်း ဝင်ကြ၏။

တဖန် ဗုဒ္ဓသည် ခမည်းတော်ထံ၌ တရားဟောတော်မူသော အခါ လူပေါင်း ကုဋေတသိန်း တတိယမြောက် ကျွတ်တန်း ဝင်

ထိုမြတ်စွာဘုရားအားလည်း အညစ်အကြေး ကင်းကုန်သော၊ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံနိုင်ကုန်သော ရဟန္တာတို့ အစည်းအဝေး သုံးကြိမ်ဖြစ်ကုန်၏။

ရဟန္တာ ကိုးသိန်း ရှစ်သန်းတို့ ရှေးဦးစွာ စည်းဝေးကြသည်။ ရဟန္တာ ရှစ်သန်း ရှစ်သိန်းတို့ ဒုတိယအကြိမ် စည်းဝေးကြသည်။

စွဲလမ်းခြင်း မရှိကုန်သော၊ လွတ်မြောက်ကုန်သော၊ အညစ်အကြေး ကင်းကုန်သော၊ အမြတ်ကိုရှာကုန်သော၊ ရဟန္တာ ခုနှစ်သန်း ရှစ်သိန်းတို့ တတိယအကြိမ်မြောက် စည်းဝေးကြသည်။

ထိုအခါ ငါသည် ဆံကျစ်ထုံးသော၊ ခြိုးခြံသောအကျင့်ရှိသော သုသိမအမည်ဖြင့် မြေအပြင်၌ မြတ်၏ဟု သမုတ်အပ်သော ရသေ့ဖြစ်၍ မန္ဒာရဝမည်သောနတ်ပန်း ပဒုမ္မာ ကြာပန်း ပင်လယ်ကသစ်ပန်းကို နတ်ပြည်မှဆောင်ခဲ့၍ မြတ်စွာဘုရားအား အလွန်ရိုသေစွာ ပူဇော်၏။

အတ္ထဒဿီ အမည်ရှိသော၊ မဟာမုနိ ဖြစ်တော်မူသော ထိုဗုဒ္ဓသည်လည်း "ဤရသေ့သည် ကမ္ဘာတထောင့်ရှစ်ရာ (၁၁၈ ကမ္ဘာလည်းဟူ) ထက်၌ ဗုဒ္ဓ ဖြစ်လတ္တံ့"ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ စိတ်နှလုံး ရွှင်လန်းထိတ်လန့်ကာ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ရန် ပါရမီအကျင့်ကို ဆောက်တည်၏။

အတ္ထဒဿီ မြတ်စွာဘုရား၏ နေပြည်တော်သည် သောဘဏ အမည်ရှိ၏။ ခမည်းတော် သာဂရ၊ မယ်တော် သုဒဿနာအမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်တသောင်းပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ အမရဂိရိ၊ သုဂိရိနှင့် ဝါဟန ဟူသော မြတ်သော ပြာသာဒ်တို့တည်း။

ကောင်းစွာ တန်ဆာဆင် အပ်ကုန်သော အမျိုးသမီးပေါင်း သုံးသောင်း သုံးထောင်တို့သည် ဝိသာခါ မိဖုရားကို ခြံရံကုန်၏။ သားတော်ကား သေလ အမည်ရှိ၏။

ဇိနသည် နိမိတ်လေးပါးမြင်၍ မြင်းယာဉ်ဖြင့် တောထွက်၏။ မယုတ်မလွန် ရှစ်လပတ်လုံး ဒုက္ကရစရိယာ အားထုတ်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ အဋ္ဌဒသီ အမည်ရှိသော၊ မဟာအခြံအရံရှိသော၊ မဟာဝီရ ဖြစ်သော၊ လူတို့ထက်မြတ်သော ဗုဒ္ဓသည် အနောမ ဥယျာဉ်၌ ဓမ္မစကြာတရား ဟော၏။

အဋ္ဌဒသီ မြတ်စွာဘုရားအား သန္တနှင့် ဥပသန္တ ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကတို့ဖြစ်ကြ၏။ အလုပ် အကျွေး ရဟန်းသည် အဘယ အမည်ရှိ၏။

ဓမ္မာနှင့် သုဓမ္မာ ဘိက္ခုနီ နှစ်ပါးသည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ထို မြတ်စွာဘုရား၏ ဗောဓိကို စကားပင်ဟု ဆိုအပ်၏။

နကုလနှင့် နိသဘ ဥပါသကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ မဏိလာနှင့် သုနန္ဒာ နှစ်ဦးတို့သည် အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာ တူသော ထိုဗုဒ္ဓသည်လည်း အတောင်ရှစ်ဆယ်မြင့်၏။ အင်ကြင်းပင် လပြည့်ဝန်းကဲ့သို့ ဘင့်တယ်၏။

ထိုမြတ်စွာဘုရား၏ ကိုယ်မှ ပြကတေ့ အားဖြင့် ကုဋေအရာ မကသော အရောင်သည် အထက် အောက် အရပ်ဆယ်မျက်နှာသို့ အခါခပ်သိမ်း တယူဇနာတိုင်တိုင် ပြန့်နှံ့၏။

လူတို့၏ ဦးစီးဖြစ်သော၊ အလုံးစုံတို့ထက် မြတ်သော၊ မုနိဖြစ်သော၊ မျက်စိရှိသော ထိုဗုဒ္ဓသည်လည်း အနှစ်တသိန်း ကာလပတ်လုံး လောက၌ တည်တော်မူ၏။

ထိုမြတ်စွာဘုရားသည်လည်း အတုမရှိသော အရောင်ကို ပြတော်မူ၍ နတ်နှင့် တကွသော လောက၌ တင့်တယ်တော်မူပြီး၍ အနိစ္စအဖြစ်သို့ ရောက်၏။ ငြိမ်းသော မီးကဲ့သို့ အစွဲအလမ်းမရှိ ချုပ်ငြိမ်းသွား၏။

အတ္ထဒဿီ မြတ်စွာဘုရားသည် အနုမာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ဓာတ်တော်တို့သည် ထိုထို အရပ်မျက်နှာအဖို့ အားဖြင့် ပြန့်နှံ့၏။

## ဓမ္မဒဿီ

အို သာရိပုတ္တရာ။ ထို မဏ္ဍကမ္ဘာ၌ပင် အခြံအရံများသော ဓမ္မဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၍၊ အမိုက်မှောင်ကိုပယ်၍ နတ်နှင့် တကွသော လောက၌ အလွန် တင့်တယ်တော်မူ၏။

အတုမရှိသော ထိုမြတ်စွာဘုရား၏ ဓမ္မစကြာတရားဟောကြားတော်မူရာ၌ လူ နတ် ပြဟ္မာ ကုဋေတသိန်း ရှေးဦးစွာ ကျွတ်တန်း ဝင်ကြ၏။

ဓမ္မဒဿီ မြတ်စွာဘုရားသည် သဉ္စယ အမည်ရှိသော ရသေ့ကို ဆုံးမတော်မူသောအခါ လူ နတ် ပြဟ္မာ ကုဋေကိုးဆယ် ဒုတိယ အကြိမ် ကျွတ်တန်းဝင်ကြ၏။

သိကြားမင်းသည် ပရိသတ်နှင့် တကွ မြတ်စွာဘုရားထံ ဆည်းကပ်သောအခါ လူ နတ် ပြဟ္မာ ကုဋေရှစ်ဆယ် တတိယအကြိမ် ကျွတ်တန်းဝင်ကြသည်။

နတ်တကာတို့ထက် နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအားလည်း အညစ်အကြေး ကင်းစင်ကုန်ပြီးသော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊သည်းခံခြင်းကျေးဇူးနှင့်ပြည့်စုံကုန်သော ရဟန္တာတို့ အစည်းအဝေး သုံးကြိမ်ဖြစ်၏။

ဓမ္မဒဿီ ဗုဒ္ဓသည် သရဏ နေပြည်တော်၌ ဝါဆိုတော်မူသော အခါ ရဟန္တာ ကုဋေတသိန်း ပထမအကြိမ် စည်းဝေး၏။

အခါတပါး ဗုဒ္ဓသည် နတ်ပြည်မှ လူ့ပြည်သို့ ကြွလာတော်မူသောအခါ တဖန် ဒုတိယအကြိမ် ရဟန္တာကုဋေတရာ စည်းဝေး၏။

အခါတပါးလည်း ဗုဒ္ဓသည် ဓုတင် ကျေးဇူးကို ပြတော်မူသောအခါ တဖန် တတိယအကြိမ် ရဟန္တာကုဋေရှစ်ဆယ် စည်းဝေး၏။

ငါသည် ထိုအခါ အလှူ လက်ဦးပေးဘူးသော သိကြားမင်း ဖြစ်၏။ နတ်၌ဖြစ်သော နံ့သာ ပန်းမာလာ၊ တူရိယာတို့ဖြင့် ဗုဒ္ဓကို ပူဇော်၏။

ထိုဗုဒ္ဓသည်လည်း နတ်တို့အလယ်၌နေ၍ "ဤ သိကြာမင်း သည် ကမ္ဘာပေါင်း တထောင့်ရှစ်ရာ (၁၁၈ ကမ္ဘာလည်း ဟူ) ထက်၌ ဗုဒ္ဓ ဖြစ်လိမ့်မည်"ဟု ဗျာဒိတ် ကြားတော်မူ၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ လွန်စွာ စိတ် ကြည်လင်၏။ အတိုင်းထက်အလွန် ပါရမီ ဆယ်ပါးကို ဖြည့်ရန် အကျင့်ကို ဆောက်တည်၏။

ဓမ္မဒဿီ မြတ်စွာဘုရား၏ မြို့သည် သရဏ အမည်ရှိ၏။ ခမည်းတော်မင်းသည် သရဏ အမည်ရှိ၏။ မယ်တော်သည် သုနန္ဒာ အမည် ရှိ၏။

သူသည် အနှစ်ရှစ်ထောင်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ် နေ၏။ အရဇ၊ ဝိရဇနှင့် သုဒဿန ဟူသော ပြာသာဒ်သုံးဆောင် တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း တသိန်း နှစ်သောင်းသည် ဝိစိကောဋ္ဌ အမည်ရှိသော မိဖုရားအား ခြံရံကြ၏။ သားတော်သည် ပုညဝဒ္ဓန အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်လေးပါးကို မြင်၍ ပြာသာဒ် ယာဉ်ဖြင့် တောထွက်၏။ ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာကျင့်၏။

ပြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ ဓမ္မဒဿီ အမည်ရှိသော၊ မဟာဝီရဖြစ်သော၊ လူတို့ထက်မြတ်သော မြတ်စွာ ဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောကြားတော် မူ၏။

ဓမ္မဒဿီ မြတ်စွာဘုရားအား ပဒုမနှင့် ဖုဿဒေဝ အမည်ရှိ သော ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကတို့ဖြစ်ကြ၏။အလုပ်အ ကျွေးသည် သုနေတ္တ အမည်ရှိ၏။

ခေမာနှင့် သစ္စနာမာ အမည်ရှိသော ဘိက္ခုနီတို့သည် အဂ္ဂ သာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို မျက်နှာ ပန်း(သံသတ်)ပင်ဟု ဆိုအပ်၏။

သုဘဒ္ဒနှင့် ကဋိဿဟ မည်သော ဥပါသကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသားအလုပ်အကျွေးတို့ ဖြစ်ကြ၏။ သာဠိယာ နှင့် ကဋိယာနှစ်ယောက်တို့သည် မြတ်သော အမျိုးသမီး အလုပ် အကျွေးတို့ဖြစ်ကြ၏။

အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာ တူသော ထိုဗုဒ္ဓသည် လည်း အတောင်ရှစ်ဆယ်မြင့်၏။ တသောင်းသော လောက ဓာတ်၌ တန်ခိုးဖြင့် အလွန်တင့်တယ်၏။

ဥပမာ ပင်လုံးကျွတ်ပွင့်သော အင်ကြင်း ပင်မင်းကဲ့သို့ရင်း၊ ကောင်းကင်၌ လျှပ်စစ်နွယ်ကဲ့သို့ရင်း၊ မွန်းတည့်အခါ နေကဲ့သို့ ရင်း ထိုမြတ်စွာဘုရား တင့်တယ်တော်မူ၏။

အတုမရှိသော၊ တန်ခိုးရှိသော၊ မျက်စိရှိသော ထိုမြတ်စွာဘုရားအားလည်း မယုတ်မလွန် သက်တော်ရှိ၏။ အနှစ်တသိန်းပတ်လုံး လောက၌ တည်တော်မူ၏။

အရောင်တော်ကို ပြတော်မူပြီး၍ သာသနာကို အညစ်အကြေးကင်းအောင် ပြုတော်မူပြီး၍ သူသည် ကောင်းကင်၌ လကဲ့သို့ တပည့်သာဝက အပေါင်းနှင့် တကွ ပရိနိဗ္ဗာန်ပြုလေပြီ။

မဟာဝီရဖြစ်တော်မူသော ဓမ္မဒဿီ မြတ်စွာဘုရားသည် ကောသာရမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုတွင် သူ၏ဓာတ်တော်ကို ဌာပနာရာ စေတီသည် သုံးယူဇနာတိုင်တိုင် မြင့်၏။

# သိဒ္ဓတ္ထ

အို သာရိပုတ္တရာ။ ဓမ္မဒဿီ မြတ်စွာဘုရား၏နောက်၌ သိဒ္ဓတ္ထမြတ်စွာဘုရားသည် အလွန်တက်ထွန်းသော နေဝန်းကဲ့သို့ အလုံးစုံသော အမိုက်တိုက်ကို ပယ်ဖျောက်၍ အလွန်တင့်တယ်၏။

သူသည်လည်း သမ္ဗောဓိဉာဏ်သို့ရောက်၍ နတ်နှင့် တကွသော လူအပေါင်းတို့ကို ကယ်တင်လျက် ငြိမ်းအေးအောင် တရားမိုးဖြင့် သွန်းဖြိုး၏။

အတုမရှိသည့် တန်ခိုးရှိသော ထိုမြတ်စွာဘုရားအားလည်း အဘိသမယ သုံးကြိမ်ဖြစ်၏။ ပထမအကြိမ် လူ နတ် ပြဟ္မာ ကုဋေ တသိန်း ကျွတ်တန်းဝင်ကြ၏။

ဘီမတိုင်း၌ တရားစည်ကြီး တီးသောအခါ တဖန် ဒုတိယအကြိမ် လူ နတ် ပြဟ္မာ ကုဋေ ကိုးဆယ်တို့ ကျွတ်တန်းဝင်ကြသည်။

ထိုဗုဒ္ဓသည် မြတ်သော ဝေဘာရပြည်၌ တရားဟောကြားသောအခါ လူ နတ် ပြဟ္မာ ကုဋေ ကိုးဆယ်တို့ တတိယအကြိမ် ကျွတ်တန်းဝင်ကြသည်။

ခြေနှစ်ချောင်းတို့တွင်မြတ်သော ထိုဘုရားအားလည်း အညစ်အကြေးကင်းစင်ကုန်သော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊ သည်း

ခံခြင်းဂုဏ်နှင့်ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ်ဖြစ်၏။

အညစ်အကြေးကင်းစင်ပြီးကုန်သော ရဟန္တာတို့သည် ပထမအကြိမ် ကုဋေတရာ၊ ဒုတိယအကြိမ် ကုဋေကိုးဆယ်၊ တတိယကြိမ် ကုဋေရှစ်ဆယ်စည်းဝေးကြ၏။

ငါသည် ထိုအခါ တန်ခိုးထက်သော၊ သူတပါးတို့ မနှိပ်စက်နိုင်သော၊ အဘိညာဉ်အားကိုဆောင်သော မင်္ဂလ အမည်ရှိသော ရသေ့ဖြစ်၍ ဇမ္ဗုသပြေသီးကိုဆောင်ယူ၍ သိဒ္ဓတ္ထ မြတ်စွာဘုရားအား လှူ၏။ မြတ်စွာဘုရားသည် အလှူခံ၍ ဤသို့သော ဗျာဒိတ်စကားမြွက်ကြား၏။

"ဆံကျစ်ထုံးသော၊ ခိုးခြံသောအကျင့်ရှိသော ဤရသေ့ကိုရှုကြလော့။ သူသည် ဤ သာရကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာ ထက်၌ ဗုဒ္ဓ ဖြစ်လိမ့်မည်"

ထိုမြတ်စွာဘုရား၏ ဗျာဒိတ် စကားကို ကြားရ၍ လွန်စွာစိတ်နှလုံးကြည်လင်ပြီး အတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် အကျင့်ကိုဆောက်တည်၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပြည်သည် ဝေဘာရ အမည်ရှိ၏။ ခမည်းတော်သည် ဥဒေန အမည်ရှိ၏။ မယ်တော်သည် သုဖဿာ အမည်ရှိ၏။

သူသည် အနှစ်တသောင်းတို့ပတ်လုံး ရွှေနန်းအလယ်၌ အုပ်စိုးနေ၏။ ကောက၊ သုပ္ပလနှင့် ကောကနဒ ဟူသော မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း လေးသောင်း ရှစ်ထောင်တို့သည် သောမနဿာမိဖုရားကို ခြံရံကုန်၏။ သားတော်သည် အနုပမ အမည်ရှိ၏။

မြတ်စွာဘုရားသည် နိမိတ်လေးပါးကိုမြင်၍ ရွှေထမ်းစင်ယာဉ်ဖြင့် တော်ထွက်၏။ မယုတ်မလွန် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာ အားထုတ်၏။

ပြဟ္မာမင်း တောင်းပန်အပ်သော၊ စိတ်နှလုံးငြိမ်သက်သော၊ သိဒ္ဓတ္ထအမည်ရှိသော၊ မဟာဝီရဖြစ်တော်မူသော၊ လူတို့ထက်မြတ်သော မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။

သိဒ္ဓတ္ထမြတ်စွာဘုရားအား သမ္ဗလနှင့် သုမိတ္တ ရဟန်း နှစ်ပါးတို့ အဂ္ဂသာဝကတို့ ဖြစ်ကုန်၏။ အလုပ်အကျွေး ရဟန်းသည် ရေဝတ အမည်ရှိ၏။

သီဝလာနှင့် သုရာမာ ဘိက္ခုနီ နှစ်ပါးတို့ အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို မဟာလှေကားပင်ဟု ဆိုအပ်၏။

သုပ္ပိယနှင့် သမုဒ္ဒဥပါသကာ နှစ်ယောက်တို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ဖြစ်ကြ၏။ ရမ္မာနှင့် သုရမ္မာ ဥပါသိကာ နှစ်ယောက်တို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ဖြစ်ကြ၏။

ထိုဗုဒ္ဓသည်လည်း အဖတောင် ခြောက်ဆယ်ဘိုင်တိုင် ကောင်းကင်သို့မြင့်၏။ ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေလည်တိုင်နှင့် တူ၍ လောကဓာတ်တသောင်း၌ တင့်တယ်၏။

အတု မရှိသော ရှေးဘုရားတို့နှင့် သာတူသော၊ အတုမရှိသော၊ တုဘက်ကင်းသော ပုဂ္ဂိုလ်လည်းဖြစ်သော၊ မျက်စိရှိသော ထိုဗုဒ္ဓသည်လည်း အနှစ်တသိန်းပတ်လုံး လောက၌တည်၏။

သူသည် ပြန့်ပြောသောအရောင်ကိုပြပြီး၍ တပည့်သားသာဝကပန်းတို့ဖြင့် ပွင့်လန်းစေပြီး၍ မြတ်သောသမာပတ်ဖြင့် မွေးတူး

စံပယ်စေပြီး၍ တပည့်အပေါင်းနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူ၏။

သိဒ္ဓတ္ထမည်သော၊ မုနိတို့ထက်မြတ်သော ဗုဒ္ဓသည် အနောမာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ထိုတွင် သူ၏ဓာတ်တော်ကို ဌာပနာရာစေတီသည် လေးယူဇနာတိုင်တိုင်မြင့်၏။

အို သာရိပုတ္တရာ။ သိဒ္ဓတ္ထဘုရား၏နောက်၌ အတုမရှိသော၊ အတုမရှိသူဖြစ်သော၊ တန်ခိုးအဆုံးမရှိသော၊ ကျော်စောခြင်း မနှိုင်းယှဉ်နိုင်သော၊ လောက နာယကဖြစ်သော မြတ်စွာဘုရား ပွင့်တော်မူ၏။

အစဉ်သနားတတ်သော၊ မဟာဝီရဖြစ်သော၊ မျက်စိရှိသော ဗုဒ္ဓသည် အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်း တောက်ပလျက် နတ်နှင့်တကွသော လောက၌ ပွင့်၏။

စင်စစ် သူ၏တန်ခိုးသည် အတုမရှိ။ သီလ သမာဓိလည်း အတုမရှိ။ အလုံးစုံသောအရာတို့၌ တဖက်ကမ်းရောက်၍ ဓမ္မစကြာ ဟောတော်မူ၏။

ထိုဗုဒ္ဓသည် တသောင်းသောလောကဓာတ်၌ တရားတော်ကို စင်ကြယ်စွာ သိစေတော်မူ၏။ ပထမအကြိမ် တရားဟောရာ၌ လူ နတ် ဗြဟ္မာ ကုဋေတရာ ကျွတ်တန်းဝင်ကြ၏။

ရောက်လာကုန်သော နတ် လူ တို့ကို အနှောင်အဖွဲ့မှ လွတ်စေသောအခါ လူ နတ် ဗြဟ္မာ ကုဋေကိုးဆယ် ဒုတိယအကြိမ် ကျွတ်တန်းဝင်ကြသည်။ တတိယအကြိမ်မှာ ကုဋေ ခြောက်ဆယ် ရှိ၏။

လောက၏အမြတ်ဆုံး နာယကဖြစ်သောတိဿမြတ်စွာဘုရားအား အညစ်အကြေးကင်းစင်ကုန်သော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ်ဖြစ်၏။

ပထမအကြိမ် ရဟန္တာ တသိန်းစည်းဝေး၏။ ဒုတိယအကြိမ် ရဟန္တာ ကိုးသန်းစည်းဝေး၏။ အညစ်အကြေး ကင်းစင်ကုန်ပြီးသော၊ လွတ်လပ်စွာ ပွင့်ကြကုန်သော ရဟန္တာရှစ်သန်း တတိယအကြိမ် စည်းဝေးကြ၏။

ထိုအခါ ငါသည် သုဇာတ အမည်ရှိသော မင်းဖြစ်၍ ကြီးမြတ်သော စည်းစိမ်ကို စွန့်ပြီး ရသေ့ရဟန်း ပြု၏။

ငါ ရဟန်းအဖြစ်၌ ထင်ရှားလတ်သော် လောက နာယက ပွင့်တော်မူ၏။ ဗုဒ္ဓ အသံကိုကြားရ၍ ငါ့အား နှစ်သက်ခြင်း ဖြစ်၏။

ငါသည် နတ်၌ဖြစ်သော မန္ဒာရဝပန်း၊ ပဒုမ္မာကြာပန်း၊ ပင်လယ် ကသစ်ပန်းကိုယူခဲ့၍ ဘုရားထံ ဆည်းကပ်၏။

နတ်ပြည် စိတ္တလတာ ဥယျာဉ်မှ ငါသည် ထိုပန်းတို့ကိုယူခဲ့၍ ပရိသတ် လေးပါးခြံရံအပ်သော၊ လောက၏မြတ်သော နာယကဖြစ်သော မြတ်စွာဘုရား၏ ဦးခေါင်းထက်၌ ပူဇော်၏။

ထိုဗုဒ္ဓသည်လည်း လူတို့ အလယ်၌နေ၍ "ဤရသေ့သည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဗုဒ္ဓဖြစ်လိမ့်မည်"ဟု ငါ့ကို ဗျာဒိတ်ပေး၏။

ထိုမြတ်စွာ ဘုရား၏ ဗျာဒိတ် စကားကို ကြား၍ လွန်စွာ စိတ်နှလုံး ကြည်လင်ပြီး အတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် အကျင့်ကို ဆောက်တည်၏။

တိဿမြတ်စွာဘုရား၏ နေပြည်တော်သည် ခေမက အမည်ရှိ၏။ ခမည်းတော်မင်းကြီးသည် ဇနသန္ဓ အမည်ရှိ၏။ မယ်တော်သည် ပဒုမာ အမည်ရှိ၏။

သူသည် အနှစ်ခုနစ်ထောင်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ ဂုဟာသေလ၊ နာရိသယနှင့် နိသဘ ဟူ၍ မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီး သုံးသောင်း သုံးထောင်တို့သည် သုဘဒ္ဒာ မိဖုရားကို ခြံရံကုန်၏။ သားတော်သည် အာနန္ဒအမည် ရှိ၏။

မြတ်စွာဘုရားသည် နိမိတ် လေးပါးမြင်၍ မြင်းယာဉ်ဖြင့် တောထွက်၏။ မယုတ်မလွန် ရှစ်လပတ်လုံး ဒုက္ကရစရိယာ အားထုတ်တော်မူ၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ စိတ်နှလုံး ငြိမ်သက်သော၊ လောက၏ မြတ်သော၊ နာယကဖြစ်သော၊ မဟာဝီရဖြစ်သော တိဿမြတ်စွာဘုရားသည် မြတ်သော ယသဝတီမည်သော မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောကြားတော်မူ၏။

တိဿမြတ်စွာဘုရားအားလည်း ဗြဟ္မဒေဝနှင့် ဥဒယ ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကတို့ ဖြစ်ကြ၏။ အလုပ် အကျွေးရဟန်းသည် သမင် အမည်ရှိ၏။

ဖုဿာနှင့် သုဒတ္တာ ဘိက္ခုနီနှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို ပိတောက်ပင်ဟု ဆိုအပ်၏။

သမ္ဗလနှင့် သိရိ ဥပါသကာနှစ်ဦးတို့သည် မြတ်သော အမျိုးသားအလုပ်အကျွေးတို့ဖြစ်ကြ၏။ ကိသာဂေါတမီနှင့် ဥပသေနာ

ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီးအလုပ်အကျွေးတို့ဖြစ်ကြ၏။

အောင်မြင်ပြီးသော၊ ဥပမာ မရှိသော၊တူသူမရှိသော ထိုဗုဒ္ဓသည် အရပ်တော် အတောင်ခြောက်ဆယ်မြင့်၏။ ဟိမဝန္တာ တောင်ကဲ့သို့ ဖူးမြင်ရ၏။

တန်ခိုး အတုမရှိသော၊ မျက်စိရှိသော ထိုဗုဒ္ဓအားလည်း မရှည်လွန်း မတိုလွန်းသော သက်တော်ရှိ၏။ အနှစ်တသိန်း ပတ်လုံး လောက၌တည်၏။

မြင့်မြတ်သော၊ ချီးမွမ်းအပ်သော ထိုမြတ်စွာဘုရားသည် မဟာ အကျော်အစောကို အစဉ်ခံယူတော်မူ၍ မီးလျှံကဲ့သို့ တောက်ပ၍ တပည့်သား သာဝက အပေါင်းနှင့်တကွ ငြိမ်းသွား၏။

လေကြောင့် ငြိမ်းပျောက်သော တိမ်တိုက်ကဲ့သို့ရင်း၊ နေကြောင့် ငြိမ်းပျောက်သော ဆီးနှင်းကဲ့သို့ရင်း၊ ဆီမီးကြောင့် ငြိမ်းပျောက်သော အမိုက်တိုက်ကဲ့သို့ရင်း ထို့အတူ မြတ်စွာဘုရားသည် တပည့်သား သာဝကအပေါင်းနှင့်တကွ ငြိမ်းပျောက်၏။

တိဿ အမည်ရှိသော ဗုဒ္ဓဖြစ်သော မြတ်စွာဘုရားသည် နန္ဒာရာမ၌ ပရိနိဗ္ဗာန် ပြု၏။ ထိုတွင် သူ၏ ဇိနစေတီသည် သုံးယူဇနာ တိုင်တိုင် မြင့်၏။

## ဖုဿ

အို သာရိပုတ္တရာ။ ထိုမဏ္ဍကမ္ဘာ၌သာလျှင် အတုမရှိမြတ်သော၊ ဥပမာ မရှိသော၊ အတုမရှိသော၊ ရှေးဘုရားတို့နှင့်သာတူသော၊ လောက၏ မြတ်သောနာယကဖြစ်သော ဖုဿမြတ်စွာဘုရား ပွင့်၏။

သူသည်လည်း အလုံးစုံသော မောဟကို ပယ်ဖျောက်၍ မဟာအရှုပ်အထွေးကို ဖြေရှင်း၍ နတ်နှင့်တကွသော လူအပေါင်းကို အမြိုက်ရေစင်ဖြင့် ဆွတ်ဖြန်း၏။

ဖုဿ မြတ်စွာဘုရားသည် သင်္ကဿနဂိုရ်ပြည်၌ ဓမ္မစကြာ တရား ဟောတော်မူရာ လူနတ်ပြဟ္မာ ကုဋေတသိန်း ပထမဦးစွာ ကျွတ်တန်းဝင်ကြ၏။

လူနတ်ပြဟ္မာ ကိုးသန်း ဒုတိယအကြိမ် ကျွတ်တန်းဝင်၏။ လူနတ် ပြဟ္မာ ရှစ်သန်း တတိယအကြိမ် ကျွတ်တန်းဝင်၏။

မြတ်သောကျေးဇူးကို ရှာတော်မူပြီးသော ဖုဿမြတ်စွာဘုရားအားလည်း အညစ်အကြေး ကင်းစင်ကုန်သော၊ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်းနှင့်လည်း ပြည့်စုံကုန်သော ရဟန္တာတို့ အစည်းအဝေး သုံးကြိမ် ဖြစ်၏။

ရဟန္တာ ခြောက်သန်းတို့ ရှေးဦးစွာ စည်းဝေးကြ၏။ ရဟန္တာ ငါးသန်းတို့ ဒုတိယ စည်းဝေးကြ၏။ မစွဲလန်းကုန်သော၊ လွတ်

မြောက်ကုန်သော၊ ပဌိသန္ဓေကို ဖြတ်ပြီးကုန်သော ရဟန္တာ လေးသန်းတို့ တတိယ စည်းဝေးကြ၏။

ထိုအခါ ငါသည် ဝိဇိတာဝီမည်သောမင်းဖြစ်၍ တိုင်းပြည်ကိုစွန့်၍ သူ၏ထံ၌ ရဟန်းပြု၏။

ဖုဿ အမည်ရှိသော လောက၏ မြတ်သောနာယကဖြစ်သော ထိုဗုဒ္ဓလည်း "ဤမင်းသည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဗုဒ္ဓ ဖြစ်လိမ့်မည်" ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြား၍ လွန်စွာ စိတ်နှလုံး ကြည်လင်၏။ အတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် အကျင့်ကို ဆောက်တည်၏။

သုတ္တန်၊ ဝိနည်း အလုံးစုံ အင်္ဂါကိုးပါးရှိသော ဗုဒ္ဓသာသနာကို တန်ဆာဆင်၏။

ထိုတွင် မမေ့မလျော့နေလျက် ဗြဟ္မဝိဟာရ ဘာဝနာကို ပွားပြီး၍ အဘိညာဉ်ကမ်းတဖက်သို့ရောက်၍ ငါသည် ဗြဟ္မာ့ပြည်သို့ လားရ၏။

မြတ်သောကျေးဇူးကို ရှာပြီးသော ဖုဿမြတ်စွာဘုရား၏ နေပြည်တော်သည် ကာသိက အမည်ရှိ၏။ ခမည်းတော်သည် ဇယသေန အမည်ရှိ၏။ မယ်တော်သည် သိရိမာ အမည်ရှိ၏။

သူသည် အနှစ်ကိုးထောင်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ ဂရုဠပက္ခ၊ ဟံသပက္ခနှင့် သုဝဏ္ဏပက္ခဟူသော မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း သုံးသောင်းတို့သည် ကိသာဂေါတမီမိဖုရားကို ခြံရံကုန်၏။ သားတော်ကား အနုပမ အမည်ရှိ၏။

ယောက်ျားမြတ်သည် နိမိတ်လေးပါးကိုမြင်၍ ဆင်ယာဉ်ဖြင့် တောထွက်၏။ ခြောက်လပတ်လုံး ဒုက္ကရစရိယာ ကျင့်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ ငြိမ်သက်သော၊ လောက၏ မြတ်သောနာယကဖြစ်သော၊ မဟာဝီရဖြစ်သော၊ လူတို့ထက် မြတ်သော ဖုဿမြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာ တရား ဟောကြား၏။

မြတ်သောကျေးဇူးကို ရှာပြီးသော ဖုဿမြတ်စွာဘုရားအား လည်း သုရက္ခိတနှင့် ဓမ္မသေန ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာ ဝက ဖြစ်ကြ၏။ အလုပ်အကျွေးရဟန်းသည် သဘိယ အမည် ရှိ၏။

စာလာနှင့် ဥပစာလ ဘိက္ခုနီနှစ်ပါးကိုသည် အဂ္ဂသာဝိကာ တို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို ရှစ်ရှား (သျှိသျှား) ပင်ဟု ဆိုအပ်၏။

ဓနဥ္စယနှင့် ဝိသာခ ဥပါသကာနှစ်ဦးတို့သည် မြတ်သော အ မျိုးသား အလုပ်အကျွေး ဖြစ်ကြ၏။ ပဒုမာနှင့် နာဂါ ဥပါသိ ကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေး ဖြစ် ကြ၏။

ထိုမြတ်စွာဘုရားသည်လည်း ငါးဆယ့်ရှစ်တောင် တိုင်တိုင် မြင့်၏။ ရောင်ခြည်တထောင် ဆောင်သော နေမင်းကဲ့သို့ရင်း၊ နက္ခတ် တာရာတို့နှင့် ပြည့်စုံသော လမင်းကဲ့သို့ရင်း တင့် တယ်၏။

ထိုကာလ၌ အနှစ်ကိုးသောင်း သက်တန်းရှိ၏။ ထို မြတ်စွာ ဘုရားသည် ထိုမျှလောက်တည်လျက် များစွာသော လူအပေါင်း တို့ကို သံသရာ ရေအယဉ်မှ ကယ်တင်၏။

အတုမရှိကျော်စောသော ထိုမြတ်စွာဘုရားသည်လည်း များစွာသော သတ္တဝါတို့ကို ဆုံးမတော်မူ၍ များစွာသောလူတို့ကို သံသရာရေအယဉ်မှ ကယ်တင်၍ သူသည် တပည့်သား သာဝကအပေါင်းနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဆရာဖြစ်သော၊ ဖုဿ အမည်ရှိသော မြတ်စွာဘုရားသည် သေနာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ဓာတ်တော်သည် ထိုထိုအရပ်မျက်နှာတို့၌ ပြန့်နှံ၏။

# ၆၆ ဝိပဿီ

အို သာရိပုတ္တရာ။ ဖုဿ မြတ်စွာဘုရား၏ နောက်၌လည်း ခြေနှစ်ချောင်းရှိသူတို့ထက်မြတ်သော၊ ဝိပဿီအမည်ရှိသော၊ မျက်စိရှိသော သမ္ဗုဒ္ဓသည် လောက၌ပွင့်၏။

ထိုမြတ်စွာဘုရားသည် အလုံးစုံသော အဝိဇ္ဇာကို ဖောက်ခွဲ၍ သမ္ဗောဓိသို့ ရောက်လေရာ ဓမ္မစကြာ တရားဟောရန် ဗန္ဓုမတီပြည်သို့ကြွ၏။

နာယကသည် ဓမ္မစကြာတရား ဟောကြားပြီး၍ ညီတော် ခဏ္ဍမင်းသားနှင့် ပုရောဟိတ်၏သား တိဿကို သိမြင်စေ၏။ ထိုအခါ မရေမတွက်နိုင်သောသူတို့ ပဌမအကြိမ် တရားရကြ၏။

အခါတပါး မနှိုင်းယှဉ်နိုင်အောင် ကျော်စောသော မြတ်စွာဘုရားသည် ထိုပြည်၌ သစ္စာကိုပြတော်မူ၏။ ထိုအခါ လူပေါင်း ရှစ်သောင်းလေးထောင် ဒုတိယအကြိမ်တရားရကြ၏။

ဝိပဿီမင်းသား၏ ရှစ်သောင်း လေးထောင်သော အခြံအရံတို့ ရဟန်းပြုကာ သမ္ဗုဒ္ဓနောက်အစဉ်လိုက်ကြ၏။ ရဟန်းဘောင်၌မွေ့လျော်ကြသော ထိုသူတို့အား မျက်စိရှိသော မြတ်စွာဘုရားသည် ဓမ္မတရား ဟောကြား၏။

ထိုသူတို့သည်လည်း ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပဟောကြားသော မြတ်စွာဘုရားထံသို့ ရောက်၍ တရားမြတ်ကို နာကြရာ တတိယမြောက် တရားရကြ၏။

ဝိပဿီမြတ်စွာဘုရားအား အညစ်အကြေး ကင်းစင်ကုန်သော၊ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်းဂုဏ်နှင့်လည်း ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ်ဖြစ်၏။

ရဟန္တာ တသိန်းခြောက်သောင်း ရှစ်ထောင်တို့ ပထမအကြိမ် စည်းဝေးကြ၏။ ရဟန္တာတသိန်းတို့ ဒုတိယအကြိမ် စည်းဝေးကြ၏။ ရဟန္တာ ရှစ်သောင်းတို့ တတိယအကြိမ် စည်းဝေးကြ၏။ ထို ရဟန္တာတို့ အလယ်၌ သမ္ဗုဒ္ဓသည် အလွန်တင့်တယ်၏။

ငါသည် ထိုအခါ၌ ဘုန်း တန်ခိုး ကြီးသော၊ အသရေကို ဆောင်သော၊ အတုလ မည်သော နဂါးမင်းဖြစ်၏။

ထိုအခါ ငါသည် နဂါးပေါင်း ကုဋေများစွာ ခြံရံပြီး နတ်၌ ဖြစ်သော တူရိယာတို့ဖြင့် တီးမှုတ်လျက် လောက၏ ဦးစီးသို့ ချဉ်းကပ်၏။

လောကနာယကဖြစ်သော ဝိပဿီ သမ္ဗုဒ္ဓသို့ ချဉ်းကပ်၍ ပတ္တမြား ပုလဲရတနာတို့ ချယ်စီအပ်သော ရတနာ အလုံးစုံတို့ဖြင့် တန်ဆာဆင်အပ်သော ရွှေအင်းပျဉ်ကို ဓမ္မရာဇာအား ပင့်ဖိတ်၍ ငါလှူခဲ့သည်။

ထိုဗုဒ္ဓသည် သံဃာ့အလယ်၌နေ၍ "ဤကမ္ဘာမှ ကိုးဆယ့် တကမ္ဘာထက်၌ ဤနဂါးမင်းသည် ဗုဒ္ဓဖြစ်လိမ့်မည်ဟု" ငါ့ကို ဗျာဒိတ်ကြား၏။

ငါသည် ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြား၍ အလွန် စိတ်ကြည်လင်၏။ အားတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် ပါရမီအကျင့်ကို ဆောက်တည်၏။

ဝိပဿီမြတ်စွာဘုရား၏ နေပြည်တော်သည် ဗန္ဓုမတီအမည်ရှိ၏။ ခမည်းတော် မင်းကြီးသည် ဗန္ဓုမအမည်ရှိ၏။ မယ်တော်သည် ဗန္ဓုမတီအမည်ရှိ၏။

သူသည် အနှစ်ရှစ်ထောင်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ နန္ဒ၊ သုနန္ဒနှင့် သိရိမာဟူ၍ မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း တသိန်းနှစ်သောင်းတို့သည် သုဒဿနာ မိဖုရားကို ခြံရံကြ၏။ သားတော်သည် သမဝတ္တက္ခန္ဓအမည်ရှိ၏။

မြတ်စွာဇိနသည် နိမိတ်လေးပါးတို့ကိုမြင်၍ ရထားယာဉ်ဖြင့် တောထွက်၏။ မယုတ်မလျော့ ရှစ်လပတ်လုံး ဒုက္ကရစရိယာကျင့်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ စိတ်နှလုံး ငြိမ်သက်သော၊ မဟာဝီရဖြစ်သော၊ လူတို့ထက်မြတ်သော၊ ဝိပဿီအမည်ရှိသော လောကနာယကသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောကြား၏။

ဝိပဿီ မြတ်စွာဘုရားအား ခဏ္ဍနှင့် တိဿအမည်ရှိသော ရဟန်းနှစ်ပါးတို့သည် အဂ္ဂသာဝကတို့ဖြစ်ကုန်၏။ အလုပ်အကျွေးသည် အသောက အမည်ရှိ၏။

စန္ဒာနှင့် စန္ဒမိတ္တာ အမည်ရှိသော ဘိက္ခုနီ နှစ်ပါးတို့သည် အဂ္ဂသာဝိကာတို့ ဖြစ်ကုန်၏။ သူ၏ ဗောဓိကို သခွတ်ပင်ဟု ဆိုအပ်၏။

ဝိပဿီ လောကနာယကသည် အတောင်ရှစ်ဆယ်မြင့်၏။ သူ၏ အရောင်သည် ထက်ဝန်းကျင်မှ ခုနစ်ယူဇနာ အရပ်၌ပြန့်ထွက်၏။

ထိုအခါက သက်တန်း အနှစ်ရှစ်သောင်းရှိ၏။ သူသည် ထိုမျှ လောက်တည်လျက် များစွာသော လူအပေါင်းကို သံသရာရေ အယဉ်မှ ကယ်တင်၏။

များစွာသော နတ်လူတို့အား အနှောင်အဖွဲ့မှ လွတ်စေ၏။ ကြွင်းသော ပုထုဇဉ်တို့ကို လမ်းစဉ်ဟုတ် မဟုတ်ကိုလည်း မိန့် ကြား၏။

အလင်းရောင်ကိုပြပြီး၍ သေခြင်းကင်းရာ မြတ်နိဗ္ဗာန်ကို ပြပြီး ၍ မီးပုံကြီးကဲ့သို့ ထွန်းတောက်ပ၍ သူသည် တပည့်သာဝကတို့ နှင့် အတူတကွ အေးငြိမ်း သွားလေသည်။

တန်ခိုးတော်မြတ် ဘုန်းတော်မြတ် စက်လက္ခဏာပန်းတို့ဖြင့် တန်ဆာဆင်အပ်သော ထိုအလုံးစုံမှာ ကွယ်လေပြီ။ သင်္ခါရတို့ သည် အချည်းအနှီးတို့သာတည်း။

ဗုဒ္ဓဖြစ်သော ဝိပဿီမြတ်စွာဘုရားသည် သုမိတ္တာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုတွင် သူ၏ စေတီသည် ခုနစ်ယူဇနာ တိုင်တိုင်မြင့်၏။

# သိခီ

အို သာရိပုတ္တရာ။ ဝိပဿီ၏နောက်အဖို့၌ သမ္ဗုဒ္ဓဖြစ်သော၊ ခြေနှစ်ချောင်း ရှိသူတို့တွင် မြတ်သော၊ အတုမရှိသော၊ တုဘက်ကင်းသောပုဂ္ဂိုလ်ဖြစ်သော သိခီမြတ်စွာဘုရားပွင့်၏။

သူသည် မာရ်စစ်သည် အပေါင်းကို နှိမ်နင်း၍ မြတ်သော သမ္ဗောဓိသို့ရောက်၏။ သတ္တဝါတို့အား အစဉ်သနားသဖြင့် ဓမ္မစကြာတရား ဟောကြား၏။

သိဒ္ဓိမြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားသောအခါ လူနတ်ဗြဟ္မာ ကုဋေတသိန်း ပထမအကြိမ် အကျွတ်တရားရကြ၏။

အခါတပါး လူတို့ထက်မြတ်သော မြတ်စွာဘုရား ဓမ္မတရား ဟောကြားရာ၌ လူနတ်ဗြဟ္မာ ကုဋေကိုးသောင်း ဒုတိယအကြိမ် တဲရားရကြ၏။

မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ ယမိုက်ပြာဋိဟာပြရာ လူနတ်ဗြဟ္မာ ကုဋေရှစ်သောင်း တတိယအကြိမ်တရားရကြ၏။

မြတ်သောကျေးဇူးကို ရှာတော်မူသော၊ သိဒ္ဓိမြတ်စွာဘုရားအား အညစ်အကြေး ကင်းစင်ကုန်သော၊ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်းကျေးဇူးလည်း ရှိကုန်သော ရဟန္တာတို့ သုံးကြိမ် စည်းဝေးကြ၏။

ရဟန္တာတသိန်း ပဌမအကြိမ် စည်းဝေးကြ၏။ ရဟန္တာ ရှစ်သောင်း ဒုတိယအကြိမ် စည်းဝေးကြ၏။

ရဟန္တာခုနစ်သောင်းတို့ တတိယအကြိမ် စည်းဝေးကြ၏။ ရေ၌ ကောင်းစွာ ကြီးပွားသော ပဒုမ္မာကြာပန်းမှာ ရွံ့ညွံ မလိမ်းကျံ သကဲ့သို့ ထိုအတူ ထိုရဟန္တာတို့သည် လောက၌ မလိမ်းကျံကြကုန်။

ထိုအခါ ငါသည် အရိန္ဒမ အမည်ရှိသောမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာကို ဆွမ်း၊ အဖျော်ယမကာဖြင့် ရောင့်ရဲစေ၏။

ပုဆိုး အကုဋေတို့ဖြင့် မရေတွက်နိုင်သော၊ များမြတ်သော သက်န်းလျာ ပုဆိုးကိုလှူ၍ သမ္ဗုဒ္ဓအား တန်ဆာဆင်အပ်သော ဆင်ယာဉ်ကို ငါလှူခဲ့၏။

ဆင်ယာဉ်ကို ဖလှယ်၍ အပ်သော ဘဏ္ဍာကိုလှူပြီး၍ ငါ၏ စိတ်နှလုံး ပြည့်စုံ၏။ မြတ်စွာဘုရားသို့ မြဲမြံစွာ ဆည်းကပ်ခစား၏။

သိဒ္ဓိ အမည်ရှိသော၊ လောက၏မြတ်သောနာယက ဖြစ်သော ထိုဗုဒ္ဓသည်လည်း "ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဤမင်းသည် ဗုဒ္ဓဖြစ်လိမ့်မည်" ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားသောအခါလည်း လွန်စွာ စိတ်ကြည်လင်၏။ အတိုင်းထက်အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် ပါရမီအကျင့်ကို ဆောက်တည်၏။

သိခီအမည်ရှိသော မြတ်စွာဘုရား၏ နေပြည်တော်သည် အရုဏဝတီ အမည်ရှိ၏။ ခမည်းတော်မင်းသည် အရုဏ အမည်ရှိ၏။ မယ်တော်သည် ပဘာဝတီ အမည်ရှိ၏။

ထိုဗုဒ္ဓသည် အနှစ်ခုနစ်ထောင်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ သုစန္ဒက၊ ဂိရိနှင့် ဝသဘ ဟူသော မြတ်သော ပြာသာဒ် သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း ရှစ်သောင်းတို့သည် သဗ္ဗကာမာ မိဖုရားကို ခြံရံကြ၏။ သားတော်သည် အတုလ အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်ကြီးလေးပါးကိုမြင်၍ ဆင်ယာဉ်ဖြင့် တောထွက်၏။ ရှစ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊ တည်ကြည်ငြိမ်သက်သော၊ မဟာဝီရဖြစ်သော၊ လူတို့ထက် မြတ်သော သိခီ မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟော၏။

မြတ်သော ဂုဏ်ကျေးဇူးကို ရှာတော်မူပြီးသော သိခီ မြတ်စွာဘုရားအားလည်း အဘိဘူနှင့် သမ္ဘဝအမည်ရှိသော ရဟန်းနှစ်ပါးတို့ အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးသည် ခေမင်္ကရ အမည်ရှိ၏။

သခိလာနှင့် ပဒုမာအမည်ရှိသော ဘိက္ခုနီနှစ်ဦးတို့ အဂ္ဂ သာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို သရက်ဖြူပင်ဟု ဆိုအပ်၏။

သိရိဝဍ္ဎနှင့် နန္ဒအမည်ရှိသော ဥပါသကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ စိတ္တာနှင့် သုစိတ္တာအမည်ရှိသော ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော၊ ရွှေတိုင်နှင့် တူသော၊ ယောကျ်ားမြတ် လက္ခဏာ သုံးဆယ့်နှစ်ဖြာနှင့် ပြည့်စုံသော ထိုဗုဒ္ဓသည် အရပ် အတောင်ခုနစ်ဆယ် မြင့်၏။

မြတ်စွာဘုရား၏ ကိုယ်တော်မှ တလံမျှလောက်သော အရောင်တို့သည် နေ့ ညဉ့် ပတ်လုံး မပြတ် အရပ်တိုင်းအရပ်တိုင်း သုံးယူဇနာ ဖြာထွက်ကုန်၏။

အနှစ် ခုနစ်သောင်းပတ်လုံး ထိုမြတ်စွာဘုရား၏ သက်တော်ရှည်၏။ သူသည် ထိုမျှလောက်တည်လျက် လူပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

သူသည် မွေမိုးကို ရွာဖြိုး၍ နတ်လူအပေါင်းကို နိုးကြား သိမြင်စေ၏။ ဘေးအန္တရာယ်အဆုံးသို့ပို့၍ တပည့်သား သာဝက အပေါင်းနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူ၏။

လက္ခဏာငယ်တို့နှင့် ပြည့်စုံသော ဖြည့်ဆည်းပူးသော ပါရမီ အဆောက်အဦတို့ကြောင့် ရသောကိုယ်၌ ကုသိုလ်၏ အကျိုးဖြစ်သောအသရေဖြင့် တင့်တယ်သော လက္ခဏာအလုံးစုံ ကွယ်လေ၏။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့ သာတည်း။

ဗုဒ္ဓဖြစ်သော သိဒ္ဓိဘုရားမြတ်သည် သေတာရာမ၌ ပရိနိဗ္ဗာန် ပြု၏။ ထိုတွင် သူ၏ စေတီတော်မြတ်သည် သုံးယူဇနာတိုင်တိုင် မြင့်၏။

## ဝေဿဘူ

အို သာရိပုတ္တရာ။ ထိုမဏ္ဍကမ္ဘာ၌သာလျှင် အတုမရှိသော၊ တုဘက်ကင်း ပုဂ္ဂိုလ်ဖြစ်သော ဝေဿဘူအမည်ရှိသော ထိုမြတ်စွာဘုရားသည် လောက၌ ပွင့်၏။

အနှောင်အဖွဲ့ကို ဖြတ်၍သွားသော ဆင်ပြောင်ကြီးကဲ့သို့ ရာဂမီး အမြဲတောက်လောင်သော အခါခပ်သိမ်း တဏှာနှိုင်ငံ ဖြစ်သော ဤလောကသုံးပါးကိုဖြတ်၍ မြတ်သော သမ္ဗောဓိသို့ ရောက်၏။

ဝေဿဘူ လောကနာယကသည် ဓမ္မစကြာတရား ဟောကြားရာ လူ နတ် ဗြဟ္မာ ကုဋေရှစ်သောင်း ရှေးဦးစွာ အကျွတ်တရား ရကြသည်။

လောကထက်ကြီးသော မြတ်စွာဘုရားသည် တိုင်း နိုင်ငံ၌ ဒေသစာရီ ကြွချီသောအခါ လူ နတ် ဗြဟ္မာ ကုဋေ ခုနစ်သောင်း ဒုတိယအကြိမ် အကျွတ်တရား ရကြသည်။

ထိုမြတ်စွာဘုရားသည် တသောင်းသော လောကဓာတ်၌ နတ် လူတို့ စည်းဝေးရာ နတ်နှင့်တကွသော လောက၌ များစွာသော အယူဝါဒကို ပယ်ဖျောက်လျက် ယမိုက်ပြာဋိဟာ ပြ၏။ မဖြစ်စဘူး ကြက်သီးမွေးညင်းထသော မဟာအံ့ဘွယ်သရဲကိုမြင်၍ ကုဋေ

ခြောက်ဆယ်သော နတ်လူတို့ တတိယအကြိမ် အကျွတ်တရား ရကြသည်။

ဝေဿဘူ အမည်ရှိသော မြတ်စွာဘုရားအား အညစ်အကြေး ကင်းစင်ကုန်ပြီးသော၊စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေး သုံးကြိမ် ဖြစ်၏။

ရဟန္တာရှစ်သောင်း ရှေးဦးစွာ စည်းဝေးကြ၏။ ရဟန္တာ ခုနစ်သောင်းဒုတိယအကြိမ် စည်းဝေးကြ၏။ဇရာစသော ဘေးကို ကြောက်ကုန်သော မြတ်စွာဘုရားသားတော် ရဟန္တာ ခြောက် သောင်းတို့ တတိယအကြိမ် စည်းဝေးကြ၏။

ထိုအခါငါသည် သုဒဿနအမည်ရှိသော မင်းဖြစ်၍ ဆွမ်း အဖျော်ယမကာ၊ သင်္ကန်းလျာပုဆိုးတို့ဖြင့် ရဟန်း သံဃာနှင့် တကွသော မြတ်စွာဘုရားကို ပူဇော်၏။

ထိုဗုဒ္ဓဟောကြားသော၊ အတုမရှိ မြတ်သောဒေသနာတော် နှင့် မွန်မြတ်သောဓမ္မတရားကို ကြားနာရ၍ ရဟန်း အဖြစ် တောင်းပန်၏။

မဟာဒါနပြု၍ နေ့ညဉ့်ပတ်လုံး မပျင်းမရိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအဖြစ်ကို သိ၍ မြတ်စွာဘုရားထံ၌ ရဟန်းပြု၏။

အကျင့်ဂုဏ်နှင့် ပြည့်စုံသော၊ အကျင့်သီလကို ဖြည့်ခြင်း၌ ကောင်းစွာ ဆောက်တည်သော၊ သဗ္ဗညုတအဖြစ်ကို ရှာသော ငါသည် ဇိနသာသနာ၌ မွေ့လျော်၏။

ကြည်ညိုနှစ်သက်ခြင်းသို့ ရောက်၍ ဗုဒ္ဓကို ရှိခိုး၏။ မြတ်စွာ ဘုရားကို ငါနှစ်သက်ခြင်းသည် ဘုရား ဖြစ်လို သောကြောင့် သာလျှင် ဖြစ်၏။

သမ္ဘုဒ္ဓသည် ငါ၏ မဆုတ်မနစ်သောစိတ်ကို သိ၍ "ဤကမ္ဘာမှ သုံးဆယ့် တကမ္ဘာ ထက်၌ ဤသူ ဗုဒ္ဓ ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား မိန့်ကြားတော် မူ၏။

ထိုမြတ်စွာဘုရား၏ စကားကို ကြားသော အခါလည်း လွန်စွာ စိတ်ကြည်လင်၏။ အတိုင်းထက်အလွန် ပါရမီ ဆယ်ပါးကို ဖြည့်ရန် ပါရမီ အကျင့်ကို ဆောက်တည်၏။

ဝေဿဘူ မြတ်စွာဘုရား၏ နေပြည်တော်သည် အနောမ အမည်ရှိ၏။ ခမည်းတော် မင်းကြီးသည် သုပ္ပတိတ အမည်ရှိ၏။ မယ်တော်သည် ယသဝတီ အမည်ရှိ၏။

ထိုမြတ်စွာဘုရားသည် အနှစ်ခြောက်ထောင်ပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ သုစိ၊ သုရုစိနှင့် ရတိဝဍ္ဎန အမည်ရှိသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာ ဆင်အပ်ကုန်သော အမျိုးသမီးပေါင်း သုံးသောင်းတိတိ သုစိတ္တာ မိဖုရားကို ခြံရံကုန်၏။ သားတော်သည် သုပ္ပဗုဒ္ဓ အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ် လေးပါးကို မြင်၍ ထမ်းစင်ယာဉ်ဖြင့် ထောထွက်၏။ ခြောက်လ ပတ်လုံး ဒုက္ကရစရိယာ ကျင့်၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ တည်ကြည် ငြိမ်သက်သော၊ မဟာဝီရ ဖြစ်သော၊ လူတို့ထက်မြတ်သော ဝေဿဘူ လောကနာယကသည် အရုဏာရာမ၌ ဓမ္မစကြာတရား ဟောကြား၏။

ဝေဿဘူမြတ်စွာဘုရားအား သောဏနှင့် ဥတ္တရ အမည်ရှိသော ရဟန်း နှစ်ပါးတို့ အဂ္ဂသာဝကတို့ ဖြစ်ကြ၏။ အလုပ်အကျွေးသည် ဥပသန္တ အမည်ရှိ၏။

ရာမာနှင့် သမာလာ အမည်ရှိသော ဘိက္ခုနီနှစ်ဦးတို့ အဂ္ဂသာဝိကာတို့ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ ဗောဓိကို မဟာ အင်ကြင်းပင်ဟု ဆိုအပ်၏။

သောတ္ထိနှင့် ရမ္မအမည် ရှိသော ဥပါသကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသားအလုပ်အကျွေးတို့ဖြစ်ကြ၏။ ဂေါတမီနှင့် သိရိမာ အမည်ရှိသော ဥပါသိကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသမီးအလုပ်အကျွေးတို့ ဖြစ်ကြ၏။

ရှေးလည်တိုင်နှင့် တူသော ထိုမြတ်စွာဘုရားသည် အတောင်ခြောက်ဆယ်မြင့်၏။ ကိုယ်မှ အရောင်တို့ ထွက်၏။ ညဥ့်အခါ တောင်ထိပ်၌ မီးလျှံကဲ့သို့တည်း။

ထိုအခါ အနှစ်ခြောက်သောင်း သက်တမ်း ရှိ၏။ မြတ်စွာဘုရားသည် ထိုမျှလောက် တည်လျက် လူပေါင်း များစွာကို သံသရာရေအယဉ်မှ ကယ်တင်ခဲ့၏။

တရားတော်ကို ဖြန့်ချိ၍ လူပေါင်းများစွာကို ဝေဖန်၍ ဓမ္မလှေကို ဩဃလေးပါးမှ ထွက်ရန်ထား၍ ထိုမြတ်စွာဘုရားသည် တပည့်ပေါင်းများစွာနှင့်တကွ ပရိနိဗ္ဗာန်ပြု၏။

ရှုချင်ဘွယ် လူအားလုံးနှင့် အရိယာပုထ် မျှတရာကြောင်းသည် ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာတည်း။

ဆရာဖြစ်သော ဝေဿဘူ မြတ်စွာဘုရားသည် ခေမာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်တို့သည် ထိုထိုအရပ် မျက်နှာအနှံ့အားဖြင့် ပြန့်နှံ့၏။

# ကကုသန္ဓ

အို သာရိပုတ္တရာ။ ဝေဿဘူ၏နောက် ခြေနှစ်ချောင်းတို့ ထက် မြတ်သော မနှိုင်းယှဉ်အပ်သော၊ မလှုပ်မိုးနိုင်သော၊ ကကုသန် အမည်ရှိသော သမ္ဗုဒ္ဓသည် အလုံးစုံသော ဘဝကို နှုတ်ပယ်၍ ပါရမီအစွမ်းဖြင့် ကမ်းတဖက် သို့ ရောက်၏။ ခြင်္သေ့သည် လှောင်ချိုင့်ကို ဖျက်ဆီးသကဲ့သို့ ဘဝကို ဖျက်ဆီးပြီး မြတ်သော သမ္ဗောဓိသို့ရောက်၏။

ကကုသန်အမည်ရှိသော လောကနာယက ဓမ္မစကြာဟော သောအခါ လူနတ်ဗြဟ္မာ ကုဋေလေးသောင်း ရှေးဦးပထမ တရားသိကြ၏။ မြတ်စွာဘုရားသည် အာကာသ ဘောင်းကင်၌ ရေမီးအစုံ အစုံတန်ခိုးဖန်ဆင်သောအခါ ကုဋေသုံးသောင်း တဖန် တရားသိကြ၏။ တဖန် နရဒေဝအမည်ရှိသောဘီလူးအား သစ္စာ လေးပါး ဟောကြားရာမှာ သူ၏ တရားသိသောပရိသတ် ဂဏန်း သင်္ချာအားဖြင့် မရေတွက်နိုင်။

ကကုသန် မြတ်စွာဘုရားအား အညစ်အကြေး ကင်းစင်ကုန် သော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊ သည်းခံခြင်း ကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာတို့ တကြိမ်သာ စည်းဝေးကြ၏။ ထို အခါ အာသဝ အစရှိသော တရား အပေါင်းတို့ ကုန်ရာဖြစ်သော

ယဉ်ကျေးသော မြေသို့ရောက်ကြသော ရဟန္တာ လေးသောင်း စည်းဝေးကြ၏။

ထိုအခါ ငါသည် ခေမ အမည်ရှိသော မင်းဖြစ်၏။ တထာဂတနှင့် ဘုရားသားတော် သံဃာ အပေါင်း၌ အတိုင်းမသိ အလှူပေး၏။ သပိတ်၊ သင်္ကန်း၊ မျက်စဉ်း၊ ပျားမုံ့ဆုပ်ကို လှူ၏။ သူတို့ တောင့်တသော ပစ္စည်းကို အကောင်းဆုံး ပေးလှူ၏။

ကကုသန် အမည် ရှိသော ဝိနာယက ဖြစ်သော ထိုဗုဒ္ဓသည်လည်း "ဤသူသည် ဤဘဒ္ဒကမ္ဘာ၌ ဗုဒ္ဓ ဖြစ်လိမ့်မည်" ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားသောအခါလည်း လွန်စွာ စိတ်ကြည်လင်၏။ အတိုင်းထက် အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် ပါရမီအကျင့်တို့ကို ဆောက်တည်၏။

ထိုမြတ်စွာဘုရား၏ နေပြည်တော်သည် ခေမဝတီ အမည်ရှိ၏။ ငါသည် ထိုအခါ ခေမအမည်ရှိသော မင်းဖြစ်၍ သဗ္ဗညုတဉာဏ်ကို ရှာလျက် သူ၏ထံ၌ ရဟန်းပြု၏။

အဂ္ဂိဒတ္တအမည်ရှိသော ပုဏ္ဏားသည် ကကုသန် အမည်ရှိသော၊ ဆရာဖြစ်သော ဗုဒ္ဓခမည်းတော်ဖြစ်၏။ မယ်တော်သည် ဝိသာခါ အမည်ရှိ၏။

လူတို့ထက်မြတ်သော၊ ချီးမွမ်းအပ်သော၊ ဇာတ်အားဖြင့် မြတ်သော၊ မဟာယသဖြစ်သော သမ္ဗုဒ္ဓ၏ဆွေတော် မျိုးတော်တို့ ထိုခေမဝတီပြည်၌ နေကြ၏။

သူသည် အနှစ်လေးထောင် ပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ ကာမဝဏ္ဏ၊ ကာမသုဒ္ဓိနှင့် ကာမသုခ အမည်ရှိသော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်သော အမျိုးသမီး သုံးသောင်းတို့သည် ဝိရောစနာ (ရောစိနီ)မိဖုရားကို ခြံရံကြ၏။ သားတော်ကား ဥတ္တရ အမည်ရှိ၏။

ဇိနသည် နိမိတ်လေးပါးမြင်၍ ရထားယာဉ်ဖြင့် တောထွက်၏။ ရှစ်လတိတိ ဒုက္ကရစရိယာကျင့်၏။

ဗြဟ္မာမင်း တောင်းပန်အပ်သော၊တည်ကြည် ငြိမ်သက်သော၊ ကကုသန် အမည်ရှိသော၊ မဟာဝီရ ဖြစ်သော၊ လူတို့ထက်မြတ်သော လောက နာယကသည် မိဂဒါဝုန် တော၌ ဓမ္မစကြာ တရား ဟောကြား၏။

ကကုသန်မြတ်စွာဘုရားအား ဝိဓုရနှင့် သဉ္ဇီဝ အမည်ရှိသော ရဟန်းနှစ်ပါးတို့ အဂ္ဂသာဝက ဖြစ်ကြ၏။ အလုပ်အကျွေးရဟန်းကား ဗုဒ္ဓိဇ အမည်ရှိ၏။

သာမာနှင့် စမ္ပာ အမည်ရှိသော ဘိက္ခုနီတို့ အဂ္ဂသာဝိကာ ဖြစ်ကြ၏။ ထိုမြတ်စွာဘုရား၏ဗောဓိကို ကုတ်ကိုပင်ဟု ဆိုအပ်၏။

အစ္စုတနှင့် သုမန အမည်ရှိသော ဥပါသကာတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ နန္ဒာနှင့်သုနန္ဒာ အမည်ရှိသော ဥပါသိကာနှစ်ဦးတို့သည် မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ ဖြစ်ကြ၏။

မဟာမုနိသည် အတောင်လေးဆယ် မြင့်၏။ ထက်ဝန်းကျင် ဆယ့်နှစ် ယူဇနာ တိုင်တိုင် ပြိုးပြိုးပြက်ပြက် ရွှေရောင် ထွက်နေ၏။

ထိုမြတ်စွာဘုရား၏ အသက်သည် အနှစ်လေးသောင်း ရှိ၏။ သူသည် ထိုမျှလောက် တည်လျက် လူပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ၏။

သူသည် နတ်နှင့် တကွသော လောက၌ ယောကျ်ားမိန်းမတို့အား မင်္ဂလာဖိုလ်စသော တရားအထူးရစေရန် ဓမ္မစျေးကြီး တည်ခင်း၍ ခြင်္သေ့သံဟောက်၍ တပည့်သာဝက အပေါင်းနှင့် တကွပရိနိဗ္ဗာန်ပြု၏။

စကားအင်္ဂါရှစ်ဖြာ ပြည့်စုံသော မြတ်စွာဘုရားသည်၎င်း၊ အစဉ်မပြတ် မကြွား မပျောက်သော ရဟန္တာတို့သည်၎င်း၊ ဤအလုံးစုံတို့ ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာတည်း။

ကကုသန်အမည်ရှိသော ဘုရားမြတ်သည် ခေမာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ထိုတွင် သူ၏ စေတီသည် တဂါဝုတ် တိုင်တိုင် ကောင်းကင်သို့ မြင့်တက်၏။

# ကောနာဂမန

အိုသာရိပုတ္တရာ။ ကကုသန်၏နောက် သမ္ဗုဒ္ဓဖြစ်သော၊ ခြေနှစ်ချောင်းတို့ထက် မြတ်သော၊ လောက၏ အကြီးအကဲ ဖြစ်သော၊ လူကိုထက် မြတ်သော၊ ကောနာဂုံအမည်ရှိသော ဇိနပွင့်၏။

ထိုမြတ်စွာဘုရားသည် ပါရမီ သပ[illegible]ါးကို ဖြည့်ကျင့် ပြီး၍ ကန္တာရကို လွန်မြောက်၏။ အလုံးစုံသော အညစ်အကြေးကို မျှော၍ မြတ်သော သမ္ဗောဓိသို့ ရောက်၏။

ကောနာဂုံနာယကသည် ဓမ္မစကြာတရားဟောရာ၌ လူနတ်ပြဟ္မာကုဋေသုံးသောင်း ရှေးဦးစွာ လွတ်မြောက်ကြ၏။

မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာ ပြုလျက် တပါးသော အယူဝါဒကို နှိမ်နင်းရာ၌ ကုဋေနှစ်သောင်း ဒုတိယ အကြိမ် လွတ်မြောက်ကြ၏။

ထိုနောက် ဇိနသည် တန်ခိုး ဖန်ဆင်း၍ နတ်ပြည်သို့ ကြွတော်မူ၏။ ထိုနတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ထက်၌ သမ္ဗုဒ္ဓနေတော်မူ၏။

မုနိသည် အဘိဓမ္မာခုနှစ်ကျမ်းကို ဟောလျက် ထိုတွင် ဝါဆို၏။ ထိုအခါ ကုဋေတသောင်း တတိယ အကြိမ် လွတ်မြောက်ကြ၏။

နတ်ထက်နတ်ဖြစ်သော ထိုမြတ်စွာဘုရားအားလည်း အညစ်အကြေးကင်းကုန်သော၊ စိတ်နှလုံး ငြိမ်သက်ကုန်သော၊ သည်းခံခြင်း ဂုဏ်ကျေးဇူးရှိကုန်သော ရဟန္တာတို့ တကြိမ် စည်းဝေးကြ၏။

ဩဃတို့ကို လွန်ကုန်သော၊ သေမင်းကိုလည်း ဖျက်ဆီးပြီးကုန်သော ရဟန္တာ သုံးသောင်းတို့ စည်းဝေးကြ၏။

ထိုအခါ ငါသည် အဆွေခင်ပွန်းတို့နှင့် ပြည့်စုံသော ပဗ္ဗတ အမည်ရှိသော မင်းဖြစ်၍ အတိုင်းမသိ ဗိုလ်ပါအင်အားရှိ၏။

ငါသည် သမ္ဗုဒ္ဓကို ဖူးရန်သွား၍ ဓမ္မတရားကို နာကြားပြီး ဘုရားနှင့်တကွ သံဃာကို ပင့်ဖိတ်ကာ စိတ်တိုင်းကျ ပေးလှူ၏။

ပတ္တုဏ္ဏာတိုင်းဖြစ်၊ စိန့်တိုင်းဖြစ် ပိုးထည် ကမ္ဗလာ၊ ရွှေခြေနင်းတို့ကို ဘုရားနှင့် သံဃာအား ပေးလှူ၏။

ထိုဗုဒ္ဓလည်း သံဃာ့အလယ်၌ နေ၍ "ဤဘဒ္ဒကမ္ဘာ၌ ဤသူသည် ဗုဒ္ဓဖြစ်လိမ့်မည်"ဟု ငါ့ကို ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ် စကားကို ကြားသော အခါလည်း လွန်စွာစိတ်ကြည်လင်၏။ အတိုင်းထက် အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် ပါရမီ အကျင့်ကို ဆောက်တည်၏။

သဗ္ဗညုတဉာဏ်ကို ရှာလျက် မြတ်စွာဘုရားအား အလှူလှူ၍ ထိုမဟာ စည်းစိမ်ကို စွန့်ပြီး မြတ်စွာ ဘုရားထံ၌ ရဟန်းပြု၏။

ကောနာဂုံ၏ နေပြည်တော်သည် သောဘဝတီ အမည်ရှိ၏။ မင်းသည် သောဘအမည်ရှိ၏။ ထိုနေပြည်၌ သမ္ဗုဒ္ဓ၏ မဟာဆွေမျိုးတို့ နေကြ၏။

ယညဒတ္တအမည်ရှိသော ထိုပုဏ္ဏားလည်း ကောနာဂုံ အမည်ရှိသော၊ ဆရာဖြစ်သော ဗုဒ္ဓ၏ ခမည်းတော်ဖြစ်၏။ မယ်တော်သည် ဥတ္တရာ အမည်ရှိ၏။

သူသည် အနှစ်သုံးထောင် ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ တုသိတ၊ သန္တုသတနှင့် သန္တုဋ္ဌ အမည်ရှိသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာ ဆင်အပ်ကုန်သော အမျိုးသမီးပေါင်း တသောင်းခြောက်ထောင်ငါးတိတိ ရုစိဂတ္တာ မိဖုရားကို ဝန်းရံကုန်၏။ သားတော်ကား သတ္တဝါဟ အမည်ရှိ၏။

ယောကျာ်းမြတ်သည် နိမိတ်လေးပါးမြင်၍ ဆင်ယာဉ်ဖြင့် တောထွက်၏။ ခြောက်လပတ်လုံး ဒုက္ကရစရိယာ ကျင့်၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ တည်ကြည်ငြိမ်သက်သော၊ မဟာဝီရဖြစ်သော၊ လူတို့ထက်မြတ်သော ကောနာဂုံ နာယကသည် မိဂဒါဝုန်၌ ဓမ္မစကြာတရား ဟောကြား၏။

ကောနာဂုံ မြတ်စွာဘုရားအား ဘိယျောသနှင့် ဥတ္တရအမည်ရှိသော ရဟန်းနှစ်ပါးတို့ အဂ္ဂသာဝက ဖြစ်ကြ၏။ အလုပ် အကျွေး ရဟန်းသည် သောတ္ထိဇ အမည်ရှိ၏။

သမုဒ္ဒါနှင့် ဥတ္တရာအမည်ရှိသော ဘိက္ခုနီနှစ်ပါးတို့ အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ ထိုမြတ်စွာ ဘုရား၏ ဗောဓိကို ရေသဖန်းပင် ဟု ဆိုအပ်၏။

ဥဂ္ဂနှင့် သောမဒေဝအမည်ရှိသော ဥပါသကာ နှစ်ဦးတို့သည် မြတ်သော အမျိုးသား အလုပ်အကျွေးတို့ ဖြစ်ကြ၏။ သီဝလာနှင့် သာမာအမည်ရှိသော ဥပါသိကာနှစ်ဦးတို့ မြတ်သော အမျိုးသမီးအလုပ်အကျွေးတို့ ဖြစ်ကြ၏။

ထိုဗုဒ္ဓသည် အရပ်အတောင်သုံးဆယ်မြင့်၏။ လုံထဲကန္ဒြေကဲ့သို့ အရောင်တို့ဖြင့် တန်းဆာဆင်၏။

ထိုအခါ၌ ဗုဒ္ဓ၏အသက်သည် အနှစ်သုံးသောင်း ပတ်လုံး တည်၏။ သူသည် လူပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်၏။

ထိုမြတ်စွာဘုရားသည် ဓမ္မပုဆိုးဖြင့် တန်ဆာ ဆင်အပ်သော ဓမ္မပန်းစည်းကို ပြုပြီး ဓမ္မစေတီ ကောင်းစွာတည်၍ တပည့်သာဝက အပေါင်းနှင့်တကွ ပရိနိဗ္ဗာန်ပြု၏။

မဟာပြန့်ပြောခြင်းသို့ ရောက်သော သိရိဓမ္မကိုပြသော ထို ဘုရားနှင့် သူ၏ သာဝက အလုံးစုံ ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အချည်းနှီးတို့သာတည်း။

ကောနာဂုံဗုဒ္ဓသည် ပဗ္ဗတာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ ဓာတ်တော်သည် ထိုထိုအရပ်မျက်နှာသို့ ပြန့်နှံ့၏။

## ကဿပ

အို သာရိပုတ္တရာ။ ကောနာဂုံ၏နောက် ခြေနှစ်ချောင်းတို့ထက် မြတ်သော၊ ကဿပအမည်ရှိသော၊ ဓမ္မရာဇာဖြစ်သော၊ အရောင်ထွန်းပသော သမ္ဗုဒ္ဓပွင့်၏။

မဟာပုရိသသည် များစွာသော ထမင်း အဖျော် ဘောဇဉ် အလှူကို ယာစကာတို့ကို ပေးလှူပြီး၍ ဆွေမျိုးတို့၏ နန်းတော်ကို စွန့်လွှတ်၏။ နွားလားဥဿဘသည် နွားခြံကို ဖျက်ဆီးသကဲ့သို့ စိတ်ကိုဖြည့်၍ မြတ်သော သမ္ဗောဓိသို့ ရောက်၏။

ကဿပအမည်ရှိသော လောကနာယက ဓမ္မစကြာတရား ဟောကြားရာ၌ လူနတ်ပြဟ္မာကုဋေနှစ်သောင်း ရှေးဦးစွာ လွတ်မြောက်ကြ၏။

ဗုဒ္ဓသည် လေးလပတ်လုံး လောက၌ ဒေသစာရီ ကြွချီသော အခါ ကုဋေတသောင်း ဒုတိယ အကြိမ် လွတ်မြောက်ကြ၏။

ရေမီးအစုံအစုံ တန်ခိုးဖန်ဆင်း၍ ဥာဏ်ဓာတ်ကို မိန့်ကြားသောအခါ ကုဋေငါးထောင် တတိယ အကြိမ် လွတ်မြောက်ကြ၏။

ဇိနသည် နှလုံးမွေ့လျော်ဘွယ် ရှိသော နတ်ပြည် သုမေဓာသဘင်၌ ဓမ္မတရားဟောကြားသောအခါ နတ်ပေါင်း ကုဋေ သုံးထောင် သိမြင်ကြ၏။

အခါတပါး နရဒေဝအမည်ရှိသော ဘီလူးအား ဓမ္မတရားဟောကြားရာ၌ အကျွတ်တရားရသူတို့သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်။

နတ်ထက်နတ်ဖြစ်သော ထိုမြတ်စွာဘုရား အားလည်း အညစ်အကြေးကင်းကုန်သော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊ သည်းခံခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာတို့ တကြိမ်စည်းဝေး၏။

ထိုအခါ ရှက်ကြောက်သောအလေ့ကြောင့် သည်းခံခြင်း ဂုဏ်ကျေးဇူးရှိကုန်သော၊ ဘဝကို ကျော်လွန်ကုန်သော ရဟန္တာနှစ်သောင်းတို့ စည်းဝေးကြ၏။

ငါသည် ထိုအခါ ဇောတိပါလ ဟူ၍ ကျော်စောသော၊ သရဇ္ဈာယ်သော၊မန္တရားကို ဆောင်သော၊ ဝေဒသုံးပုံတို့၏ ကမ်းတဖက်သို့ရောက်သော လုလင်ဖြစ်၏။

ငါသည် လက္ခဏာကျမ်း၊ ဣတိဟာသကျမ်း မိမိ၏ ဓမ္မတရား၌ ကမ်းတဖက်သို့ ရောက်၏။ မြေအပြင် ကောင်းကင်တို့၌ လိမ်မာ၏။ ဝိဇ္ဇာပညာကို လေ့လာ၏။စိတ်ထင်တိုင်း ပေါက်၏။

ကဿပမြတ်စွာဘုရား၏ အလုပ် အကျွေးလည်း ဖြစ်သော၊ အလွန်ရိုသေ ကျိုးနွံသော တတိယမြောက်ဖိုလ်ကြောင့် တဏှာငြိမ်းပြီးသော ဃဋိကာရမည်သော အိုးထိန်းသည်ရှိ၏။

ဃဋိကာရသည် ငါ့ကိုခေါ်၍ ကဿပဇိနသို့ ဆည်းကပ်၏။ ငါသည် ထိုမြတ်စွာဘုရား၏ တရားကို နာကြား၍ သူ၏ထံ၌ ရဟန်းပြု၏။

ငါသည် ကြိုးစားအားထုတ်၍ ဝတ်ကြီးဝတ်ငယ်တို့၌ ကျွမ်းကျင်စွာ တရံတဆစ်မျှ မယုတ်မူ၍ ဇိနသာသနာကို ဖြည့်၏။

ဗုဒ္ဓဟောကြားတော်မူသော အလုံးစုံ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမကို သင်ကြား၍ ဇိနသာသနာကို တင့်တယ်စေ၏။

ထိုဗုဒ္ဓသည်လည်း ငါ၏ အံ့ဩဘွယ်ကို မြင်၍ "ဤဘဒ္ဒကမ္ဘာ၌ ဤသူသည် ဗုဒ္ဓဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ကြား၏။

ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားသောအခါလည်း လွန်စွာ စိတ်ကြည်လင်၏။ အတိုင်းထက် အလွန် ပါရမီဆယ်ပါးကို ဖြည့်ရန် ပါရမီ အကျင့်ကို ဆောက်တည်၏။

ဤသို့ ငါသည် ကျင်လည်၍၊ လွန်ကျူး၍၊ မကျင့်အပ်သည်ကို ဝေးစွာရှောင်ကြဉ်၍ ငါ့အား ဗောဓိ အကြောင်းကြောင့်သာ ခက်ခဲစွာကျင့်၏။

ကဿပ မြတ်စွာဘုရား၏ နေပြည်တော်သည် ဗာရာဏသီ အမည်ရှိ၏။ မင်းသည် ကိကီ အမည်ရှိ၏။ ထိုပြည်၌ သမ္ဗုဒ္ဓ၏ မဟာဆွေမျိုးများ နေ၏။

ဗြဟ္မဒတ္တအမည်ရှိသော ထိုပုဏ္ဏားသည်လည်း ကဿပအမည်ရှိသော မဟာကျေးဇူးကို ရှာပြီးသော ဗုဒ္ဓ၏ ခမည်းတော် ဖြစ်၏။ မယ်တော်သည် ဓနဝတီ အမည်ရှိ၏။

ထိုမြတ်စွာ ဘုရားသည် အနှစ် နှစ်ထောင် ပတ်လုံး ရွှေနန်း အလယ်၌ စိုးအုပ်နေ၏။ ဟံသ၊ ယသနှင့် သိရိနန္ဒအမည်ရှိသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးပေါင်း လေးသောင်း ရှစ်ထောင်တို့သည် သုနန္ဒာမိဖုရားကို ခြံရံကြ၏။ သားတော်ကား ဝိဇိတသေန အမည်ရှိ၏။

ယောကျ်ားမြတ်သည် နိမိတ်လေးပါးကို မြင်၍ ပြာသာဒ်ယာဉ်ဖြင့် တောထွက်၏။ ခုနှစ်ရက် ပတ်လုံး ဒုက္ကရစရိယာကျင့်၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ တည်ကြည်ငြိမ်သက်သော၊ မဟာဝီရဖြစ်သော၊ လူတို့ထက်မြတ်သော၊ ကဿပအမည်ရှိသော လောကနာယကသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောကြား၏။

ကဿပမြတ်စွာဘုရားအား တိဿနှင့် ဘာရဒွာဇ အမည်ရှိသော ဘိက္ခုနှစ်ဦးတို့ အဂ္ဂသာဝကတို့ ဖြစ်ကြ၏။အလုပ်အကျွေး ရဟန်းကား သဗ္ဗမိတ္တ အမည်ရှိ၏။

အနုလာနှင့် ဥရုဝေလာ အမည်ရှိသော ဘိက္ခုနီနှစ်ဦးတို့ အဂ္ဂသာဝိကာတို့ ဖြစ်ကြ၏။ထိုမြတ်စွာ ဘုရား၏ ဗောဓိကား ပညောင်ပင်ဟု ဆိုအပ်၏။

သုမင်္ဂလနှင့် ဃဋိကာရ အမည်ရှိသော ဥပါသကာ နှစ်ဦးတို့ မြတ်သော အမျိုးသားအလုပ်အကျွေးတို့ ဖြစ်ကြ၏။ ဝိဇိတသေနာနှင့် သုဘဒ္ဒာအမည်ရှိသော ဥပါသိကာ နှစ်ဦးတို့ မြတ်သော အမျိုးသမီး အလုပ်အကျွေးတို့ဖြစ်ကြ၏။

ထိုဗုဒ္ဓသည် အရပ်အတောင်နှစ်ဆယ် မြင့်၏။ ကောင်းကင်၌ လျှပ်စစ်နွယ်ကဲ့သို့ရင်း၊ ကြယ်တာရာတို့ ခြံရံသော လ ကဲ့သို့ရင်း တင့်တယ်၏။

ထိုမြတ်စွာဘုရား၏ အသက်သည် အနှစ်နှစ်သောင်း ပတ်လုံး တည်၏။ ထိုမျှတည်သော သူသည် လူပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်၏။

ထိုမြတ်စွာဘုရားသည် ဓမ္မရေကန်ကို ဖန်ဆင်း၍ သီလ နံ့သာ ပေး၏။ တရားပုဆိုး ဝတ်စေ၏။ ဓမ္မပန်းမာလာကို ဝေငှ၏။

လူအများ ရှေ့၌ ကြည်လင်သော ဓမ္မကြေးမုံကို ထား၍ နိဗ္ဗာန်ကို တောင့်တသူ အချို့သည် ငါ၏ တန်ဆာကို မြင်စေ သတည်း။

သီလသင်တိုင်း ဈာန်ချပ် မိန်ညိုကို ပေး၏။ ဓမ္မသားရေနယ် ကို ရုံစေ၏။ မြတ်သော ဝိရိယချပ်ကို ပေး၏။

သတိကာကို ပေး၏။ ထက်သော ဉာဏ်လှံတံနှင့် မြတ်သော ဓမ္မသံလျက်ကို သီလအရှုပ်အထွေးနှိမ်ရန်ပေး၏။

ဖိုလ်လေးပါးကို နားတန်ဆာပြု၍ ဝိဇ္ဇာသုံးပါး တန်ဆာကို ပေး၏။ ဓမ္မပန်းမာလာကို ပန်စရာလုပ်၍ အဘိညာဉ်ခြောက်ပါး တန်ဆာကို ပေး၏။

မကောင်းမှုကို တားမြစ်တတ်သော သူတော်ကောင်းတရား ထီးဖြူကို ပေး၍ သတ္တဝါ တို့အား ဘေးမရှိရာသို့ ပို့ပေးသော မြတ်စွာဘုရားသည် တပည့်သာဝက အပေါင်းနှင့်တကွ ပရိနိဗ္ဗာန် ပြု၏။

မနိုင်းယှဉ်နိုင်သော၊ သူတပါးတို့မလွှမ်းမိုးနိုင်သော၊ မြတ်စွာ ဘုရား ကောင်းစွာဟောကြားအပ်သော၊ လာလှည့် ရှုလှည့်ဟု ဆိုထိုက်သော၊ ဓမ္မတရား အကျင့်လည်းကောင်း၍ အသ လည်းမရှိ သောသံဃာတို့ အလုံးစုံ ကွယ်လေပြီ။ အလုံးစုံသော သင်္ခါရတို့ သည် အချည်းနှီးသာတည်း။

မဟာကဿပအမည်ရှိသော၊ ဇိနပြစ်သော ဆရာသည် တော ဗျာရာမ၌ ပရိနိဗ္ဗာန်ပြု၏။ တို့ ၌ သူ၏ ဝိနည်းတော်သည် တိုင်တိုင်မြင့်၏။

## ဂေါတမ

အို သာရိပုတ္တရာ။ ယခုအခါ သကျတို့၏ နှလုံးကို ပွားစေတတ်သော၊ ဂေါတအမည်ရှိသော သမုဒ္ဒဖြစ်သော ငါသည် ဒုက္ကရစရိယာကျင့်၍ သမ္ဗောဓိသို့ ရောက်ခဲ့၏။

ဗြဟ္မာမင်းတောင်းပန်အပ်သော၊ ငြိမ်သက်သော၊ ငါ့ဓမ္မစကြာတရားဟောသောအခါ လူနတ်ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေ ရှေးဦးစွာ အသိတရားရကြ၏။

ထို့နောက် အခါတပါး နတ်လူတို့ အစည်းအဝေး၌ မင်္ဂလသုတ်ဟောသောအခါ ဒုတိယမြောက် အသိတရားရကြသော အရေအတွက်မှာ မဆိုအပ် ဖြစ်လိမ့်မည်။

ဤတွင် ငါ၏သားတော်ကို ဆုံးမသော အခါ နတ် လူတို့အား မရေတွက်နိုင်သော တတိယမြောက် အသိတရားရကြခြင်း ဖြစ်လိမ့်မည်။

ငါ့အား မြတ်သော ကျေးဇူးကို ရှာမှီးကုန်သော သာဝကတို့၏ အစည်းအဝေးမှာ တကြိမ်သာ ဖြစ်၏။ ထိုအစည်းအဝေး၌ ရဟန်းပေါင်း တထောင့်နှစ်ရာ့ ငါးဆယ် စည်းဝေးကြ၏။

တင့်တယ်သော၊ သန့်ရှင်းစင်ကြယ်သော၊ အလယ်လမ်းကိုလိုက်သောငါလည်း ရဟန်းသံဃာအား ခပ်သိမ်းသော အလိုကို ပေးသော ပတ္တမြားကဲ့သို့ တောင့်တအပ်သော အရာကို ပေး၏။

ငါသည် အကျိုးဖလကို အလိုရှိကုန်သော၊ ဘဝကို ပယ်လိုကုန်သော သတ္တဝါတို့အား အစဉ် သနားသဖြင့် သစ္စာလေးပါးကို ပြ၏။

သစ္စာလေးပါးကို ပြရာ၌ တရားသိမြင်သူ တယောက် နှစ်ယောက် တသောင်း နှစ်သောင်းဟု ဂဏန်းသင်္ချာ အားဖြင့် မရေမတွက်နိုင်။

ဤတွင် သကျမုနိဖြစ်သော ငါ၏ သာသနာသည် အခါခပ်သိမ်း ပြန့်နှံ့မည်။ လူအများ သိကြမည်။ ပြည့်စုံဝပြော ပွင့်လင်းမည်။ ကောင်းစွာ စင်ကြယ်မည်။

အာသဝေါကင်းကုန်သော၊ ရာဂကင်းကုန်သော၊ စိတ်နှလုံးငြိမ်သက်ကုန်သော၊ တည်ကြည်ကုန်သော၊အရာမကသော ရဟန်းအလုံးစုံ အခါခါခပ်သိမ်း ငါ့ကို ခြံရံကြမည်။

ယခုအခါ အရဟတ္တဖိုလ် မရောက်မူ၍ သေက္ခအဖြစ်ဖြင့် လူ့ဘဝကို စွန့်သော ရဟန်းတို့ကို ပညာရှိများ ကဲ့ရဲ့ ကြလိမ့်မည်။

အရိယာအဖြစ်ကိုလည်း နှစ်သက်၊ အခါခါခပ်သိမ်း ဓမ္မတရား၌လည်း မွေ့လျော်၍ သတိရှိသူတို့သည် သံသရာကို ကူးခပ်၍ သိမြင်ကြမည်။

ငါ၏ နေပြည်တော်သည် ကပိလဝတ် အမည် ရှိ၏။ ခမည်းတော်မင်းသည် သုဒ္ဓေါဒန အမည်ရှိ၏။ မယ်တော်သည် မာယာဒေဝီအမည်ရှိ၏။

ငါသည် နှစ်ဆယ့်ကိုးနှစ်ပတ်လုံး ရွှေနန်းအလယ်၌ စိုးအုပ်နေ၏။ ရမ္မ၊ သုရမ္မနှင့် သုဘအမည်ရှိသော မြတ်သော ပြာသာဒ်သုံးဆောင်တို့တည်း။

ကောင်းစွာ တန်ဆာ ဆင်အပ်ကုန်သော အမျိုးသမီးပေါင်း လေးသောင်းတို့သည် ဘဒ္ဒကစ္စနာ မိဖုရားကို ခြံရံကုန်၏။ သားတော်ကား ရာဟုလ အမည်ရှိ၏။

ငါသည် နိမိတ်လေးပါးကို မြင်၍ မြင်းယာဉ်ဖြင့် တောထွက်၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်၏။

အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သော ငါသည် ဂေါတမ သမ္ဗုဒ္ဓဖြစ်၍ ဗာရာဏသီပြည် ဣသိပတနတော၌ ဓမ္မစကြာကို ဟော၏။

ကောလိတနှင့် ဥပတိဿအမည်ရှိသော ဘိက္ခုနှစ်ဦးတို့ အဂ္ဂသာဝက ဖြစ်ကြ၏။ ငါ၏ ထံ၌ အလုပ်အကျွေးသည် အာနန္ဒ ဖြစ်လိမ့်မည်။

ခေမာနှင့် ဥပ္ပလဝဏ္ဏာ အမည် ရှိသော ဘိက္ခုနီ နှစ်ဦးတို့ အဂ္ဂသာဝိကာဖြစ်ကြ၏။ စိတ္တနှင့် ဟတ္ထာဠဝက အမည်ရှိသော ဥပါသကာနှစ်ဦးသည် မြတ်သော အမျိုးသားအလုပ်အကျွေးတို့ ဖြစ်ကြ၏။

နန္ဒမာတာနှင့် ဥတ္တရာအမည်ရှိသော ဥပါသိကာ နှစ်ဦးသည် မြတ်သော အမျိုးသမီး အလုပ် အကျွေးတို့ ဖြစ်ကြ၏။ ငါသည် ညောင်ဗုဒ္ဓဟေပင်၌ သမ္ဗောဓိသို့ ရောက်၏။

ငါ၏ ကိုယ်မှ တလံမျှလောက်သော အရောင်တို့သည် အမြဲထွက်နေ၏။ ငါသည် တဆယ့်ရှစ်တောင် မြင့်၏။ ယခုအခါ အနည်းဆုံး သက်တမ်းတရာရှိ၏။

ငါသည် ထိုမျှလောက်တည်လျက် သတ္တဝါအများကို သံသရာရေအယဉ်မှ ကယ်တင်၏။ သိမြင်မည့် နောက်လူ အပေါင်းကိုလည်း တရားဆီမီးထွန်းပြ၏။ ငါသည်လည်း မကြာမြင့်မီ သာဝက သံဃာအပေါင်းနှင့်တကွ မီးစာကုန်၍ ငြိမ်းသော မီးကဲ့သို့ အစွဲအလမ်း မရှိသောကြောင့် ချုပ်ငြိမ်းလိမ့်မည်။

ထိုအတုမဲ့ တန်ခိုး၊ ဤအခြံအရံ အင်အား၊ တန်ခိုးဣဒ္ဓိ သုံးဆယ့်နှစ်ပါးသော မြတ်သော လက္ခဏာတို့ဖြင့် ဆန်းကြယ်သော ဤဂုဏ်ကို ဆောင်သော ကိုယ်နှင့် ရောင်ခြည်တော်ခြောက်ပါး၊ ထိုအလုံးစုံသည် ရောင်ခြည်တထောင်ဆောင်သော နေမင်းကဲ့သို့ ထွန်းလင်းတောက်ပ၍ ကွယ်လိမ့်မည်။

# နိဂုံး

# ကမ္ဘာ

ဤကမ္ဘာမှ ကုဋေတို့ဖြင့် မရေတွက်အပ်သော ကမ္ဘာ၌ သမ္ဗုဒ္ဓဖြစ်သော တဏှင်္ကရ၊ မေဓင်္ကရတို့ပြင် သရဏင်္ကရ၊ ဒီပင်္ကရဟူ၍ ဝိနာယက ဖြစ်သော လေးဆူသော ထိုဇိနတို့၊ ကမ္ဘာတခု၌ ပွင့်ကြ၏။

ဒီပင်္ကရ၏ နောက်၌ ကောဏ္ဍညအမည်ရှိသော နာယကတဆူတည်းသာ ကမ္ဘာတခု၌ ပွင့်၍ လူပေါင်းများစွာကို သံသရာ ရေအယဉ်မှ ကယ်တင်၏။

ဒီပင်္ကရ၊ ကောဏ္ဍည ထိုဘုရား နှစ်ဆူအကြား၌ ကမ္ဘာတို့သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်။

ကောဏ္ဍည၏နောက် မင်္ဂလအမည်ရှိသော လောက နာယက ပွင့်၏။ ထိုဘုရားနှစ်ဆူခြား၌လည်း ကမ္ဘာတို့သည် ဂဏန်းသင်္ချာ အားဖြင့် မရေထွက်နိုင်။

မျက်စိရှိကုန်သော၊ အရောင်တောက်ပ ကုန်သော၊ မုနိဖြစ်ကုန်သော မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ ဟူသော ထိုဗုဒ္ဓတို့လည်း ကမ္ဘာတခု၌ ပွင့်ကြ၏။

သောဘိတ၏ နောက် မဟာ အခြံအရံ ကျော်စော ခြင်းရှိသော အနောမဒဿီ ပွင့်၏။ ထိုဘုရားနှစ်ဆူတို့၏ အကြား၌လည်း ကမ္ဘာတို့သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်။

နာယက ဖြစ်သော၊ မုနိဖြစ်သော အနောမဒဿီ၊ ပဒုမ၊ နာရဒ ဟူ၍ အမိုက်မှောင်၏ အဆုံး ဖြစ်ကုန်သော ထိုဗုဒ္ဓတို့သည်လည်း ကမ္ဘာတခု၌ ပွင့်ကြ၏။

နာရဒ၏ နောက် ပဒုမုတ္တရအမည်ရှိသောနာယကသည် ကမ္ဘာတခု၌ ပွင့်၏။ ထိုဇိနသည် လူပေါင်းများစွာကို သံသရာရေယဉ်မှ ကယ်တင်၏။

နာရဒနှင့်ပဒုမုတ္တရ၏ အကြား၌ ကမ္ဘာ တို့သည် ဂဏန်း သင်္ချာအားဖြင့် မရေတွက်နိုင်။

ကမ္ဘာတသိန်းအထက်၌ လောကကို သိသော၊အဝေးမှဆောင်ခဲ့သော၊ အလျှုဝတ္ထုကို ခံထိုက်သော၊ ပဒုမုတ္တရ အမည် ရှိသော မဟာမုနိ တဆူတည်းပွင့်၏။

ပဒုမုတ္တရ၏ နောက် ကမ္ဘာသုံးသောင်းထက်၌ သုမေဓနှင့် သုဇာတဟူသော နာယက နှစ်ဆူပွင့်ကြ၏။

ကမ္ဘာပေါင်း တထောင့်ရှစ်ရာထက်၌ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ ဟူသော နာယကသုံးဆူတို့ပွင့်ကြ၏။

သမ္ဗုဒ္ဓဖြစ်သော၊ ခြေနှစ်ချောင်းတို့ထက်မြတ်သော၊ သုဇာတ၏ နောက် တကမ္ဘာ၌ သမ္ဗုဒ္ဓ ဖြစ်သော၊ အတုမဲ့ ပုဂ္ဂိုလ်ဖြစ်သော ထိုဘုရားသုံးဆူတို့ ပွင့်ကြ၏။

ဤကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ လောကကို သိသော၊ ဆူးငြောင့်ကို နှုတ်သော၊ အတုမရှိသော သိဒ္ဓတ္ထ အမည်ရှိသော မဟာမုနိတဆူတည်းပွင့်၏။

ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သမ္မာသမ္ဗုဒ္ဓဖြစ်သော၊ အတုမရှိသော၊ အတုမဲ့ ပုဂ္ဂိုလ်ဖြစ်သော တိဿနှင့် ဖုဿ အမည်ရှိသော နာယက နှစ်ဆူတို့ ပွင့်ကြ၏။

ဤကမ္ဘာမှ ကိုးဆယ့်ကိုး တကမ္ဘာထက်၌ ဝိပဿီ အမည်ရှိသော နာယက ပွင့်၏။ ကရုဏာအရှင်ဖြစ်သော ထိုဗုဒ္ဓသည်လည်း သတ္တဝါတို့ကို အနှောင်အဖွဲ့မှ လွှတ်၏။

ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သိခီနှင့် ဝေဿဘူ ဟူကုန်သော အတုမရှိသော၊ အတုမဲ့ ပုဂ္ဂိုလ်ဖြစ်သော နာယကနှစ်ဆူ ပွင့်ကြ၏။

ဤကမ္ဘာ၌ ကကုသန်၊ ကောနာဂုံ၊ ကဿပ ဟူသော နာယက သုံးဆူတို့ ပွင့်ကြ၏။

ယခုအခါ သမ္မာသမ္ဗုဒ္ဓဖြစ်သော ငါ ပွင့်၏။ မေတ္တေယျလည်း ပွင့်လိမ့်မည်။ ထိုဗုဒ္ဓ ငါးဆူတို့သည် တည်ကြည်ကုန်၏။ လောကကို သနားကုန်၏။

ထို ဓမ္မရာဇာတို့၏ တပါးကုန်သော၊ ကုဋေ အရာမကသော သူတို့အား ထိုခရီးကို ညွှန်ကြားပြီး၍ ထိုမြတ်စွာဘုရားသည် သာဝကအပေါင်းနှင့် တကွ ပရိနိဗ္ဗာန် ပြုလေပြီ။

သုညနှင့် အသုည ဟူ၍ ကမ္ဘာ၏ အမည်နှစ်မျိုးရှိ၏။ အသုည ကမ္ဘာသည် ငါးပါးအပြားရှိ၏။ ကြွင်းသော ကမ္ဘာတို့သည် သုည မည်ကုန်၏။

ကမ္ဘာသည် သာရ၊ မဏ္ဍ၊ ဝရ၊ သာရမဏ္ဍနှင့် ဘဒ္ဒဟူ၍ ငါးပါး အပြားရှိ၏။ သုညကမ္ဘာ၌ မရေတွက်အပ်။ ကမ္ဘာငါးမျိုးသည် အသုည မည်၏။

သာရကမ္ဘာ၌ ဗုဒ္ဓတဆူ၊ မဏ္ဍကမ္ဘာ၌ နှစ်ဆူ၊ ဝရကမ္ဘာ၌ သုံးဆူ၊ သာရမဏ္ဍကမ္ဘာ၌ လေးဆူ၊ ဘဒ္ဒကမ္ဘာ၌ ငါးဆူ ပွင့်၏။ ထိုထက်လွန်သော ဇိနမရှိ။

သမ္ဗုဒ္ဓဖြစ်သော၊ ခြေနှစ်ချောင်းတို့ထက်မြတ်သော၊ တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ၊ ဒီပင်္ကရ၊ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ပိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောနာဂုံ၊ ကဿပ ဤ နှစ်ကျိပ်ခုနစ်ဆူသော ဗုဒ္ဓတို့ ပွင့်ကြ၏။ မဟာမောဟကို ပယ်ဖျောက်ပြီးကုန်သော ထိုဗုဒ္ဓတို့သည် မီးပုံကြီးကဲ့သို့ ထွန်းလင်းတောက်ပ၍ သာဝကတို့နှင့် တကွ ပရိနိဗ္ဗာန် ပြုကြလေပြီ။

# ဓာတုဝိဘဇ္ဇန

မဟာဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြု၏။ ဓာတ်တော်တို့သည် ထိုထို အရပ်မျက်နှာအဖို့အားဖြင့် ပြန့်နှံ့၏။

ဓာတ်တော်တစုသည် အဇာတသတ်မင်း၏ ရာဇဂြိုဟ်၌၊ တစုသည် ဝေသာလီ၌၊ တစုသည် ကပိလဝတ်၌၊ တစုသည် အလ္လကပ္ပတိုင်း၌၊ တစုသည် ရာမဂါမ၌၊ တစုသည် ဝေဋ္ဌဒီပကတိုင်း၌၊ တစုသည် မလ္လတိုင်း ပါဝေယျကပြည်၌၊ တစုသည် ကုသိနာရုံ၌ ဤသို့လျှင် ဓာတ်တော်တို့သည် တိုခုနှစ်ပြည်ထောင်တို့ ပူဇော်သော စေတီ၌ တည်လေကုန်၏။

ဒေါဏ အမည်ရှိသော ပုဏ္ဏားသည် ဓာတ်တော်ခြင်သော အိုးကို ပူဇော်ရန် စေတီတည်၏။ မောရိယတို့သည် မီးသွေးကို နှစ်သက်စွာယူ၍ ပူဇော်ရန် စေတီတည်ကြ၏။

သရီရစေတီမှာ ရှစ်ဆူသာတည်း။ အိုးစေတီသည် ကိုးခုမြောက်ဖြစ်၍ မီးသွေးစေတီသည် ဆယ်ခုမြောက် ဖြစ်၏။

နဖူးသင်းကျစ်တဆူ၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးနှစ်ဆူ ဤဓာတ်တော် ခုနစ်ဆူတို့သည် မပျက်မကွဲသော အသံဘိန္န မည်ကုန်

၏။ ကြွင်းသော ဓာတ်တော် တဆယ့်ခြောက်ကွမ်းစားတို့သည် ပြိုကွဲသော သံဘိန္န မည်ကုန်၏။

အကြီးဆုံးဓာတ်တော်မှာ ပဲနောက်စေ့ ပမာဏရှိ၏။ အလတ်ဓာတ်တော်မှာ ဆန်ကျိုးစေ့ ပမာဏရှိ၏။ အငယ်ဆုံး ဓာတ်တော်မှာ မုန်ညင်းစေ့ပမာဏ ရှိ၏။ ဓာတ်တော်တို့သည် အရောင် အဆင်းလည်း အမျိုးမျိုးရှိကြ၏။

အကြီးဆုံးဓာတ်တော်သည် ရွှေအဆင်းရှိ၏။ အလတ် ဓာတ်တော်သည် ပုလဲအဆင်းရှိ၏။ အငယ်ဆုံး ဓာတ်တော်သည် ချင်းရုံးစေ့အဆင်းရှိ၏။

အကြီးဆုံးဓာတ်တော် ငါးကွမ်းစား(ပြည်)၊ အလတ် ဓာတ်တော်လည်း ငါးကွမ်းစားရှိ၍၊ အငယ်ဆုံး ဓာတ်တော်တို့မှာ ခြောက်ကွမ်းစားရှိကြ၏။ အလုံးစုံသော ထိုဓာတ်တော်တို့သည် တဆယ့်ခြောက်ပြည်(ကွမ်းစား)ရှိ၏။

နဖူးသင်းကျစ်တော်ကို သီဟိုဠ်ကျွန်း၌ မဟာစေတီ တည်၏။ ပြဟ္မာ့ပြည်၌လည်း လက်ဝဲညှပ်ရိုးကို စေတီတည်၏။ သီဟိုဠ်၌ လက်ယာညှပ်ရိုးကို စေတီ တည်၏။ အလုံးစုံသော ဓာတ်တော်တို့ကို စေတီ တည်ကုန်၏။

စွယ်တော်တဆူသည် တာဝတိံသာနည်ပြည်၌၊ စွယ်တော် တဆူသည် နာဂပြည်၌၊ စွယ်တော်တဆူသည် ဂန္ဓာလရာဇ်၌၊ စွယ်တော်တဆူသည် ကလိင်္ဂရာဇ်မင်းတို့ နိုင်ငံ၌ အပူဇော်ခံ၏။

သွားတော်လေးဆယ်နှင့် ဆံပင်မွေးညင်းတို့ကို အချင်း ခပ်သိမ်း တဆူစီ စကြာဝဠာ အဆင့်ဆင့်တိုင်အောင် နတ်ဒေဝါသို့ ပင့်ဆောင်ကြ၏။

ခါးပန်းကြိုးကို ပါဋ္ဌလိပုတ်ပြည်၊ ရေသနုပ်ကို စမ္မာပြည်၊ ဥဏ္ဏာလုံမွေးရှင်ကို ကောသလတိုင်း၌ စေတီတည်၏။

ဝတ်လဲပုဆိုးကို ဗြဟ္မာ့ပြည်၊ ဦးရစ်ပေါင်းတော်ကို တာဝတိံသာနတ်ပြည်၌ စေတီ တည်၏။ ကျောက်ဖျာ၌ တည်သော ခြေတော်ရာတို့မှာ ရွေ့ခြင်း မရှိချေ။

မြတ်စွာဘုရား၏ နိသီဒိုင်ကို အဝန္တိတိုင်း၌၊ အိပ်ရာလွှမ်းကို ဒေဝရဋ္ဌပြည်၌၊ မီးပွတ်ခုန်ကို မိမိလာပြည်၌၊ ရေစစ်ကို ဝိဒေဟတိုင်း၌၊ ပဲခွပ်အပ်ကျည်ကို ဣန္ဒပတ္ထပြည်၌ စေတီဘည်၏။

ကြွင်းကျန်သော မြတ်စွာဘုရား၏ အသုံးအဆောင် ပရိက္ခရာတို့ကို အပရန္တတိုင်း ဇနပုဒ်၌ လူတို့ပူဇော်ရန် စေတီတည်ကြ၏။

ဂေါတမမြတ်စွာဘုရား ဓာတ်တော်တို့မှာ ပြန့်နှံ့ကုန်၏။ သတ္တဝါတို့အား အစဉ်သနားသဖြင့် အသက်ထင်ရှား ရှိစဉ်အခါ ကရုဏာဖြင့် ညွှတ်ခြင်းဖြစ်လေသည်။

## ထွက်ပြီး စာပလွေ စာစဉ်

| | | | |
|---|---|---|---|
| (၁) | အမေပြောသော ပုံ | (ဦးသော်ဇင်) | ၂ ကျပ် |
| (၂) | ရာဇဝင်ကျော် စစ်သည်တော် | ( " ) | ၃ ကျပ် |
| *(၃) | မိလိန္ဒပဥှာ ဘာသာပြန် | ( " ) | ၃ ကျပ် |
| (၄) | ဓမ္မပဒ ဘာသာပြန် | ( " ) | ၃ " |
| *(၅) | မဃဒေဝအဘိဓာန် | ( " ) | ၅ " |
| (၆) | မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ | ( " ) | ၅ " |
| (၇) | မဟာဗုဒ္ဓဝင် | ( " ) | ၂ " |

[တမျိုးလျှင်အနည်းဆုံး (၃) အုပ်မှ အထက် မှာယူပါလျှင် ရာခိုင်နှုန်း ၂၅ လျော့၍ ဗွီ ပီ ပီ ဖြင့်ပို့ပေးပါသည်။ ]

## ထွက်မည့် စာပလွေ စာစဉ်

(၁) စွယ်စုံကျော်ထင် (ဦးသော်ဇင်)

(၂) ကရုဏာရှင်ဗုဒ္ဓ (Compassionate Buddha) (မောင်မောင်သွင်)

(၃) မြန်စွာဘုရား၏ ဉဒါန်းစကားများ (ဦးသော်ဇင်)

(၄) ခေတ်သစ်ကမ္ဘာတည်ဆောက်သူများ (မြစ်ငယ် ကြည်ဟန်နှင့် မောင်မောင်သွင်)

(၅) ကမ္ဘာပေါ်ရှိ ဘာသာတရားများ၏ သမိုင်းချုပ် (ကိုလတ်)

# မြတ်စွာဘုရား၏
# ဥဒါန်းစကားများ
## ဦးသော်ဇင်

ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲခြင်းကြောင့် ရွှင်လန်းဝမ်းမြောက်သောစကားသည် လူကြီးလူကောင်းတို့၏ နှုတ်ဖျားမှ တခါတခါ ထွက်ပေါ်သွား၏။ ထိုစကားကို ဥဒါန – ဥဒါန်းဟု ခေါ်ကြ၏။

ဤစာအုပ်တွင် ဗုဒ္ဓမြတ်စွာ၏ ဤကဲ့သို့သော ဥဒါန်းများကို ပေါင်းစုထား၏။ ဥဒါန်းစကား ဝါကျတို့၏ ရှေ့တွင် ဝတ္ထုဇာတ်လမ်းများနှင့် အကြောင်း အရာများကို ဖော်ပြထား၏။ ယင်းဇာတ်လမ်းများပေါ် အမှီပြုပြီး စကားဝါကျ ဖြစ်ပေါ်လာခြင်းကြောင့် လွန်စွာ စိတ်ဝင်စားဘွယ် ကောင်း၏။ ဗုဒ္ဓ၏ လှပသော သင်္ခမ်းစာများနှင့် ဆက်စပ်နေ၏။

စိတ်ဝင်စားဘွယ် ပုံပြင်များကိုလည်း၊ ဗုဒ္ဓမြတ်စွာ၏ သင်္ခမ်းစာ များကိုလည်း ကြည်နူးဘွယ်ရာ ဖတ်ရှုရမည်။

**မကြာမီထုတ်ဝေပါမည်။**

ဝာ ပ လွေ

# ကရုဏာရှင်ဗုဒ္ဓ

## မောင်မောင်သွင် | မြန်မာပြန်သည် |

ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓဘာ၀ဖြစ်စဉ်နှင့်တကွ ဗုဒ္ဓဟောကြားခဲ့သော ဗုဒ္ဓတရားများသည် ကမ္ဘာ အရပ်ရပ်တွင် ဘာသာပေါင်းစုံဖြင့် ကျမ်းပေါင်းစုံ ပြန့်ပွားလျက်ရှိသည်။

ယင်းသို့ ပြန့်ပွားလျက်ရှိသော ကျမ်းပေါင်းစုံမှ အဆီအနှစ်များကို ထုတ်နုတ်၍ ပါမောက္ခ Edwin A Burtt က သူ၏ "ကရုဏာရှင် ဗုဒ္ဓ၏ ဟောကြားချက်များ" (The Teachings of The Compassionate Buddha )အမည်ရှိ စာအုပ်တွင်စုပေါင်း တင်ပြထားသည်။

ယင်းသို့ တင်ပြထားချက်များကို မြန်မာပြန်ထားသည်ဖြစ်၍ ကမ္ဘာတွင် ပြန့်နှံ့နေသော ဗုဒ္ဓစာပေကို မြန်မာစာဖတ် ပရိသတ် လေ့လာ အကဲခပ်နိုင်သည်။

စာပလွေ့

စိတ်ရှုလေ့လာရန် ခဲယဉ်းသော၊ မလွယ်ကူသော
အခွင့်မကြုံနိုင်သော၊ လွယ်ကူ၍ အခွင့်ကြုံနိုင်ငြား
ရုတ်ချည်း သဘောမပေါက်နိုင်သော နားမလည်နိုင်သော
အင်မတန် လေးနက်၍ ခန့်ညားသည့်

# ပိဋကတ် သုံးပုံ-နှင့်
# ယင်း၏ အဆီအနှစ်ကို

လူတိုင်း အလွယ်တကူ နားလည်နိုင်အောင်၊ လူတိုင်း အလွယ်တကူ
သဘောပေါက်နိုင်အောင်၊ လူတိုင်းအလွယ်တကူလေ့လာနိုင်အောင်
ထုတ်နုတ်ဖွင့်ဆို၍ ရှင်းလင်းအံ့သော စာအုပ်ထူး

# ဝိမုတ္တိရသ

## [လွတ်မြောက်ကြောင်းအရသာ]

## ဦးသော်ဇင်

ထို့ပြင် ဗုဒ္ဓ၏ ဝိမုတ္တိရသ မည်သော လွတ်
မြောက်ခြင်း၏ အရသာ အနက် အဓိပ္ပာယ်ကို
အိန္ဒိယမှ ကမ္ဘာကျော် ဒဿနိက ဆရာကြီးများ၏
ဒဿန (ဖိလိုဆိုဖီ) ပေါင်း ၆၄ မျိုးဖြင့်လည်း
နှိုင်းယှဉ်ထားပေသေးရာ
လူသားတိုင်း၏ နောက်ဆုံးလိုလားချက်
(သို့မဟုတ်)
လူ့ဘဝအတွက် မွန်မြတ်သော ခံယူချက်ကို
လွယ်လင့်တကူ သဘောပေါက်လာချိမ့်မည်။

ပုဂံစာအုပ်တိုက်မှ ထုတ်ဝေမည်